www.burmeseclassic.com

ပိုးမိုးစာပေ

လွမ်းရိပ်ပြာ

design : bo bo htoon

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၁၅၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၁၆၀၉၀၇

ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်။


အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

အဖုံးဒီဇိုင်း - ဘိုဘိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

မြူတိမ်တို့ ကင်းစင်လျက်ရှိသော ကောင်းကင်သည် ဒီနေ့အဖို့ အထူးသာယာကြည်လင်နေသည်။ ကြည်လင်သာယာသော ကောင်းကင်အောက်မှာ ပြာရဲ့ကြည်စင်သော ပင်လယ်ပြင်ကြီးက လှိုင်းခေါင်းဖြူတို့ တလုန်းလုန်း ရိုက်ခတ်လျက်ရှိနေ၏။

"ကြည့်စမ်း…သိပ်ကိုသာယာလှပတဲ့ ရှုခင်းပဲ"

ပင်လယ်ရေပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသော လတ်ဆတ်အေးမြသည့် လေတို့ကို သူမ အားပါးတရ ရှူရှိုက်ရင်း အပြုံးလေးဖြင့် တစ်ယောက်တည်း ပြောလိုက်မိသည်။

ပင်လယ်၏ ဟိုအဝေးတစ်နေရာမှာ ငါးပုစွန်ဖမ်းသော စက်လှေတစ်စီး နှစ်စီးကိုတွေ့ရသည်။ တချို့က လှိုင်းကြီးထဲမှာ လှေငယ်လေးတွေနှင့် သူတို့ကို ကြည့်ပြီး သူမမှာ ကြားထဲက အသည်းယားမိ၏။

အင်းလေ…ကျွမ်းကျင်ရာ လိမ္မာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ချက် ခပ်ပြင်းပြင်း တိုက်ခိုက်လိုက်သော လေကြောင့် သူမ၏ နက်မှောင်သော ဆံနွယ်များ လွင့်ခနဲ ကြွပြန့်လို့ သူမ၏ အဖြူရောင် ဝတ်စုံကလည်း လေထဲမှာ တဖျပ်ဖျပ်ခါနေသေးသည်။

သူမ၏ ပန်းနုရောင် မျက်နှာလေးမှာ ခါတိုင်းနေ့တွေထက် ပိုလှနေတာအမှန်။

လက်ထဲမှာ နှင်းပါးစွာမှာထားသော အဖြူရောင်နှင်းဆီပန်းစည်းကို လှပသောလက်ချောင်းလေးများဖြင့် ရွရွလေးကိုင်ထားသေး၏။

"လှလိုက်တာ သတို့သမီးလေး တစ်ယောက်လိုပဲ"

ပင်လယ်ချောင်းစပ်သို့ ဆင်းလာသော လူတချို့က သူမကိုကြည့်ကာ ထိုသို့မှတ်ချက်ချ၏။ ထိုမှတ်ချက်ချသံကြောင့် သူမ၏ လှပသော ပန်းနုရောင်နှုတ်ခမ်းလေး ပြုံးသွားသည်။

ရှင်တို့ထင်တာ မလွဲပါဘူး။

ဒီနေ့အဖို့ ကျွန်မက သတို့သမီးလေး တစ်ယောက်ပဲဟာ။

အဟင်း...မကြာခင် သူရောက်လာတော့မည်မဟုတ်လား။ သူမတို့နှစ်ဦးရဲ့ဘဝကို ဒီကမ်းခြေမှာ စတင်မည်လေ။



ကဲ...ဘယ်လောက် ရင်ခုန်စရာကောင်းလဲနော်။ အတွေးဖြင့် သူမက စိတ်ထဲလှိုက်ကာ ပျော်ရွှင်လာရ၏။

"ကိုယ်...ဒီနေ့လေယာဉ်နဲ့ လိုက်ခဲ့မယ် မို၊ ရန်ကုန်နဲ့ သံတွဲ လေယာဉ်စီးတာ လေးဆယ့်ငါးမိနစ်ပဲရှိပါတယ်၊ ဆယ့်နှစ်နာရီဆိုရင် မိုဆီကို ကိုယ်ရောက်နေပြီ"

အမှန်တော့ မနေ့ကတည်းက ဒီကို သူနဲ့သူမတို့ အတူလာဖို့ဖြစ်၏။ သို့သော် လေယာဉ်လက်မှတ်ခံပြီးကာမှ သူ့တွင် အလုပ်ပေါ်လာတာကြောင့် သူမတစ်ယောက်တည်းသွားဖို့ အကြောင်းဖန်လာခြင်းဖြစ်သည်။

ထို့ကြောင့် သူက ဒီနေ့မှ လိုက်လာမည်ဖြစ်၏။

"မို အရင်သွားနှင့်ပါ၊ ငပလီကမ်းခြေမှာ သတို့သမီးလေး မိုက မောင့်ကို လှပစွာစောင့်နေပေါ့"

သူမကို ချစ်မြတ်နိုးသော မျက်လုံးတို့ဖြင့် ကြည့်ပြီး သူပြုံး၍ ပြောလာ၏။ သူမသက်ပြင်းလေး ကြိတ်ကာချလိုက်သည်။

"မောင်...မနက်ဖြန် တကယ်လာမှာလားဟင်"

"ဘယ်လိုမေးလိုက်တာလဲ မိုရယ်၊ ဒီအစီအစဉ်ဟာ မောင်ကိုယ်တိုင် ရွေးချယ်ခဲ့တာပဲ၊ မောင်နဲ့ မိုတို့ရဲ့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို အလှန်လှပတဲ့ ပေလီကမ်းခြေမှာ အတူစတင်ဖို့ မောင် ဆုံးဖြတ်ခဲ့တာလေ။

မီ့နဲ့ အတူနေဖို့ မောင် ဘယ်လောက်တောင် ကြိုးစားခဲ့ရ တယ်ဆိုတာ မီ သိသင့်ပါတယ်"

သူက ဒီလိုပြောလာတော့လည်း သူမ ယုံကြည်သွားရ၏။ ထို့ကြောင့် သူ့မျက်နှာကို တည်ငြိမ်လှပသော မျက်လုံးလေးဖြင့် ကြည့်လိုက်မိ၏။

"ကောင်းပြီလေ၊ မီ၊ ပေလီကနေ မောင့်ကို စောင့်နေပါ့ မယ်၊ မနက်ဖြန်တော့ မောင်တစ်ယောက် မီ့ဆီကို သေချာပေါက် ရောက်လာမယ်လို့ ယုံကြည်ထားပါ့မယ်"

"စိတ်ချပါဗျာ…မနက်ဖြန်မှာ ဘယ်လိုကိစ္စမျိုးပဲရှိပါစေ မီ့ဆီ မောင် ရောက်အောင်လာခဲ့မှာပါ၊ ဒီတစ်ခါတော့ မောင်လေ မီ့နဲ့ အလွဲမခံနိုင်တော့ပါဘူးကွယ်"

"မောင်ရယ်"

သူ့ရဲ့ကတိကို သူမ ယုံကြည်စိတ်ချစွာဖြင့် ဒီကမ်းခြေမှာ တစ်ယောက်တည်း စောင့်နေခြင်းပါ။

"မောင်နဲ့မီ့တို့ရဲ့ မင်္ဂလာပွဲမှာ ဘယ်သူမှ ပါဝင်စရာမလို





ဘူး မီ၊ ကောင်းကင်ပြာပြာ ပင်လယ်ပြာပြာကို သက်သေထားပြီး မောင်နဲ့မီ့ရဲ့ ဘဝကို အတူစတင်ကြမယ်"

"မီကတော့ မောင့်သဘောအတိုင်းပါပဲကွယ်"

သူက လူတစ်မျိုး။ လောကကြီးထဲမှာ ရှိနေသည့် လူတွေ နှင့် အနည်းငယ် ဆန့်ကျင်ချင်၏။ သူမှန်တယ်ထင်ရာကို တစွတ် ထိုးလုပ်တတ်သော ခေါင်းမာတတ်သည့် စိတ်မျိုးရှိပြီး ဟန်ဆောင် တတ်သော လောကကြီးနှင့် ခပ်ဝေးဝေးနေလိုသည်။

မောင့်သွင်ပြင်က ယောကျ်ားပီသစွာ ကြံ့ခိုင်ပြီး အပေါ်ယံ မာကြောဟန်ရှိပေမယ့် တကယ်တမ်း သူ့နှလုံးသားက အင်မတန် ပျော့ပျောင်းနူးညံ့တာ သူမအသိဆုံးမဟုတ်လား။

အထူးသဖြင့် မောင်သည် အားနည်းသူတွေကို ကူညီတတ် သော စိတ်နှလုံးကောင်း ရှိနေခြင်းဖြစ်၏။ ထို့ကြောင့်လည်း မောင်နဲ့ သူမတို့ စတင်ဆုံစည်းခဲ့ခြင်းဖြစ်သည်။

"စည်သူမောင်ကို ရှင်ဘာကြောင့်ချစ်တာလဲ မြယွန်းမီ"

သူမ၏မိတ်ဆွေတချို့က ထိုသို့မေးကြလျှင် လှပသော နှုတ်ခမ်းလေး ပြုံးလျက်…

"မောင့်စိတ်ကိုပေါ့၊ မောင့်စိတ်က သိပ်မြင့်မြတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…တို့ကြားရသလောက်တော့ စည်သူမောင်ဟာ လူဆိုးတစ်ယောက်ပဲ၊ ပြီးတော့ ရှင်နဲ့လည်း မလိုက်ဘူး မို၊ ရှင်က သိပ်လှပြီး သိပ်ချစ်စရာကောင်းတယ်၊ အသားလေးတွေကအစ ဖွံ့နေတာပဲ၊ စည်သူမောင်ကတော့"

"ဘာလဲ…မောင်က အသားမဲပြီး ရုပ်ဆိုးတယ်တဲ့လား ဟင်"

ဘယ်သူမှမပြောခင် သူမက မောင့်ကို အရင်ဝေဖန်ပေး လိုက်၏။ သည်တော့ ဆက်ပြောမည့်နှုတ်ခမ်းတွေ ပိတ်သွားကြ ပြီ။

သူမပြုံးကာ…

"မောင်က ရုပ်ဆိုးတာမဟုတ်ပါဘူး၊ ယောကျ်ားပီသတာ မျိုးပါ၊ ကျန်းမာရေးလိုက်စားတော့ မောင့်ခန္ဓာကိုယ်ကလည်း ကြံ့ခိုင် တောင့်တင်းတယ်၊ မောင့်ရုပ်က ဖျတ်ခနဲကြည့်ရင် ချောလိုက်တာလို့ ပြောမရပေမယ့် လေးထောင့်ကျတဲ့ မေးရိုးကားကား၊ မျက်လုံး မျက်ခုံးကောင်းကောင်းနဲ့ တစိမ့်စိမ့်အကြည့်ခံတဲ့ ယောကျ်ားမျိုး မဟုတ်လား၊ ပြီးတော့ ယောကျ်ားတစ်ယောက်ရဲ့ အသားအရေဟာ ဖြူနေဖို့မလိုဘူး၊ ညိုညိုစိုစိုဆိုတာမျိုးပဲ ကြိုက်တယ်၊ မောင်က





အဲဒီလိုလူစားမျိုး"

"အမယ်လေး…မို့ပြောတာနဲ့တင် စည်သူမောင်လောက် ယောကျ်ားပီသချောမောတဲ့လူမျိုး ဒီကမ္ဘာမှာ မရှိတော့သလိုပါပဲ လားဟင်၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တတ်ပါ့ဘိ မို့ရယ်"

မောင်နှင့်ပတ်သက်လျှင် သူမက ဒီလိုခပ်တည်တည် ပြောတော့ နောက်ထပ်ပါးစပ်တွေ မဟာရဲပေ။

"နောက်တစ်ခုရှိသေးတယ်၊ တကယ်တော့ မောင်က လူဆိုးမဟုတ်ဘူး၊ အားနည်းသူဘက်က ဝင်ရပ်ရင်း သူ့ကိုမလိုတဲ့ လူတွေက လူဆိုးဖြစ်အောင် ဖန်တီးပြောတာ၊ မောင်က သူ့မျက်စိရှေ့ မှာ မဟုတ်ရင် မခံတတ်တဲ့စိတ်.ရှိတာကြောင့်လေ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ နောက်ဆုံးတော့ စည်သူမောင် ဟာ ကမ္ဘာ့သူရဲကောင်းကြီးပါ မို့"

မောင်ရေ တကယ်တမ်းမှာ မောင်နဲ့ပတ်သက်ပြီး ဒီလိုပြော နေရမယ့် မို့ရင်ထဲ မောလှပါတယ်ကွယ်။

"ခဏ…ခဏ ရန်မဖြစ်စမ်းပါနဲ့ မောင်ရယ်၊ မို့လေ မောင့်အတွက် ရင်ပူရလွန်းလို့ သေတော့မယ်"

နှစ်ယောက်တည်းတွေ့လျှင် သူ့ကို သူမပြောတဲ့ကာ မှာ



www.burmeseclassic.com

www.burmeseclassic.com



တတ်၏။ သူကတော့ မတုန်မလှုပ်။

"မောင်လည်း ဘယ်ရန်ဖြစ်ချင်ပါ့မလဲ မို၊ ဒါပေမယ့် မောင့်ရှေ့မှာ အားနည်းသူကို အနိုင်ကျင့်တာမျိုးတွေ မောင်မကြိုက်ဘူး၊ ပြီးတော့ ကျောင်းတော်ကရန်စတွေပွဲ့ မို"

"ဘာပဲဖြစ်ဖြစ် မောင့်ဘက်က တတ်နိုင်သလောက် ရှောင်ပါ၊ မိုလေ မောင့်ကို တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး နေတာမျိုးပဲ မြင်ချင်ပါတယ်"

"စိတ်ချပါ မိုရယ်၊ မို ဖြစ်စေချင်သလို တစ်ချိန်တော့ မောင်ဖြစ်လာမှာပါ"

ပါးစပ်ကသာ ထိုသို့ပြောပေမယ့် လက်တွေ့မှာ ရန်ပွဲဆို လျှင် မောင့်နာမည်ပါနေတာက မိုအတွက် ရင်မောစရာ။

ယခုလည်း သူမတို့နှစ်ယောက်၏ ဘဝကို အစပြုဖို့ မောင့်ကို မို ရင်မောစွာ စောင့်မျှော်နေမိသည်။

မောင်…ဘယ်အချိန်ရောက်လာမလဲ။

မောင်လာမယ့်လမ်းဆီ သူမလည်တိုင်ကျော့ကျော့လေး မော့ကာ မကြာခဏ မျှော်နေမိ၏။

ထိုအချိန်…





အလုပ်တွေအားလုံး အဆုံးသတ်ပြီးနောက် သူက အဖြူ ရောင်အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်လိုက်သည်။

နာရီကိုကြည့်လိုက်တော့ လေဆိပ်ဆင်းဖို့ရန် မလိုတော့။ မိုတစ်ယောက် သူ့ကို မျှော်နေရှာတော့မည်။ တကယ်တော့ သူ့ကိုယ်ကသာ ဒီမှာ၊ သူ့စိတ်ကတော့ မိုဆီ ရောက်နေပြီ။

"မို အားလုံးအဆင်ပြေတယ် မောင်၊ မနက်ဖြန် မောင်သာ အမြန်ဆုံးရောက်လာပါ"

ညကပဲ သူနဲ့မို ဖုန်းဆက်၍ စကားတွေပြောနေသေး၏။

"စိတ်ချပါ မိုရယ်၊ မောင့်မှာ မိုဆီကို·စိတ်ကရောက်နေ တာပါဗျာ"

"စိတ်မရောက်နဲ့ မောင်၊ လူအရင်ရောက်အောင်လာခဲ့"

"အဟွန်း…ကောင်းပါပြီဗျာ"

မျက်စိထဲမှာ အဖြူရောင်ဝတ်စုံလေးနှင့် လှပချောမောနေ မည့် သူမကို မြင်ယောင်ကာ သူ နှစ်ခြိုက်စွာ ပြုံးလိုက်မိသည်။

ချစ်စရာမိန်းကလေးပဲ…။

တကယ်တော့ သူ့ဘဝမှာ သူမရှိနေ၍ လောကကြီးမှာ အဓိပ္ပါယ်ရှိနေခြင်းပါ။ အားလုံးပြီးတာနှင့် သူက သူ့ဒွေးအခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့လိုက်၏။

"ဘယ်လိုလဲ စည်သူ၊ လေဆိပ်ဆင်းတော့မှာလား"

"ဟုတ်ကဲ့ သူဌေး၊ ကျွန်တော် သူဌေးကို လာနှုတ်ဆက်တာပါ"

"ဪ...အေး...အေး အားလုံးအဆင်ပြေပါစေကွာ"

"ကောင်းပါပြီ သူဌေး၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူနှုတ်ဆက်ပြီး လှည့်ထွက်ခဲ့သည်။ တကယ်တော့ သူဒီနေ့ ဝေလီသို့သွားကာ မှီနှင့် လက်ထပ်မှာကို သူဌေးမသိပါ။ ကိစ္စတစ်ခုရှိ၍ သံတွဲကိုပဲသွားမည် သူပြောခဲ့ခြင်းဖြစ်၏။

သူနဲ့ မှီတို့၏ လက်ထပ်ပွဲကို ဘယ်ဧည့်သည်မှ မပါဝင်စေဘဲ ဝင်လယ်ပြာနှင့် မိုးကောင်းကင်ကိုသာ သက်သေပြုမည် မဟုတ်လား။

ကောင်းကင်ပြာပြာအောက်မှာ အဖြူရောင်ဝတ်စုံလေးနှင့် လှပနေမည့် မှီလက်ကို ဆွဲကာ ပင်လယ်ပြာပြာနံဘေးမှာ နှစ်ယောက်သား ပျော်ရွှင်စွာ ရယ်မောကြမည်လေ။

ထိုစဉ်...

"ဝုန်း"





"ဟင်...သူဌေး"

နောက်မှအသံကြောင့် သူလှည့်ကြည့်လိုက်တော့ စောစောက ရယ်မောနှုတ်ဆက်ခဲ့သော သူဌေးသည် ကြမ်းပြင်ပေါ်မှာလဲလို့။

သူမျက်စိထဲ ပြာခနဲဖြစ်ကာ သူဌေးနားသို့ ဘယ်လိုရောက်သွားမှန်းမသိ။

"သူဌေး...သူဌေး"

သို့သော် သူဌေးက တစ်ချက်မှ လှုပ်မလာ။ သူစိုးရိမ်သွား၏။ သည်ရုံးခန်းထဲမှာ သူနဲ့သူဌေးပဲရှိတာ။ ယခုချိန်မှာ သူမကူညီလျှင် သူဌေး ဒုက္ခရောက်တော့မည်။

ထို့ကြောင့် ဖျတ်ခနဲ သူဌေးကိုပွေ့ချီကာ ကားထဲ အမြန်ခေါ်ခဲ့သည်။ သူဌေးကို ကားနောက်ခန်းမှာထားပြီး သူ ဒရိုင်ဘာနေရာမှာ ဝင်ထိုင်လိုက်၏။

မဖြစ်ဘူး...သူဌေးအသက်ကို အမြန်ကယ်တင်နိုင်မှ။ ထိုအခါဖြင့် သူ ကားကို အရှိန်မြှင့်ကာ မောင်းခဲ့စဉ် တစ်နေရာအရောက်မှာတော့...

"ကျွီ"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်း"

"အား"

လောကကြီးတစ်ခုလုံး သူ့မျက်စိထဲ မှောက်ထိုးဖြစ်သွားၓ၏။ သူ့နှုတ်မှ တစ်ချက်ညည်းညူလိုက်သည်။

"မှို"

သူ၏စိတ်မျက်စိထဲမှာ အဖြူရောင်ဝတ်စုံလေးနှင့် သတို့သမီးလေးမှိုက ပြုံး၍ကြည့်နေ၏။

"မှို...မှိုရယ်"

ထို့နောက် သူ့မျက်ဝန်းထဲ တစ်လောကလုံး အမှောင်ကျသွားလေတော့၏။

✵ ▯ ✵



# မောင်



www.burmeseclassic.com

www.burmeseclassic.com

အဘေးကပင် လှမ်းမြင်နေရသည်။ အနည်းငယ် မှုန်ကုပ်တာ မည်းညစ်နေသော ဦးဖေ၏ အရက်ပုန်းဆိုင်လေးထဲမှာ သောက်သူတချို့ အနီးတပ်ရောက်လာတာနှင့်အမျှ ဦးဖေ၏အသံကို ကြားရသည်။

“ကိုကျော်ကြီး ကျုပ်ကို မနေ့ကအရက်ဖိုး ပေးဖို့ ကျန်သေးတယ်နော်၊ ဒီဘက်က ကိုပွ ဒီနေ့သောက်တာ များနေပြီ၊ ခင်ဗျားကို ဆက်မရောင်းနိုင်တော့ဘူး”

ကဲ…ဘယ်လောက်ရယ်စရာကောင်းတဲ့ စကားတွေလဲ။ အရက်ဆိုင်ဖွင့်ပြီး အရက်လာသောက်တဲ့လူကို ဆက်မရောင်းဘူးဆိုလျှင် ဘာဖြစ်မလဲ။

ဒါက သူ့ရဲ့ဦးလေးဖြစ်သည့် ဦးဖေ၏ပုံစံပင်။ ဦးဖေက အလုပ်သဘောအရသာ အရက်ရောင်းပေမယ့် ကျူးကျူးလွန်လွန်မှု





တာမျိုး မကြိုက်။ ဦးဖေကိုယ်တိုင်လည်း ညနေတိုင်း ဆေးဖြစ်ဝါးဖြစ် အနည်းငယ်သောက်ရုံကလွဲပြီး အရက်သမားမဟုတ်ပေ။

“ဦးဖေကြီးကလည်းဗျာ ခင်ဗျားအရက်ဖိုး ကျုပ်မပေးမှာစိုးလို့လား၊ ပေးမှာပေါ့ဗျာ၊ ဒီမှာ အိတ်ကပ်ထဲတွေ့လား ထည့်စမ်းပါဗျာ”

“ဘာလဲ…မင်းက အိတ်ထဲဝါသလောက် အကုန်သောက်မယ်ပေါ့လေ၊ ဟုတ်လား မောင်ပွ”

“ဟုတ်တယ်ဗျ…ဟုတ်တယ်၊ ကျုပ်အိမ်က မိန်းမနဲ့ ရန်ဖြစ်လာတယ်”

တကယ်တော့ ဒါဟာ အရက်သမားတွေ၏ အကြောင်းပြချက်ဖြစ်သည်။ နေ့စဉ်နေ့တိုင်း အရက်သောက်ကောင်းအောင် အကြောင်းအမျိုးမျိုးပြခြင်း။

“ဟော…ဟိုမှာ မင်းမိန်းမလိုက်လာပြီ မောင်ပွ”

“ဗျာ…တ…တကယ်လား ဦးဖေ၊ ဒါ…ဒါဆို ကျုပ်တော်ပြီ၊ ရော့…ရော့ အရက်ဖိုး”

စောစောက မယားကိုမကြောက်ဟန်ပြနေသော ဦးပွတစ်ယောက် ဦးဖေ၏ ချိန်းခြောက်စကားကြောင့် တစ်ချိုးတည်း



www.burmeseclassic.com

www.burmeseclassic.com



လစ်ပြေးတော့၏။ ဦးဖေနှင့် ကျန်လူများက ရယ်၍ကျန်ခဲ့သည်။

"ဦးဖေ"

"ဟော…မောင် လာပါ၊ လာပါဦး"

သူ့ကိုမြင်တာနှင့် စောစောကရယ်နေသော ဦးဖေမျက်နှာ ကြီး တည်သွား၏။ သည်ပုံလောက်ကတော့ သူကလည်း အမျော့ မှို့ ခပ်တည်တည်ပင်။

"ဘယ်လိုလဲ မောင်၊ မင်း ဒီနေ့လည်း ရန်ဖြစ်ပြန်ပြီဆို"

"ကျွန်တော်ကစတာ မဟုတ်ပါဘူး ဦးဖေ"

သူပြောရင်း အမြည်းထဲက ဝက်အူချောင်းကြော်တစ်ခု ယူစားလိုက်၏။

"ဟော့…ဘယ်သူကပဲစစ၊ မင်းကို ရန်မဖြစ်ရဘူးလို့ ငါပြောထားတယ်မဟုတ်လား မောင်"

ဒါက ဦးဖေ ဓါသထွက်လျှင် သူ့ကို မောင်ဟု ခေါ်နေ ကျ။ သည်လို ဦးဖေ ဓါသဖြစ်အောင်လည်း သူက မကြာခဏ လုပ်နေတာလားမသိ။

"ဒါဆို ကျွန်တော့်ကို အရက်သမားတူက အရက်သမား ပဲပြောတာ ခံနေရမှာလား ဦးဖေ"





"ဟင်"

သူ့အမေးကြောင့် ဦးဖေမျက်နှာ ပျက်သွားသည်။ တကယ် တော့ ဦးဖေက စားဝတ်နေရေးအတွက်သာ အရက်ရောင်းပေမယ့် သူ့ကိုတော့ အရက်နံ့ခံတာတောင် မကြိုက်ပါ။

ဦးဖေမျက်နှာကိုကြည့်ပြီး သူ သက်ပြင်းချလိုက်၏။

"စိတ်မကောင်းဖြစ်မနေပါနဲ့ ဦးဖေ၊ တကယ်တော့ သူတို့ အဖေကမှ လာဘ်စားပြီး တိုက်တွေကားတွေနဲ့ နေတာပါ၊ အဲဒါမှ တကယ့်မကောင်းမှုပါ ဦးဖေ"

"ဟင်း…ကဲ…ကဲ မင်းအိမ်ထဲသွားတော့၊ ထမင်းနဲ့ဟင်း စားပွဲပေါ်မှာ ပြင်ထားတယ် မောင်"

"ဦးဖေကကော"

"ငါ ဆိုင်ပိတ်မှစားမယ်၊ ကဲ သွား"

အရက်ဆိုင်ထဲ သူကြာကြာနေတာမျိုး ဦးဖေ မကြိုက်ပေ။ သူ့ကို လူကောင်းသူကောင်း ဖြစ်စေရန်အတွက် ဦးဖေက ကျောင်း ထားပေးခဲ့၏။

သို့သော် ရှစ်တန်းမှာ တစ်နှစ်၊ ယခု ဆယ်တန်းတွင် တစ်နှစ် ကျထားတာမို့ သူ့ဘက်က ဆယ့်ရှစ်နှစ်ထဲရှိနေပြီ။ အတန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ သူနဲ့ရွယ်တူ သုံးလေးယောက်ပဲရှိသည်။

အနည်းငယ်ကျဉ်းသော အခန်းလေးထဲသို့ သူဝင်ခဲ့၏။ ခုံပုစားပွဲလေးမှ ထမင်းအုပ်ဆောင်းကို လှန်လိုက်သည်။

သူအကြိုက် ဝက်သားဟင်းဖြစ်၏။

တကယ်တော့ ဦးဖေသည် သူ့အတွက် မိဘနှစ်ပါးထက် ပိုကောင်း၏။ အိမ်ထောင်မပြုဘဲ သူ့ဘဝအတွက် ဦးဖေအနစ်နာခံခဲ့သည်။ ထို့ကြောင့် သူကလည်း ဦးဖေကို ကြင်နာတတ်တာ မဆန်း။

သူ လက်ဆေးကာ ထမင်းစားလိုက်သည်။ တစ်နေ့လုံး ဘာမှစားခဲ့တာမဟုတ်ဘူး။ ဝက်သားဟင်းနှင့် ထမင်းက စားကောင်းနေ၏။

အင်း…သူလည်း ဒီကျောင်းပိတ်ရင် အလုပ်ရှာမှဖြစ်မည်။ အမှန်တော့ ဦးဖေကတိုက်တွန်း၍သာ သူကျောင်းတက်ခြင်းပါ။

"ထမင်းစားပြီးပြီလား မောင်"

အိမ်ထဲဝင်လာရင်း ဦးဖေ မေး၏။ အရက်ဆိုင်ဆိုပေမယ့် ခုနစ်နာရီထိုးတာနဲ့ ဦးဖေ ဆိုင်ပိတ်သည်။

"အရက်ဆိုင်ဆိုတာ ညဥ့်နက်မှ ပိုရောင်းကောင်းတာမျ



ဘယ်နှယ့် ခင်ဗျားက အစောကြီးပိတ်ရတာလဲ ဦးဖေ"

အရက်သမားတချို့က မကျေနပ်၍မေး၏။ ဦးဖေက ခပ်အေးအေးပင်။

"လောကမှာ ပိုက်ဆံချည်းကြည့်နေလို့ မရဘူးကွ၊ ပိုက်ဆံနဲ့အတူ အန္တရာယ်ဆိုတာ ပါလာတယ်၊ ငါက…ထမင်းတစ်လုပ်ကို နားအေးအေးပဲ စားချင်တဲ့ လူမျိုးပဲ"

ညဘက်မှာ အရက်ပိုရောင်းကောင်းမှန်းသိပေမယ့် အရက်သမားတို့၏ ထုံးစံအတိုင်း စကားများကာ ရန်ပွဲပါ ပါလာတတ်တာမို့ ဦးဖေက ဆိုင်ကို စောစောပိတ်ခြင်းဖြစ်သည်။ ယခုလည်း ဦးဖေ ဆိုင်ပိတ်ပြီ။

"ဟုတ်ကဲ့…ခုပဲစားပြီးတယ် ဦးဖေ"

"အေး…အေး စားကောင်းရဲ့လားကွ"

"ကောင်းတယ် ဦးဖေ၊ ဦးဖေက ကျွန်တော့်အကြိုက် ဝက်သားချက်ထားတာကိုး"

သည်တော့ ဦးဖေနှုတ်ခမ်းကြီး ပြုံးသွားရလေ၏။ သူ့အကြိုက်ဟင်းကို စားကောင်းအောင် တမင်ချက်သွားတာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူက ဦးဖေအတွက် စားပွဲပြင်ပေးလိုက်၏။

"ဒါနဲ့ မောင်"

"ဗျာ…ဦးဖေ"

ဦးဖေက လေသံတိုးတိုးဖြင့်…

"ဟိုဘက်ခန်းကို လူသစ်တွေ ပြောင်းလာတယ်ကွ"

"ဟင်…ဟုတ်လား မိသားစုများလား ဦးဖေ"

"မရှိဘူး နှစ်ယောက်တည်း၊ မင်းထက်နည်းနည်းငယ်မယ့် ကောင်မလေး တစ်ယောက်နဲ့ သူ့အဖေမိုးသားပဲ"

"ဗျာ…မိုးသမားဟုတ်လား ဦးဖေ"

သူကပ်မေးတော့ ဦးဖေ ခေါင်းညိတ်သည်။ သူမျက်မှောင် တွန့်သွား၏။

"ဘာကြောင့် သူများကို မိုးသမား ပြောရတာလဲ ဦးဖေ"

"ဟာ …ဒီကောင်လေး ငါကရမ်းပြောပါ့မလားကွ၊ ရောက်မဆိုက်ပဲ ငါ့ဆိုင်ကို အရက်လာသောက်သွားတာ"

"သြော်"

နေ့ခင်းဘက် အရက်လာသောက်တယ် ဆိုကတည်းက ဦးဖေပြောသလို "မိုး"သမားပဲဖြစ်မည်။





ဒါနဲ့…သူ့အရွယ် ကောင်မလေးတစ်ယောက် ပါလာတယ်ဆိုတော့ အဖေအရက်သမားနဲ့ ဘယ်လိုနေကြမလဲ။

စားသောက်ပြီးသား ပန်းကန်တွေကို ဆေးရန် သူနောက်ဖေးကပြင်ထွက်ခဲ့၏။

ထိုစဉ်…

"ဟာင်"

အဝါရောင် ခပ်နွမ်းနွမ်း ရှပ်အင်္ကျီလေးကို တစ်ပတ်နွမ်း အနက်ရောင် လုံချည်လေးဖြင့် တွဲဝတ်ထားသည့် ဆံပင်ကုပ်ဝဲလေးနှင့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရ၏။

မီးရောင်မှိန်မှိန်အောက်မှာ သူမက ယခုမှ ထမင်းချက်မည့်ဟန်ဖြင့် ဆန်ဆေးနေသည်။ အဝတ်အစားက နွမ်းသော်လည်း သနပ်ခါးပါးကွက်ကျား ကျဲကျဲလေးဖြင့် အေးချမ်းဖြူစင်သော သူမမျက်နှာက တည်ငြိမ်နေသည်။

သူက ပန်းကန်မဆေးဘဲ ထိုမိန်းကလေးကို ကြည့်နေမိခြင်း။ ဆန်ဆေးပြီးသွားတာကြောင့် သူမက နေရာမှထကာ မျက်ခုံး သူ့ဘက်ကြည့်မိသွား၏။

မျက်လုံးချင်းအဆုံမှာ သူပြုံးပြရမလား စဉ်းစားနိုက်…



www.burmeseclassic.com

www.burmeseclassic.com



"ယော…သူ အိမ်ထဲဝင်သွားပြီ"

ဘဝဒဏ်ရာတွေများသော သူက အရယ်အပြုံးနည်းလှ
တာကြောင့် ရုတ်တရက် ဘာမှမလုပ်လိုက်ရ။

သူမကသာ သူ့ကို ခပ်တည်တည်တစ်ချက်ကြည့်ပြီး
အိမ်ထဲဝင်သွားခြင်းပါ။

အင်း…အရွယ်လေးနဲ့မလိုက်အောင် အစော်တည်ပြီမ်
တာပဲ။

သူလည်းပန်းတန်တွေဆေးပြီး အိမ်ထဲဝင်ခဲ့၏။ ဦးဖေက
ျာပေါ်မှာ အိပ်နေပြီ။ တစ်နေကုန် ပင်ပန်းထားတာကြောင့် ညဆို
လျှင် ဦးဖေ စောစောအိပ်သည်။

"ဦးဖေရယ်"

ဦးဖေကို သနား၍ သူ့အလုပ်လုပ်ချင်ပေမယ့် ဦးဖေက
လက်မခံ။

"မင်းကို ပညာတတ်ကြီး ဖြစ်စေချင်တယ် မောင်"

ထိုကြောင့် ဦးဖေဆန္ဒကို ဖြည့်တဲ့အနေဖြင့် သူကျောင်း
နခြင်းပါ။ အိပ်နေသော ဦးဖေကို စောင်ဆွဲခြုံပြီး စာအုပ်တချို့
ယူကာ ဝရန်တာ ထွက်ခဲ့၏။





"ကျောင်းသားဆိုတာ စာမှန်မှန်ကျက်မှ စာမေးပွဲအောင်
မယ်"

ဆရာကြီး၏ ဆုံးမစကားအပြင် ဦးဖေကလည်း သူ့ကို
စာပဲလုပ်စေချင်သည် မဟုတ်လား။

သူက စာကို စိတ်ထဲမှာပဲ ဖတ်၏။ ကျက်၏။ ပါးစပ်မှ
အော်မဆိုတတ်ပေ။ ထိုသို့ အော်ကျက်တာမျိုးလည်း ကလေးဆန်
တယ်ဟု သူထင်၏။

စာဖတ်ရင်း တစ်ဖက်ဝရန်တာသို့ လှမ်းအကြည့်…

"ယော…ချာတိတ်မ"

ကောင်မလေးက ဝရန်တာထွက်ပြီး ဖခင်ပြန်လာမည့်လမ်း
ကို မျှော်နေ၏။ ထိုပုံစံလေးကို ကြည့်ကာ သူကရူဏာဖြစ်သွားရ
သည်။

ကြည့်ရတာ အမေ မရှိတော့ပုံ။ သိပ်မကြာခင်မှာပဲ ခပ်ယိုင်
ယိုင်လူတစ်ယောက် လျှောက်လှမ်းလာ၏။ လက်ထဲမှာ အထုပ်
တစ်ခုနှင့်။

"ဟာ"

"အမေ"



www.burmeseclassic.com

www.burmeseclassic.com



သူကြည့်နေစဉ်တွင် ထိုလူ ယိုင်ခနဲဖြစ်ကာ လဲကျသွားသည်။ သူ နေရာမှရပ်လိုက်စဉ် သူမက ပြေး၍ ထိုလူ့ဆီသွား၏။

ထို့နောက် လဲကျနေသော လူကို တွဲထူသည်။ သူမ ကိုယ်ခန္ဓာလေးနှင့် ဘယ်လိုနိုင်မည်နည်း။

သူ သက်ပြင်းချလိုက်၏။ ထို့နောက် သူ့ခြေထောက်တွေက သွက်လက်စွာဖြင့် သူမဆီသို့။

"ရရဲ့လား"

သူ့အသံကြောင့် သူမ မော့ကြည့်သည်။ သူမ၏ တောက်ပသောမျက်လုံးများက သူ့ကို မှတ်မိသွားပုံ။

"မင်း ဖယ်ပါ၊ ဦးလေးကို ငါပဲ အပေါ်ခေါ်ခဲ့မယ်"

"ဟို"

"မင်း…ငါ့ကို ဘာမှအားနာစရာမလိုဘူး၊ ငါတို့က အိမ်နီးချင်းတွေပဲလေ"

ထို့နောက် သူက သူမအဖေကို ဖျတ်ခနဲ တွဲထူ၍ အိမ်ထဲအရောက်ပို့ပေးလိုက်၏။

သူမက ရှေ့မှဝင်သွားပြီး ဖျာခင်းထားသည်။ နွမ်းနေပေယ့် ဖြူသန့်သော ခေါင်းအုံးစွပ်လေးနှင့်။





"အဖေ…အဖေ ရရဲ့လားဟင်"

အိပ်ရာပေါ် ရောက်နေသော သူ့အဖေနားရပ်၍ သူမမေးသည်။ သူမဖခင် မျက်လုံးပွင့်လာကာ…

"သမီးလား…အဖေ သမီးအတွက် ဝက်ခေါင်းသုပ်ဝယ်လာတယ်"

ထိုမျှပြောပြီး ပြန်အိပ်သွားလေ၏။ သူက သူမတို့သားအဖကို ငေးကြည့်နေမိသည်။ မိဘဆိုတော့ ဒီလောက်မူးနေတဲ့ကြားက သမီးအတွက် စားစရာရအောင် ဝယ်လာသေးတာပါလား။

"ဟို…ဒီက"

"ငါ့နာမည် မောင်"

"သြော်"

သူမက မျက်ဝန်းလေး တစ်ချက်ငြိမ်သွားပြီးမှ သူ့ကိုကြည့်၏။

"ကိုမောင့်ကို ကျေးဇူးတင်ပါတယ်နော်"

"ကိုမောင်…ဟုတ်လား"

သူ့ဘဝမှာ 'ကိုမောင်'ဟု ဘယ်သူကမှ မခေါ်ပါ။ သူငယ်ချင်းတွေက မောင်၊ ဦးဖေက စိတ်ဆိုးလျှင် မောင်ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြတာမဟုတ်လား။

"ဘာဖြစ်လို့လဲဟင်၊ မို...မို ခေါ်တာ မှားလို့လား"

လှပသော ချက်လုံးလေးတွေ ဝိုင်းစက်ကာ မေးသည်။ သူ ခေါင်းခါယမ်းလိုက်၏။

"မမှားပါဘူး၊ ဒါပေမယ့် ငါ့ကို မင်းလို ကိုတပ်ခေါ်တာ ဘယ်သူမှမရှိဘူး၊ မင်းခေါ်တော့ ငါ့နားထဲ ဆန်းသွားလို့ပါ"

သည်တော့ သူမ ဘာမှမပြောဘဲ ငြိမ်သွား၏။

"ဒါနဲ့ မင်းနာမည်က မိုတဲ့လား"

"ဟုတ်...နာမည်အပြည့်အစုံက မြယွန်းမိုပါ"

"ဪ...ကောင်းသားပဲ"

သူမ၏ပုံစံလေးနှင့် မြယွန်းမိုဆိုတဲ့ နာမည်လေးက အခော် လိုက်ဖက်တယ်ဟု သူထင်မိသည်။

"ကျေးဇူးတင်ပါတယ်"

"ဘာအတွက်လဲ မြယွန်းမို"

"စောစောက အဖေ့ကို ကူညီပေးတာနဲ့၊ မိုနာမည်ကို ချီးကျူးလို့ပါ"

ဖျတ်ခနဲ သူပြုံးလိုက်သလားမသိ။ သေချာတာကတော့





သူ၏အမြဲတမ်း တင်းနေတတ်သော နှုတ်ခမ်းသည် လွယ်လွယ်နှင့် ပြုံး၍လည်း ရမှာမဟုတ်ပေ။

"ကူညီသင့်တယ်ထင်လို့ ငါကူညီတာပါ၊ ကဲ ငါသွားမယ်"

သူမကိုထားခဲ့ပြီး ထွက်ခဲ့သည်။ တကယ်ဆို ဒီအချိန်ထိ သူမ ထမင်းမစားရသေးတာ သူသိ၍ဖြစ်၏။

သူတောင် ထမင်းစားပြီးတာ ဘယ်လောက်ကြာပြီလဲ။ မိန်းကလေးဖြစ်တဲ့ သူမဆို ဒီအချိန်ထိ ဘယ်လောက်ဆာလိုက်မလဲ။

အိမ်ရောက်၍ သူမပြန်ကြည့်ပေမယ့် မရတော့ စာရွက်တွေမှာ သူမပုံရိပ်လာထင်နေသည်။

သေချာတာကတော့ သူ့ဘဝမှာ ဒါပထမဆုံးအကြိမ် မိန်းကလေးတစ်ယောက်နှင့် စကားပြောဖူးတာပဲ။

ပတ်ဝန်းကျင်က တိတ်ဆိတ်နေ၏။ တစ်အိမ်လုံး ဦးဖေ၏ ဟောက်သံမှလွဲ၍ ဘာသံမှမကြားရပေ။

မိုတော့ ထမင်းစားပြီးပြီလား။ ဘာကြောင့် သူမအတွက် စိတ်ပူနေရတာပါလိမ့်။

သူ သက်ပြင်းချကာ အိမ်ထဲဝင်ခဲ့၏။ ထို့နောက် ဦးဖေ



www.burmeseclassic.com

www.burmeseclassic.com



သေးမှာ ဓောင်ခေါင်းမြီးမြုံကာ အိပ်လိုက်သည်။

တော်တော်နှင့် အိပ်မပျော်။ သူမအကြောင်းသာ စဉ်းစားနေမိ၏။

မနက်ကြတော့ ဦးဖေက စောစောထပြီး ဈေးသွားသည်။ သူက စာကြည့်ရင်း ထမင်းချက်ထား၏။ သူမကို သတိရ၍ ဆန်ဆေးရင်း လှမ်းကြည့်မိ၏။

ယော…မနက်မိုးလင်းတာနှင့် သူမပါးပြင်မှာ သနပ်ခါး ပါးကွက်ကျားလေးနဲ့ပါလား။

သူမကလည်း လှမ်းအကြည့် မျက်ဝန်းချင်း ဆုံ၏။ နှစ်ယောက်သား မပြုံးပြမိပေမယ့်…

"ညက ဦးလေးသက်သာရဲ့လား မြယွန်းမို့"

"ဟုတ်ကဲ့၊ တစ်ခါတော့ အန်သေးတယ်"

"ဩော်"

ညအချိန်ကြီး သူမ အန်တာတွေ ဆေးနေရမှာပေါ့ဟု တွေးမိသည်။ ဘာကြောင့်များ အရွယ်ငယ်ငယ်နှင့် သူမ လောကဓံကို ခံနေရပါလိမ့်။

"ဒါနဲ့"





"ဘာလဲ မြယွန်းမို့"

သူမက သူ့ကိုကြည့်ကာ တစ်စုံတစ်ရာ ပြောဖို့ စဉ်းစားနေသည်။ တကယ်လို့ သူမသာ အကူအညီတောင်းလျှင် ဘာပဲဖြစ်ဖြစ် သူလုပ်ပေးမှာပါ။

"ဒီ…ဒီနေ့ ကိုမောင် ကျောင်းသွားရင်း မို့…မို့ လိုက်လို့ရမလားဟင်"

"ဗျာ"

ရုတ်တရက် သူမပြောတာကို သူနားမလည် ဖြစ်သွား၏။ ကလေးတစ်ယောက်လို သူမကို သူ့အတန်းထဲ ခေါ်သွားရမှာလား။

"ဟိုလေ…ဟို အဖေက ကျောင်းလိုက်မအပ်နိုင်တော့ ကို …ကိုမောင်က မို့ကို ကျောင်းအပ်ပေးနိုင်မလားလို့ပါ"

"ဩော်…မင်းကို ငါက ကျောင်းအပ်ပေးရမယ် ဟုတ်လား"

မေးရင်း သူရယ်လိုက်ချင်၏။ သူက ကျောင်းမှာ လူဆိုးစာရင်းဝင်ဖြစ်သည်။ သူလိုလူတစ်ယောက်က လူကြီးလုပ်ပြီး သူမကို ကျောင်းအပ်ပေးလျှင် ဖြစ်ပါ့မလား။

"မ…မဖြစ်ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးဝိုင်းကာ မေးပုံက သနားစရာ။ သူ သက်ပြင်းချကာ ခေါင်းခါယမ်းလိုက်၏။

"ကျောင်းမှာ ငါက နာမည်သိပ်ကောင်းတာမဟုတ်ဘူး မို"

"ရှင်"

"ဒါပေမယ့် မပူပါနဲ့၊ မင်းအတွက် ဦးဖေကို လိုက်ပြီး ကျောင်းအပ်ခိုင်းပါ့မယ် မို"

"အို…တ…တကယ်လားဟင်"

သူပြုံး၍ ခေါင်းညိတ်လိုက်သည်ထင် သူ့ဘဝမှာ မိန်းက လေးတစ်ယောက်နှင့် ပတ်သက်ပြီး ဒါ ပထမဆုံးအကြိမ် ပြုံးဖူးတာ ပဲ။

"ငါ ကျောင်းသွားကာနီးရင် မင်းကိုခေါ်လိုက်မယ်"

"ဟုတ်ကဲ့"

သူ့မျက်နှာက အတော်ဝမ်းသာပျော်ရွှင်သွားပုံ။ ကြည့်ရ တာ စာအတော်လိုချင်ပုံရ၏။ ဦးဖေလာတော့ သူပြောပြလိုက်သည်။

"ဘာ…အဲဒီကောင်မလေးနာမည်က မြယွန်းမို ဟုတ်လား၊ မင်း ဘယ်တုန်းက မိတ်ဖွဲ့လိုက်တာလဲ မောင်"





"ဟာဗျာ…ဦးဖေကလည်း ကျွန်တော်လား၊ စပြီးမိတ်ဖွဲ့ မှာ ညက သူ့အဖေလေ"

သူ့မနှင့် သိသွားသည့် အကြောင်းအရင်းကို သူပြောပြ လိုက်၏။ ဦးဖေက သူ့စကားဆုံးတော့ သက်ပြင်းချသည်။

"ဒီလူကလဲ ကိုယ့်မှာ သမီးတစ်ယောက်လုံးရှိရက်နဲ့ ဒီလောက်သောက်စရာလား၊ ကောင်မလေးက သနားစရာပဲ"

"ဟုတ်တယ်…မြယွန်းမိုက သနားစရာကောင်းတယ်၊ ဒါကြောင့် မြယွန်းမိုကို ဦးလေး ကျောင်းလိုက်အပ်ပေးပါ"

သည်တော့ ဦးဖေက သူ့ကို ဖျတ်ခနဲ ကြည့်၏။ မိန်းက လေးတစ်ယောက်နဲ့ ပတ်သက်ပြီး သူဒီလိုမျိုး မပြောဘူးတာမို့ အံ့သြနေဟန်လည်းရ၏။

သူက ဦးဖေအကြည့်ကို မသိချင်ယောင်ဆောင်ကာ…

"ခဏနေ မြယွန်းမို လာလိမ့်မယ်၊ ကျွန်တော် အရင်သွား နှင့်ပြီ"

"ဟော့…မောင် နေဦး"

သို့သော် သူက နောက်လှည့်မကြည့်တော့ စိတ်ထဲမှ မြယွန်းမို ကံကောင်းဖို့သာ ဆုတောင်းပေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရောက်ပေမယ့် အတန်းထဲမဝင်သေးပေ။ ဦးဖေနှင့် မြယွန်းမှီတို့ လာမည့်လမ်းကို မျှော်နေမိ၏။ မကြာပါ၊ အဖြူရောင် ခပ်နွမ်းနွမ်း ရှပ်အင်္ကျီကို လက်ကြယ်သီးစေ့တပ်ဝတ်လျက် အညို ကွက်ရောင်လုံချည်နှင့် ဦးဖေကို တွေ့လိုက်ရတော့ သူ ကြိတ်ပြုံးမိ ရ၏။

ဦးဖေရဲ့နောက်မှာ ကျောင်းဝတ်စုံအဖြူအစိမ်းလေးနှင့် သူမ။ သူတို့မမြင်အောင် သူ တိုင်ကွယ်လိုက်သည်။

ကျောင်းအုပ်ကြီးရုံးခန်းမှာတော့…

“ခင်ဗျားလာတာ အတော်ပဲ ဦးဖေ၊ ခင်ဗျား မလာရင် တော့ ကျွန်တော်က ဆင့်ခေါ်တော့မလို့ဗျ”

“ဗျာ…ဆရာကြီး ဒီလောက်တောင် ကျွန်တော့်ကိုခေါ်ဖို့ အရေးကြီးသလားဟင်”

“ဟဲ…ဟဲ ကျွန်တော့်မှာ ဆရာကြီးတို့အတွက် တကယ် အရေးပါတာကိုး၊ အင်းလေး…ခုလည်း ဆရာကြီးတို့ကျောင်း လူဦး ရေနှုန်းတိုးရအောင်လို့ ဟောဒီမှာ ကျောင်းသူသစ် ခေါ်လာအပ်ပါပြီ ဟဲ…ဟဲ”

တင်းမာနေသော ကျောင်းအုပ်ဆရာကြီး၏မျက်နှာကို မသိ



ချင်ယောင်ဆောင်ကာ ဦးဖေ ပြောသည်။

“ဒီမှာ ခင်ဗျားက ကျုပ်တို့အတွက် အရေးပါလို့မဟုတ် ဘူး၊ ခင်ဗျားရဲ့တူ မောင်ကြောင့် ကျောင်းမှာ မကြာခဏ ပြဿနာ ဖြစ်တာအတွက်ဗျ”

“ဗျာ”

မောင်ဆိုသောနာမည် ပါလာတော့ မြယွန်းမှီ၏ မျက်နှာ လေး မသိမသာမှော့လာသည်။ ဦးဖေမှာ မျက်နှာကြီး ပျက်ယွင်း ကာ ဘာမှဆက်မပြောနိုင်တော့။

“ပြဿနာဟာ ဘယ်သူကစတယ်ပဲ ဆိုစေဦး အဲဒီဖြစ်တဲ့ ပြဿနာတိုင်းမှာ ခင်ဗျားတူ မောင်ဟာ အမြဲပါတယ် ဦးဖေ”

“ဒါ…ဒါတော့ ဆရာကြီးရယ် မောင်ဟာ သူ့ကိုလာထိ မချင်း ငြိမ်ခံတတ်သူပါ၊ သူ့ကို ရန်လာရှာမှသာ မဟုတ်မခံစိတ်နဲ့ တုံ့ပြန်တတ်တာပါဗျာ”

ဆရာကြီးက ခေါင်းခါယမ်းသည်။ သူ့ကျောင်းမှာ မောင် နာမည်ဆိုးထွက်နေတာမျိုး မကြိုက်ပေ။

“အဲဒီ မဟုတ်မခံဆိုတဲ့စိတ်က နေရာတိုင်းမှာ ထားလို့ရ တာမဟုတ်ဘူး ဦးဖေ၊ သည်းခံသင့်တဲ့အရာကို သည်းခံမှ ပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်နဲ့ အဆင်ပြေမယ်မဟုတ်လား၊ ဒီတော့ ကျွန်တော်ပြောချင်တာက မောင့်ကို ခင်ဗျားဆုံးမပါ ဦးဖေ''

''ဗျာ…ဟုတ်…ဟုတ်ကဲ့''

မြယွန်းမိုကတော့ သက်ပြင်းလေး ကြိတ်ချမိ၏။ ဒါကြောင့် မောင်က သူမကို သူကျောင်းအပ်ပေး၍မဖြစ်ဟု ပြောခြင်းမဲ။

သူမအမြင်မှာတော့ မောင်သည် ထင်သလောက်ဆိုးပုံမရ။ အပေါ်ယံသွင်ပြင် ကြမ်းတမ်းဟန်ရှိပေမယ့် တကယ်တမ်း မောင့်စိတ်က ဖြူစင်တာ သူမအသိမဟုတ်လား။

✵ ။ ✵



''ဘာ…သူက ခင်ဗျားတူမ ဟုတ်လား ဦးဖေ''

''ဗျာ…မ…မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော်နဲ့ အိမ်ခန်းချင်းကပ်လျက်ကပါ၊ ဒီကလေးမအဖေ နေမကောင်းဖြစ်နေလို့ ကျွန်တော်က သူ့အဖေကိုယ်စား ကျောင်းလာအပ်ပေးတာပါ ခင်ဗျာ''

ကျောင်းအုပ်ဆရာကြီး၏ ရှေ့မှာ သူမ မျက်လွှာလေးချထား ငြိမ်သက်စွာရပ်နေမိသည်။ ဦးလေးမှာ သူမကို ဆရာကြီး လက်မခံမှာစိုး၍ အမြန်ရှင်းပြနေမိ၏။

ထိုမြင်ကွင်းအားလုံးကို တိတ်တဆိတ် ချောင်းကြည့်နေသူက မောင်။

''အင်း…မြယွန်းမိုကို ဦးလေးနဲ့ ကျောင်းအပ်ခိုင်းတာ မှားပြီလားပဲ''



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့် ဦးလေးမှာ မျက်နှာကောင်းမရရှာပါ။ ထို့ကြောင့် သူတို့နှင့် ပတ်သက်သော သူမကို ဆရာကြီး လက်မခံချင်တာ မဆန်းပါ။

"မင်းနာမည်က"

"မြယွန်းမိုပါရှင်"

"အတန်း"

"ကိုးတန်းပါ ဆရာကြီး"

သြော်…ဒီတော့မှ သူမက သူထက်တစ်တန်းငယ်ပါလား ဟု သိလိုက်ရ၏။ ထိုစဉ် ကျောင်းအုပ်ဆရာကြီး၏ ရုံးခန်းရှေ့သို့ တောက်ပြောင်လှပသော နီမိခံကားတစ်စီး ထိုးဆိုက်လာသည်။

အမှတ်မထင် သူကြည့်လိုက်ချိန်မှာ ကားပေါ်က အနည်းငယ်ပိန်၍ အသားဖြူသော ကောင်လေးတစ်ယောက်နှင့် အသက်ငါးဆယ်ကျော်ဝန်းကျင် ရုပ်ရည်ခန့်ညားသော ဇနီးမောင်နှံနှစ်ယောက်ကို တွေ့ရ၏။

ကားပေါ်မှဆင်းလာသော ကောင်လေး၏ မျက်နှာမှာ အနည်းငယ် အေးစက်ကာ ရှိနေသလိုပါပဲ။

ကောင်လေးက တိုင်ကွယ်မှာ ရပ်နေသော သူ့ကို လှမ်းမြင်





သွားသည်။ သို့ ဖျတ်ခနဲ ရှောင်လိုက်ပေမယ့် ထိုကောင်လေး၏ အကြည့်တွေက သူ့ထံမှာပဲ။

"ကျောင်းသစ်ဆိုပေမယ့် ဘာမှစိတ်ပူစရာမလိုဘူး သား၊ ဒီက ဆရာ ဆရာမတွေကော ကျောင်းအုပ်ကြီးပါ သဘောကောင်းတယ်"

လှပချောမောသလို နူးညံ့သိမ်မွေ့သော မျက်နှာရှိသည့် ကောင်လေး၏ အမေက အပြုံးဖြင့် ကောင်လေးကို ရှင်းပြနေသည်။

"ဒါပေမယ့် ဒီကျောင်းမှာ ကျွန်တော်သိတဲ့ သူငယ်ချင်း တစ်ယောက်မှမရှိဘူး မာမီ"

ကောင်လေး၏အသံက တစ်စုံတစ်ရာကို မကျေနပ်ဟန်။ ထိုအခါ ကောင်လေး၏အဖေဖြစ်ဟန်တူသော လူက…

"ဒီကိစ္စက ပူစရာမဟုတ်ပါဘူးသားရယ်၊ နောက်ဆို ငါ့သားနားမှာ သူငယ်ချင်းတွေအများကြီး ရောက်လာလိမ့်မယ်၊ အဓိက ကိုယ်ပေါင်းမယ့်သူငယ်ချင်းဟာ ဘယ်လိုလူလဲဆိုတာ မင်းသိဖို့လိုတယ် သား"

ကြည့်စမ်း…မိခင်ဖြစ်သူနဲ့ ဆန့်ကျင်တာက ကောင်လေး အဖေပဲ။ ထိုလူ့မျက်နှာဟာ အရာရာကို စိုးမိုးလိုဟန်ရှိပြီး အရွယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မမှုသော တက်ကြွမှုဖြင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်မှုံပင်။ ထိုလူမျက်လုံးတွေက သိပ်ကို တောက်ပလေးနက်လွန်း၏။

"ကျွန်တော် သူငယ်ချင်းတွေအများကြီးလည်း မလိုချင်ဘူး ဒက်ဒီ၊ ကျွန်တော်ပေါင်းတဲ့လူဟာ ကျွန်တော့်စိတ်ထဲက ခင်တဲ့သူပဲဖြစ်ရမယ်"

ကောင်လေးက ပြောပြီး သူ့ဘက်တစ်ချက် လှည့်ကြည့်၏။ သူ့မျက်နှာကို တစ်ဖက်လွှဲလိုက်သည်။ ခဏကြာတော့ သူတို့မိသားစု ရုံးခန်းထဲဝင်သွား၏။

"ဟော…ဦးမင်းညာဏ်ပါလားဗျ၊ ကိုယ်တိုင်လိုက်လာတာကိုး၊ အလုပ်တွေများနေရင်လည်း သားကို တခြားလူနဲ့ အပ်နိုင်းလည်း ရပါတယ်ဗျာ"

စောစောက မျက်နှာတင်းချင်နေသော ဆရာကြီးသည် ထိုမိသားစုကို တွေ့လိုက်တာနှင့် အပြုံးများဖြင့် လှိုက်လှဲစွာကြိုဆိုလေ၏။

ဦးဖေနှင့် မြယွန်းမိုတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ မြယွန်းမိုကို ဦးဖေကိုယ်တိုင် လိုက်အပ်ပေးတာကြတော့ လက်မခံချင်ပုံနှင့် ယခုတော့ ကိုယ်တိုင်လိုက်လာသည့် မိဘတွေ





ကိုပင် မလိုပါတဲ့။

အေးလေ…ဆရာကြီးကြိုက်တဲ့ မိသားစုကလည်း တကယ့်ချမ်းသာတာပဲ။ အမျိုးသမီးကလည်း စိန်နားကပ်ကြီး တဖျပ်ဖျပ်၊ ဥရောပဝတ်စုံဖြင့် ခန့်ညားသော အမျိုးသားကလည်း လက်မှာနာရီအကောင်းစား၊ စိန်လက်စွပ်ကြီးနှင့်။

ဦးဖေနှင့် မြယွန်းမိုတို့မှာ ဆရာကြီးစားပွဲရှေ့တွင် ဝတ်တာများ၍ အဖြူမှ ဝါလုလုဘက်ရောက်နေသော ခပ်နွမ်းနွမ်းဝတ်စုံလေးတွေနဲ့လေ။

"ဟဲ…ဟဲ သားကျောင်းစတက်မယ့် ပထမနေ့ဆိုတော့ အားရှိအောင်လို့ ကျွန်တော်တို့ ကိုယ်တိုင်လိုက်ပို့ပေးတာပါ ဆရာကြီး၊ သားက ကျောင်းသားသစ်ဆိုတော့"

"ဒီအတွက်မပူပါနဲ့ ဦးမင်းညာဏ်ရယ်၊ အတန်းဆရာလက်ထဲ ကျွန်တော်ကိုယ်တိုင် အပ်လိုက်ပါ့မယ်၊ ဒါနဲ့ သားက ဆယ်တန်းမှာ"

"ဟုတ်ပါတယ် ဆရာကြီး၊ နာမည်က မင်းလကျာ်ပါ"

"ဪ…ဪ စိတ်ချပါ ဦးမင်းညာဏ်၊ ကလေးအတွက် မပူပါနဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းလက်ျာတဲ့။ ထိုစကားအားလုံးကို မြင်ကြားနေတာက မောင်။ ဦးဖေနှင့် မြယွန်းမှီကို အရေးမပေးသလောက် ဦးမင်းဉာဏ်တို့ကြတော့ သကာရည်လောင်းထားသလိုပါပဲ။

ဟင်း…ငွေမျက်နှာဟာ လောကကြီးမှာ တယ်အရေးပါပါလားဟု ပထမဆုံးအကြိမ် သူတွေးမိလေ၏။

“ဒါဆို ကျေးဇူးပဲ ဆရာကြီး၊ သြော် ဒါက ကျောင်းရန်ပုံငွေအတွက် ကျွန်တော် တစ်သိန်းလှူပါတယ်”

“ဟဲ…ဟဲ ကျေးဇူးပဲဗျာ၊ ဆရာမိဘ လက်တွဲညီတော့ ကျောင်းတိုးတက်တာပေါ့”

ဆရာကြီးက ငွေကိုလက်ခံယူပြီး ဖြတ်ပိုင်းပေး၏။ ထို့နောက် မကြာခင် ဦးမင်းဉာဏ်တို့ ကားဖြင့်ပြန်သွားကြသည်။

“ကဲ…လာ သား”

ဆရာကြီးက မင်းလက်ျာကို ခေါ်၍ ရုံးခန်းထဲမှ ထွက်မည်အပြု ဦးဖေက…

“ဆရာကြီး ကျွန်တော်တို့”

“သြော်…မြယွန်းမှီကို ထားခဲ့လေ၊ ခဏနေ ကိုးတန်းက ဆရာနဲ့ အပ်လိုက်မယ်”





“ဗျာ…ဟုတ်…ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာကြီး”

ဦးဖေ၏ ကျေးဇူးတင်စကားကို ဆရာကြီးက အရေးမလုပ်ဘဲ မင်းလက်ျာကို ပခုံးမှဖက်ကာ ထွက်သွား၏။

ထွက်သွားခါနီး မင်းလက်ျာနှင့် မြယွန်းမှီတို့ ဖျတ်ခနဲ အကြည့်ချင်းဆုံသည်။ မောင်ကတော့ ဆရာကြီး ထွက်လာတာမို့ အတန်းထဲ အရင်ရောက်အောင် ပြေးလေ၏။

သူ့ကိုသာ ဒီအချိန် အတန်းပြင်ဘက်မှာတွေ့လျှင် ဆရာကြီး ဘယ်လောက်ဒေါသဖြစ်မလဲ။

စိတ်ထဲကတော့ ‘မြယွန်းမှီ’ အခန်းပြောင်းပါစေဟု သူဆုတောင်းပေးရုံကလွဲလို့ ဘာမှမတတ်နိုင်ပါ။

“ဟော…ဆရာကြီးကိုယ်တိုင် လာတာကိုး”

အတန်းကိုင်ဆရာက ကျောင်းအုပ်ဆရာကြီးကို တွေ့တာနှင့် လေးစားစွာ နှုတ်ဆက်၏။

“ဒီသားက မင်းလက်ျာတဲ့၊ ဆရာ့အခန်းမှာပဲ ထားမယ်၊ သေချာဂရုစိုက်ပေးပါ ဆရာ”

မင်းလက်ျာကို ဆရာကြီးက အပ်နေသည်။ အတန်းပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာက တည်ငြိမ်စွာပင်…

"စိတ်ချပါ ဆရာ၊ ကျွန်တော် ကျောင်းသားတိုင်းကို ဂရုစိုက်ပါတယ်"

"ဒါပေမယ့် မင်းလကျ်ာကိုတော့ ဒီပြင်ကျောင်းသားတွေ ထက် ပိုဂရုစိုက်ရမယ်ဆရာ"

ဆရာကြီးက အတန်းပိုင်ဆရာနား ခပ်တိုးတိုးကပ်ပြော၏။ အတန်းပိုင်ဆရာ သဘောပေါက်သွားဟန်ဖြင့်…

"ကျွန်တော် သဘောပေါက်ပါပြီဆရာ"

"အေး…ဒါဖြင့် ကလေးကို ငါထားခဲ့မယ်"

"ဟုတ်ကဲ့"

အတန်းပိုင်ဆရာလက်ထဲ မင်းလကျ်ာ ကျန်ရစ်လေ၏။ ဆရာက မင်းလကျ်ာကို ကျောင်းသားကျောင်းသူများနှင့် မိတ်ဆက်ပေး၏။

"သူကတော့ ဒီနေ့မှ ရောက်လာတဲ့ ကျောင်းသားသစ်ပဲ၊ မင်းလကျ်ာတဲ့၊ ကဲ အားလုံးက နှုတ်ဆက်လိုက်ပါဦး"

ဆရာ့စကားအဆုံး အတန်းသူ အတန်းသားများက…

"မင်္ဂလာပါသူငယ်ချင်း"





ဟု ညီညွတ်စွာ နှုတ်ဆက်လိုက်ကြ၏။ ထိုအထဲမှာ မောင် မပါဝင်ပေ။

မင်းလကျ်ာလိုလူမျိုးနှင့် သူ သူငယ်ချင်း မတော်လိုပေ။ မာန်ဝင့်ကြွားသော မင်းလကျ်ာ၏ဒက်ဒီစကားကို သူ ကြားခဲ့ပြီ မဟုတ်လား။

"ကဲ…မင်းလကျ်ာ ဘယ်မှာထိုင်ချင်လဲ"

ဆရာ၏အမေးကြောင့် မင်းလကျ်ာက ယောကျ်ားလေးများ ထိုင်ရာ အတန်းကို လှမ်းကြည့်သည်။ ထို့နောက် နောက်ဆုံးတန်းမှာ ထိုင်နေသော သူ့ဆီ အကြည့်ရောက်လာ၏။

"ကျွန်တော် ဟိုခုံမှာထိုင်မယ် ဆရာ"

"ဟေ"

"ဟင်"

မင်းလကျ်ာစကားကြောင့် ဆရာအပါအဝင် အားလုံး အံ့သြ သွားသည်။ သူကတော့ တည်ငြိမ်စွာဖြင့် မင်းလကျ်ာကို ကြည့်နေ လိုက်၏။ ခဏနေမှ ဆရာက…

"မဟုတ်သေးဘူးထင်တယ် မင်းလကျ်ာ၊ အဲဒီခုံက"

"ကျွန်တော် အဲဒီခုံမှာပဲထိုင်ဖို့ ဆုံးဖြတ်လိုက်ပြီဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနှင့် မင်းလက်ျာက တည့်မတ်သော ခြေလှမ်းများဖြင့် မောင်ထိုင်နေသည့် နောက်ဆုံးခုံဆီသို့ လျှောက်လာခဲ့တော့၏။

✵ ၀ ✵



သူ့ခုံသို့ မင်းလက်ျာ လာထိုင်ပေမယ့် စကားတစ်လုံးမှ မပြောမိ။ မင်းလက်ျာကို မရှိသလိုပဲ သဘောထားကာ မြယွန်းမှီ အကြောင်းသာ စဉ်းစားနေမိ၏။ မုန့်စားဆင်းချိန်မှာ…

“မင်းလက်ျာ ငါတို့နဲ့လာထိုင်ပါလား”

“ဟုတ်တယ်၊ ဆရာကလည်း မင်းကို ရှေ့မှာထိုင်စေချင်ပုံပဲ”

ရှေ့တန်းရှိ စာတော်သော အုပ်စုက မင်းလက်ျာကို မျက်နှာလိုမျက်နှာရ ခေါ်ကြသည်။

မင်းလက်ျာဖခင် ဘယ်လောက်ချမ်းသာတယ်ဆိုတာ သူတို့ အချိန်တိုအတွင်း သိသွားကြပုံပါပဲ။

အထူးသဖြင့် မောင်လို လူဆိုးတစ်ယောက်နှင့် ထိုင်နေတာကို သူတို့ကြိုက်ပုံမရ။ မင်းလက်ျာက အားလုံးကို ခေါင်းခါပြပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆန့်၏။

"ဟင့်အင်း…ငါ ဒီမှာထိုင်ချင်လို့"

ထိုစကားကြောင့် သူတို့မျက်နှာ ပျက်သွားကြပုံပါပဲ။

သူကတော့ ပခုံးတွန့်ကာ ပြုံးလိုက်ချင်မိ၏။ မင်းလက်ျာကိုလည်း ချီးကျူးမိသည်။ အပေါ်ယံရုပ်သွင်မှာ ပျော့သယောင်ရှိပေမယ့် ဆုံးဖြတ်ချက်ကို မပြင်တတ်သည့် စိတ်ဓာတ် ပြင်းထန်သော လူတစ်ယောက်ပဲ။

သူက မြယွန်းမှီရှိရာသွားဖို့ ပြင်စဉ်…

"မင်း ဘယ်သွားမလို့လဲ"

ပထမဆုံး သူ့ကို စပြောသည့် မင်းလက်ျာအသံ။ သူ အံ့ဩသလိုကြည့်သည်။

"ငါ့အသိတစ်ယောက်ဆီ သွားမလို့"

"ငါလည်းလိုက်မယ်၊ ဖြစ်နိုင်ရင် မင်းပဲ ငါ့ကို ဒီကျောင်း ဝင်းတစ်ခုလုံး လိုက်ပြပါလား"

သူနှင့် မင်းလက်ျာတို့ အကြည့်ချင်းဆုံ၏။ မင်းလက်ျာ သည် သူ့ရှေ့သားတစ်ယောက် ဝီသပေသည်။ အဝတ်အစားကအ တကယ့်အကောင်းစားတွေ၊ တစ်သက်လုံး အရိပ်ထဲနေလာခဲ့သူမို့





လားမသိ ယောက်ျားတန်မဲ့ အသားအရေက ဖြူဝင်းစိုနေ၏။

"ငါ ဘယ်သူလဲဆိုတာ မင်းသိလို့လား မင်းလက်ျာ"

ပထမဆုံးအကြိမ် မင်းလက်ျာနာမည်ကို သူခေါ်လိုက်၏။ မင်းလက်ျာက စူးစမ်းသောမျက်လုံးဖြင့် သူ့ကိုကြည့်သည်။

"ငါသိတာကတော့ မင်းဟာ ဒီအခန်းထဲက လူတစ်ယောက်ပဲ"

သူ ပခုံးတွန့်လိုက်၏။

"အရင်ဆုံး မင်း ငါ့နာမည်ကို သိသင့်တယ်၊ ငါ့နာမည် သိရင် ငါဟာ ဘယ်လိုလူလဲဆိုတာ မင်းအလိုလိုသိလာလိမ့်မယ် မင်းလက်ျာ"

သည်တော့ မင်းလက်ျာ ခေါင်းခါယမ်း၏။

"မင်းနာမည် ငါ့ကိုပြောပြပါ၊ ဒါပေမယ့် မင်းအကြောင်း တွေ ငါသိစရာမလိုဘူး၊ မင်းဟာ ဘယ်လိုလူပဲဖြစ်ဖြစ် ငါ့အတွက် အရေးမကြီးဘူး၊ ဒီကျောင်းကိုရောက်တော့ ငါ ပထမဆုံးတွေ့လိုက် တာ မင်းကိုပဲ၊ မင်းမျက်လုံးတွေက ငါ့အတွက် ထူးခြားတယ်၊ ဒါကြောင့် ငါ မင်းနဲ့ သူငယ်ချင်းဖြစ်ဖို့ ဆုံးဖြတ်လိုက်တယ်"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၏ရုံးခန်းရှေ့မှာ သူ့ကိုတွေ့လိုက်ရတာဝဲ။ မင်းလကျ်ာသည်လည်း ထူးခြားသော လူတစ်ယောက်ဟု သူသတ် မှတ်လိုက်၏။

"ဟုတ်တယ်၊ တကယ်တော့ မင်းနဲ့ငါ သူငယ်ချင်းဖြ သင့်ဘူး၊ မင်းသိချင်တယ်ဆိုရင်တော့ ငါ့နာမည် မောင်"

"ယောကျ်ားပီသတဲ့ နာမည်ပဲ၊ ကဲ ငါတို့သွားကြ အောင်"

မင်းလကျ်ာကပဲ အစာန်းထဲမှ ဦးဆောင်ထွက်ခဲ့သည် တကယ်တော့ မြယွန်းမှီဆီကို မင်းလကျ်ာနှင့်အတူ သူမသွားချင်ပါ သို့သော် မင်းလကျ်ာကို ထားခဲ့လို့လည်း ရမည်မဟုတ်ပေ။

"မင်းရဲ့အသိဆိုတာ စောစောက ငါ ရုံးခန်းမှာတွေ့လိုက် တဲ့ ကောင်မလေးလား မောင်"

နှစ်ယောက်သား လျှောက်ရင်း မင်းလကျ်ာက သူ့ ဖျတ်ခနဲကြည့်ကာ မေး၏။ သူ မျက်မှောင်အနည်းငယ် တွန့်သွာ လျက်...

"မြယွန်းမှီကို မင်းမြင်လိုက်တယ်ပေါ့ မင်းလကျ်ာ"

"သူက ဒီနေ့မှ ကျောင်းစအပ်တာလား"





မင်းလကျ်ာက သူ့ကို ဆက်မေး၏။ သူခေါင်းညိတ်လိုက် သည်။

"မြယွန်းမှီအဖေ နေမကောင်းလို့ ငါ့ဦးလေးက သူ့ကို ကျောင်းလိုက်အပ်ပေးတာ၊ အဲဒါကြောင့် မြယွန်းမှီ အဆင်ပြေလား ဆိုတာ အခု ငါသွားကြည့်တာ မင်းလကျ်ာ"

သူ ဘာကြောင့်များ မင်းလကျ်ာကို မြယွန်းမှီအကြောင်း တွေ ပြောပြမိပါလိမ့်။

မြယွန်းမှီ အခန်းရောက်တော့...

"ဟောင်...ကိုမောင်"

အခန်းထဲမှာ တစ်ယောက်တည်း စာဖတ်နေသော သူမကို တွေ့ရ၏။ သူ ပြုံးပြလိုက်သည်။

"အဆင်ပြေရဲ့လား မှီ"

"ရှင်...ဟုတ်ကဲ့၊ ကိုမောင်တို့ ကူညီလို့ မှီ အဆင်ပြေ သွားပါတယ်၊ ကျေးဇူးပဲနော်"

သူ ခေါင်းခါယမ်းလိုက်၏။ တကယ်တော့ သူတို့ကို အားကိုးမိလို့ သူမပင် ဒုက္ခရောက်တော့မလို့။

"ကျေးဇူးတင်စရာမလိုပါဘူး မှီ၊ တကယ်တော့ မှီကို



www.burmeseclassic.com

www.burmeseclassic.com



ကူညီခဲ့တာ ငါမဟုတ်ဘူး"

"ဦးဖေကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကိုမောင်ပြောပေးလို့ ဦးဖေက မိုကို ကူညီခဲ့တာ မဟုတ်လား"

"သြော်"

မနက်က ဦးဖေနှင့်သူ ပြောခဲ့တဲ့စကားတွေကို သူမကြားသွားသည် ထင်ပါရဲ့။

"ဒါနဲ့ မို မုန့်စားမဆင်းဘူးလား"

အလိုက်မသိ သူမေးလိုက်ပြီးမှ မျက်နှာလေး အနည်းငယ် ဖျက်သွားသော သူမကို အားနာသွားရသည်။

"ဟင့်အင်း…မို ထမင်းချိုင့်ယူလာခဲ့တယ်. ကိုမောင်၊ ဒီမှာလေ"

လက်သုတ်ပဝါလေးဖြင့် သပ်ရပ်စွာချည်ထားသော ပလတ်စတစ်ဘူးပြားလေးကို ပြ၏။

မင်းလက်ျာက သူနှင့်မိုကို ဖျတ်ခနဲ လှမ်းကြည့်သည်။ သူမကလည်း မနက်က ရုံးခန်းတွင်တွေ့ခဲ့သော မင်းလက်ျာကို မှတ်မိသွားပုံ။

"သူက မင်းလက်ျာတဲ့၊ ငါနဲ့လိုက်လာတာလေ"





"သြော်…အင်း"

မြယွန်းမိုက မင်းလက်ျာကို တစ်ချက်သာကြည့်ပြီး နောက်ထပ်ဘာမှမပြော။

"မြယွန်းမိုကော ကျွန်တော်တို့နဲ့ မုန့်စားလိုက်ခဲ့ပါလား၊ ဒီနေ့ ကျွန်တော် ဒီကျောင်းကို ရောက်တဲ့ အထိမ်းအမှတ်နဲ့ မောင်နဲ့ မြယွန်းမိုကို မုန့်ကျွေးပါရစေ"

မင်းလက်ျာက မြယွန်းမိုကို ကြည့်ကာ ဖိတ်ခေါ်၏။ သူမ ချက်ချင်း ခေါင်းခါယမ်းသည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်မ ခုပဲ ထမင်းစားပြီးပါတယ်၊ ကိုမင်းလက်ျာ"

သူမ ဒီလိုငြင်းတာကို သဘောကျမိတာက မောင်။ မင်းလက်ျာက သူမ၏ငြင်းဆန်ခြင်း ခံရတဲ့အတွက် မျက်နှာ ဖျတ်ခနဲ ပျက်သွားသည်။

တကယ်ဆို မင်းလက်ျာကသာ ဖိတ်ခေါ်ခဲ့လျှင် လိုက်ချင်တဲ့ မိန်းကလေးတွေ အများကြီးမဟုတ်လား။

"ဟုတ်တယ် မင်းလက်ျာ၊ မင်းစေတနာကိုတော့ ငါလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မင်းကျွေးမှာကိုတော့ ငါလက်မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးကွာ”

သူကလည်း ငြင်းတော့ မင်းလကျ်ာ၏ ဖြူသောအသား မှာ အနည်းငယ် နီသွားသယောင်။

“အေးလေ…မင်းတို့ငြင်းမှတော့ ငါ ဘာတတ်နိုင်မှာလဲ၊ ဒါပေမယ့် ဒီလိုငြင်းတာဟာ ငါ့ကို သူငယ်ချင်းမတော်ချင်လို့တော့ မဟုတ်ဘူးမို့လား”

မင်းလကျ်ာ၏ ထိုအမေးကြောင့် မောင်နှင့် မြယွန်းမို တစ်ယောက်ကိုတစ်ယောက် ကြည့်မိသည်။

“ငါတို့မှာ ဒီလိုသဘောမျိုးမရှိဘူး မင်းလကျ်ာ၊ ဒါပေမယ့် မင်း ငါနဲ့ပေါင်းရင် ပတ်ဝန်းကျင်က ပြောတာခံရလိမ့်မယ်၊ မနက် ကတောင်ကြည့် မြယွန်းမိုကို ငါတို့နဲ့ပတ်သက်လို့ ဆရာကြီးဟာ အမြင်သိပ်မကြည်ချင်ဘူး”

“အို…မဟုတ်တာ ဦးဖေတို့ ကိုမောင်တို့က လူကောင်း တွေပါ၊ မို ဒါမျိုးတွေ ဂရုမစိုက်ပါဘူး”

မြယွန်းမိုက အားနာဟန်ဖြင့် ခပ်သွက်သွက်ဝင်ပြော၏။ သည်တော့ မင်းလကျ်ာကလည်း…

“ဟုတ်တယ်…ငါလည်း မှန်တယ်ထင်ရင် ပတ်ဝန်းကျင်





ကို ဂရုမစိုက်ဘူး မောင်၊ မင်းနဲ့ပတ်သက်ပြီး ကောင်းခြင်း၊ ဆိုးခြင်း ဝေဖန်တာမျိုး ငါကျေကျေနပ်နပ်ခံမယ်၊ ဘာကြောင့်လဲဆိုတော့ မင်းဟာ ငါရွေးချယ်လိုက်တဲ့ သူငယ်ချင်းကိုး”

ထိုစကားဆုံးတော့ မင်းလကျ်ာ ပြုံး၍ သူ့ကိုကြည့်၏။ သူလည်း ပြုံးလိုက်သည်။

“အမှန်တော့ မင်းလိုလူတစ်ယောက်က ငါ့ကို မပေါင်း သင့်ဘူး မင်းလကျ်ာ၊ ဒါပေမယ့် မင်းကလည်း ငါ့လိုခေါင်းမာတဲ့ လူဆိုတော့ ကံပဲပေါ့၊ ကဲ လက်ဆွဲနှုတ်ဆက်ရအောင်”

သူတို့နှစ်ယောက်ကို တည်ငြိမ်သော မျက်ဝန်းလေးများ ဖြင့် ငေးကြည့်နေတာက မြယွန်းမို။

ဆန့်ကျင်ဘက်နှစ်ယောက် လာပေါင်းမိနေခြင်း မဟုတ် လား။



www.burmeseclassic.com

www.burmeseclassic.com

"မင်းကို ငါ့ကြောင့် ဆရာကြီးက လက်မခံလိုက်မှာ အတော်စိုးရိမ်သွားခဲ့တယ်"

ကျောင်းဆင်းချိန် နှစ်ယောက်သား လမ်းလျှောက်ပြန်ခဲ့ကြသည်။ ယခင်ကတော့ သူတစ်ယောက်တည်းမို့ အခွင့်သင့်လျှင် သူငယ်ချင်းတွေနဲ့ လိုက်သွားတတ်တာမို့ အိမ်ပြန်နောက်ကျတတ်သည်။

"ကိုမောင်က ဒီလောက်မဆိုးပါဘူး၊ စိတ်ရင်းကောင်းတယ်၊ ဒါပေမယ့် မဟုတ်မခံစိတ်ရှိတယ်လို့ ဦးဖေပြောတယ်"

"အဟွန်း…ဦးဖေကလား ငါ့ကို ကြံဖန်ချီးကျူးနေတာပဲ မှီ"

လောကကြီးမှာ ဦးဖေအတွက် အထင်ကြီးဆုံး၊ အားအထားဆုံးက သူလေ။ သူ့ကွယ်ရာမှာ သူ့အကြောင်းတွေ လူတွေ





ရှေ့ ချီးကျူးတတ်တယ်မဟုတ်လား။

"ဟင့်အင်း…ဦးဖေက အရှိအတိုင်းချီးကျူးတာပါ၊ တကယ်လည်း ကိုမောင် စိတ်ရင်းကောင်းတာပဲ၊ ဒါကြောင့် ညက အဖေလဲတော့ ကူညီတာ၊ ခုလည်း မှီ ကျောင်းအတွက် ကိုမောင် ကတ်နိုင်တဲ့ဘက်က ကူညီတာမဟုတ်လား"

"ကူညီရာမရောက်ဘဲ ဒုက္ခပေးရာရောက်မှာကို စိုးရိမ်သွားတာ"

မြယွန်းမှီသာ ကျောင်းတက်ခွင့်မရခဲ့လျှင် သူအတော် စိတ်ထိခိုက်မှာဖြစ်၏။ မြယွန်းမှီကတော့ အေးဆေးတည်ငြိမ်စွာပင်။

"ဟင့်အင်း…တကယ်လို့ အဲဒီလိုဖြစ်ခဲ့ရင်တောင်မှ မှီတော့ ဒါဟာ မှီရဲ့ကံလို့ပဲ ယူဆမှာပေါ့ ကိုမောင်"

"မင်းက ငါ့ထက်စာရင် အတော်တည်ငြိမ်တာပဲ မှီ"

"ဘဝသင်ခန်းစာတွေပါ ကိုမောင်"

သူ့ထက် ငယ်ရွယ်သော သူမသည် ဘဝဒဏ်ကို အတော်ခံစားခဲ့ဘူးတာ သေချာ၏။

တကယ်တော့ သူလည်း သူမနဲ့အတူတူပဲလေ။ ယခုထက်တိုင် လောကခံ ရိုက်ခတ်ဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဦးလေး သက်သာရဲ့လား"

"အင်း...မို့ထွက်လာတော့ အိပ်ရာနိုးပြီ၊ အဖေ့အတွက် ထမင်းပွဲပြင်ပေးခဲ့တယ်"

"ဦးလေးကို အရက်လျှော့သောက်နိုင်းပါလား မို့"

သူမ သက်ပြင်းချ၏။

"မလွယ်ပါဘူး ကိုမောင်၊ အရက်က အဖေ့ကို အနိုင်ယူသွားပါပြီ"

"မင်းအမေကော မို့"

မထင်မှတ်ဘဲ သူ၏အမေးကြောင့် သူမမျက်နှာလေး ဖျက်ယွင်းသွားသည်။

"အမေဆုံးပြီ ကိုမောင်၊ အမေဆုံးမှ အဖေအရက်သောက်တာ ပိုဆိုးလာတယ်"

"မင်းနဲ့ငါက ဘဝတူပါလား မို့၊ ငါ့မှာလည်း မိဘနှစ်ပါးလုံး မရှိတော့ဘူး"

"သြော်"

ယခုမှ သူမကလည်း သူ့ကိုသိကာ ကရုဏာသက်သွား၏။





"မို့ စိတ်မကောင်းဖြစ်သွားလား"

"ဟင့်"

"မို့ အမေအကြောင်း မေးမိလို့လေ"

"ကိုမောင်မှာလည်း မိဘတွေမရှိတော့ဘူး မဟုတ်လား၊ မို့တို့က ဘဝတူတွေပဲ"

"ဒါပေမယ့် မင်းမှာက အဖေရှိသေးတယ်လေ"

သူမ ခေါင်းလေးညိတ်သည်။ သို့သော် အမြဲမူးနေသော အဖေကြောင့် သူမ ဘယ်လောက်စိတ်ညစ်ရတယ်ဆိုတာ သူမသိ။

"ဦးဖေကလည်း ကိုမောင်အတွက် အဖေပါပဲ"

"ဟုတ်ပါတယ်၊ မှန်တာပြောရရင် အဖေထက်တောင် ပိုကောင်းပါသေးတယ် မို့"

ငယ်စဉ်ကတည်းက သူ့ကို ကျွေးမွေးစောင့်ရှောက်လာသော ဦးဖေ၏ ကျေးဇူးတွေ များလှသည်။ ထို့ကြောင့် တစ်နေ့ သူပြန်ဆပ်နိုင်ဖို့ မျှော်လင့်၏။

"ကိုမောင်တို့နဲ့ အိမ်နီးချင်းလာဖြစ်ရတာ မို့တို့ ကံကောင်းတယ်"

"ဘာကြောင့် ဒီလိုထင်ရတာလဲ မို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ကိုမောင်တို့က စိတ်ကောင်းစေတနာကောင်း ရှိတယ်လေ၊ တချို့ဆို အိမ်ငှားချင်းတောင် တည့်တာမဟုတ်ဘူး"

သူ ခေါင်းခါယမ်း၏။ တကယ်တော့ အရက်ဆိုင်ဖွင့်ထားသော ဦးလေးကြောင့် သူမကို သူ အားနာသည်။

"မို စိတ်မညစ်ဘူးလား"

"ဘာကိုလဲဟင်"

"ဩော်…အိမ်မှာ ဦးလေး အရက်ဆိုင်ဖွင့်တာကိုလေ"

သူမက တစ်ခဏငြိမ်သွားပြီးမှ သက်ပြင်းဖွဖွချသည်။

"ဒါက ကိုမောင်တို့စီးပွားရေးလေ၊ မို နားလည်ပါတယ်"

"ငါတော့ မင်းကိုအားနာတယ်"

"ရပါတယ်"

ပြောရင်း နှစ်ယောက်သား အိမ်ရောက်လာတော့…

"ဟော…အဖေ"

"ဦးလေး"

သူမ၏အဖေက ဦးလေးဆိုင်တွင် အရက်သောက်နေသည်။ ထို့ကြောင့် သူ မျက်နှာပျက်သွား၏။





"အဖေ…ဒီနေ့ ရုံးမသွားဘူးလားဟင်"

"ဩော်…သမီး အဖေ ဒီနေ့ ရုံးနောက်ကျသွားတယ်လေ၊ ပြီးတော့ ခေါင်းထဲကလည်း ကိုက်နေတာနဲ့"

"မင်းအဖေကို ဦးလေး မသောက်ဖို့ပြောပါတယ်ကွယ်၊ ဒါပေမယ့် မရဘူး"

ဦးလေးက ရှင်းပြနေ၏။ သူမမျက်နှာလေး ပျက်နေသည်။

"ရပါတယ် ဦးလေး၊ အဖေက ဦးလေးဆိုင်မသောက်လည်း တခြားမှာသွားသောက်မှာပါ၊ ကဲ အဖေ အိမ်ပြန်ရအောင်"

သူမက ဖခင်ဖြစ်သူကို လက်ဆွဲခေါ်သည်။

"ငါလိုက်ပို့မယ် မို၊ မင်းသွားနှင့်ပါ"

"ကိုမောင်ကို အားနာစရာ အဖေ"

"ရပါတယ် မို"

အနည်းငယ်မူးနေပြီဖြစ်သော သူမ၏ဖခင်ကို သူတွဲကာ လိုက်ပို့သည်။

"ကျေး…ကျေးဇူးပဲငါ့တူ၊ ဒါနဲ့ သမီးကို ကျောင်းအပ်ပေးတဲ့ ငါ့တူဆို"

"ဦးဖေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မင်းတို့ တူအရီးနှစ်ယောက်ကိုတော့ ကျေးဇူးတင်တယ်ဟေ့"

ထိုမျှပြောပြီး အိပ်ပျော်သွားလေ၏။ ရွယ်တူ သူစိမ်းယောက်ျားလေးရှေ့မှာ ကိုယ့်အဖေက ဒီလိုဖြစ်နေတာ သူမ ရှက်ပါသည်။ ထို့ကြောင့် မျက်ရည်တွေဝဲလာရ၏။

"ဘာမှစိတ်မညစ်ပါနဲ့ မို၊ ဦးလေးနိုးလာမှ ငါတို့အားလုံးဝိုင်းပြီး နားချတာပေါ့၊ ကဲ ခုတော့နားလိုက်ဦးနော်"

သူဆက်နေလျှင် သူမ ပိုစိတ်ညစ်မှာစိုး၍ ထွက်လာခဲ့သည်။ အိမ်ပြန်ရောက်တော့ သက်ပြင်းချမိ၏။

"ဦးဖေကလည်းဗျာ ဘာလို့ သူ့ကို အရက်ရောင်းတာလဲ"

"မောင်...မင်းရှေ့မှာ ဟိုကောင်မလေး ပြောသွားတာမကြားဘူးလား၊ ငါ့ဆိုင်မှာ မသောက်လည်း သူ တခြားဆိုင်မှာသောက်မယ်ဆိုတာ"

"ဟင်း...မြယွန်းမိုတော့ သိပ်စိတ်ညစ်နေမှာပဲ"

"အေးကွာ...ဒီလူကလဲ"

ညနေဘက် သူထမင်းစားပြီး ပန်းကန်ထွက်ဆေး၏။





မြယွန်းမိုကို မတွေ့ရ။ အရင် ဒီအချိန်ဆို သူမ ထမင်းချက်ဖို့လုပ်နေကြပါ။

မြယွန်းမိုအတွက် သူ စိတ်ပူသွား၏။ ထိုစဉ်...

"အဟင့်...ဟင့်"

ရှိုက်သံသဲ့သဲ့ကို သူကြားလိုက်ရတာကြောင့် မျက်မှောင်တွန့်သွား၏။

ဒါ...သူမအသံပဲ။

"မို...မြယွန်းမို"

ဘယ်လိုမှ နေလို့မရတာကြောင့် သူ ခပ်တိုးတိုးခေါ်လိုက်၏။ ငိုသံရပ်သွားသည်။

"မို...မို မင်းငိုနေတာလားဟင်၊ ထမင်းကော စားပြီးပြီလား"

အသံက အတော်ကြာအောင် တိတ်သွား၏။

"မို...မင်းမပြောရင် ငါ အဲဒီဘက်လာကြည့်မယ်နော်"

သည်တော့မှ ငိုထားသော မျက်နှာလေးဖြင့် သူမထွက်လာ၏။ သူမမျက်နှာလေးကိုကြည့်ကာ သူစိတ်မကောင်းဖြစ်သွားသည်။

"မိုရယ်"

"ကိုမောင်...မိုကို ဂရုမစိုက်ပါနဲ့၊ အဖေ ဒီလိုပဲ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခဏခဏပျက်လို့ မှီ စိတ်ညစ်တယ်၊ မှီ ကျောင်းထွက်ပြီး အလုပ်လုပ်မှထင်တယ်"

"ဟင်…မှီက ဒီအရွယ်လေးနဲ့ ကျောင်းထွက်ပြီး ဘာလုပ်နိုင်မှာလဲ၊ မနက်ကြမှ ကိုယ် ဦးလေးကို ပြောပါဦးမယ်၊ ခဏနော် မှီ"

သူ အိမ်ထဲဝင်သွားပြီး ညဘက်ဆာလျှင် အသင့်စားနိုင်ရန် ရယ်ဒီမိတ် ခေါက်ဆွဲထုပ်တွေ ယူလာသည်။

"ရော့…မှီ ဒီခေါက်ဆွဲကို ပြုတ်စားလိုက်၊ ကောင်းတယ်"

"အို…ဟင့်အင်း"

"မှီ"

သူတစ်ခွန်းအော်လိုက်မိတော့ သူမ ငြိမ်သွား၏။ ထို့နောက် နီရဲသော မျက်လုံးတို့ဖြင့် သူ့လက်ထဲမှ ခေါက်ဆွဲထုပ်များကို ယူသွားလေ၏။

ဟင်း…။

မောင် သက်ပြင်းချလိုက်၏။

✵ ▯ ✵



"ရော့…ဒါက မင်းနဲ့ မြယွန်းမှီအတွက်"

"ဘာတွေလဲ မင်းလက်ျာ"

"ချောကလက်တောင့်တွေလေ၊ မင်း မစားဖူးဘူးမဟုတ်လား မောင်"

"အင်း"

ရွှေရောင်စက္ကူပတ်များနဲ့ ချောကလက်တောင့်များကို မောင် စိုက်ကြည့်မိ၏။ သေချာတာကတော့ ဒီလိုအစားအစာတွေဟာ သူတို့လို လူတန်းစားတွေနဲ့ အလှမ်းဝေးတာပါပဲ။

"မင်း…ငါနဲ့ပေါင်းရတာ မနှစ်မြို့ဘူးလား မင်းလက်ျာ"

မင်းလက်ျာကို ဖျတ်ခနဲကြည့်ကာ သူမေးလိုက်၏။ မင်းလက်ျာ ခေါင်းခါယမ်းသည်။

"မင်းကိုကြည့်ရတာ သူ့ရဲကောင်းတစ်ယောက်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်၊ မင်း နေထိုင်သွားလာ လှုပ်ရှားတာတွေက လွတ်လပ်တယ်၊ ငါ မင်းကိုအားကျတယ်"

ထိုစကားကြောင့် သူ့မျက်ခုံးများ ပင့်ခနဲဖြစ်သွား၏။ တကယ်တော့ သူလို အစစအဆင်မပြေသည့် လူတစ်ယောက်မှာ ဘာမျှအားကျစရာမရှိ။

"ဘာကိုအားကျတာလဲ၊ ငါ့ရဲ့ ကြမ်းတမ်းတဲ့ဘဝကိုလား မင်းလကျာ"

"ဟင့်အင်း…မင်းရဲ့ ယောကျာ်းပီသမှုကိုပါ"

သူ့ဌေးသားဖြစ်သော မင်းလကျာအဖို့တော့ ဘယ်ကိုသွားသွား ကားလေးတစ်စီးနှင့် စားစရာဆိုလျှင် ကြိုက်တာအသင့်။ ဝတ်စရာဆိုတာက အကောင်းစားများ။ မိဘနှစ်ပါး အပါအဝင် အားလုံးက မင်းလကျာကို အရိပ်တကြည့်ကြည့်။

"အဟွန်း…တကယ် အားကျသင့်တာက မင်းဘဝပါ မင်းလကျာ၊ မင်းမှာ စားသောက်နေထိုင်ဖို့ ဘာတစ်ခုပူရလဲ၊ ငါကတော့ ဦးလေးအရက်ရောင်းတော့ ထမင်းကိုယ်တိုင်ချက်ရတယ်၊ ထင်းခွဲရေခပ်ရတယ်၊ အဝတ်အစား ကိုယ်တိုင်လျှော်ရတယ်ကွ"

ခပ်မဲ့မဲ့ပြုံးကာ သူပြောတော့ မင်းလကျာ ငြိမ်၍ နားထောင်၏။ သူ့စကားဆုံးတော့…



"မင်းက…လက်ရေ့လည်း အထိုးကောင်းတယ်၊ ဘောလုံးလည်း ကောင်းကောင်းကန်တတ်တယ်လေ"

"အဟွန်း…ဒါတွေကို မင်းက အားကျတယ်လား မင်းလကျာ၊ လက်ရေ့ထိုးတာ၊ ဘောလုံးကန်တာတွေဟာ ငါ့အတွက် အပျင်းပြေပါ၊ အဲဒါတွေထက် ပိုကောင်းတာက ရန်ဖြစ်တာလေ"

"ဘာကြောင့် မင်းရန်ဖြစ်တယ်ဆိုတာ ငါသိပြီးပြီ မောင်၊ တကယ်တော့ မင်းလုပ်တာ မှန်တယ်လို့ ငါထင်တယ်"

မင်းလကျာကို သူ အံ့ဩသလို ကြည့်မိ၏။ ဘယ်လောက်ထူးဆန်းလဲ။ သူ့ရန်ဖြစ်တာကို ပထမဆုံး အားပေးတာက မင်းလကျာ။

"ဟား…ဟား မင်းတော့ ငါနဲ့ပေါင်းတာ မှားပြီထင်တယ် မင်းလကျာ"

သူခေါင်းမော့ကာ ရယ်မိ၏။ လောကမှာ မင်းလကျာလို လူမျိုးလည်း ရှိသားပါလား။

အံ့ဩစရာကောင်းအောင် မင်းလကျာက သူ့လိုလိုက်လုပ်သည်။ သူကျောင်းလစ်လျှင် မင်းလကျာကပါ လိုက်လစ်၏။





www.burmeseclassic.com

www.burmeseclassic.com



"ငါက ငါ့အကြောင်းနဲ့ငါ ကျောင်းလစ်တာ မင်းလကျာ၊ မင်းက ကျောင်းပျက်မခံပါနဲ့"

"ရတယ်…မလိုဘူး မောင်၊ ငါလည်း ကျောင်းလစ်ဖူးတယ်ရှိအောင် လိုက်တာ"

ထိုကဲ့သို့ တားလို့မရတော့ နှစ်ယောက်ပေါင်း လောင်းကျော်ဖြစ်ရသည်။

"မင်းဘယ်သွားမှာလဲ မောင်"

"ငါ့မိတ်ဆွေတွေဆီ"

နောက်ထပ် ဘာမှမမေးတော့ဘဲ မင်းလကျာ လိုက်လာ၏။ မြို့စွန်ရှိ အိမ်ပျက်ကြီးထဲမှာ ဖြစ်သည်။

"မောင်…လာဟေ့ တို့ မင်းကိုစောင့်နေတာ"

"အေး…ဒီမှာ ငါနဲ့ဧည့်သည်ပါလာတယ်၊ မင်းလကျာတဲ့ကွ"

အားလုံးက မင်းလကျာကို ဝိုင်းကြည့်၏။ သူဒွေးသားဝီသစွာ မင်းလကျာပုံစံက ဖြူသန့်နေတာမဟုတ်လား။

မင်းလကျာအမြင်မှာတော့…

အဝတ်အစားခပ်နွမ်းနွမ်း နီကြောင်ကြောင် ဆံပင်များနှင့်





မျက်နှာတွင် အဆီတွေပုံလျက် ပြုံးရှုံကြည့်နေသော လူများ။

"ဒါ…ငါ့မိတ်ဆွေတွေပဲ မင်းလကျာ၊ ဘယ်လိုလဲ လိုက်လာမိတာ မင်းနောင်တရပြီလား"

မောင်မေးတော့ မင်းလကျာ ခေါင်းခါယမ်းသည်။

"ဟင့်အင်း…ငါက မင်းသူငယ်ချင်းပဲမောင်၊ ဒီတော့ သူတို့ကလည်း ငါ့သူငယ်ချင်းတွေပဲပေါ့"

"ဟား…ဟား မင်းခေါ်လာတဲ့လူကိုတော့ ငါတို့ ကြိုက်သွားပြီမောင်"

ရွယ်တူချင်းပေမယ့် ဘဝပေးအခြေအနေတွေကြောင့် ကျောင်းမနေတော့ဘဲ လောကကျောင်း တက်နေသူတွေလေ။

ဘဝဆိုတာ ဘာလဲဟု မောင်က မင်းလကျာကို သိစေချင်၏။

"သူတို့က တချို့ မြစ်ဆိပ်မှာ ထမင်းစားတယ်၊ တချို့က စားသောက်ဆိုင်မှာ စားပွဲထိုးတယ်၊ တချို့က ပလတ်စတစ်ကောက်ကြတယ် မင်းလကျာ"

"ဪ"

မှန်တာပြောရလျှင် မွေးကတည်းက ရွှေနှမ်းကိုက်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



မင်းလက်ျာအတွက် ယခုလိုမျိုးတွေ မြင်တွေ့တော့ အံ့သြထူးဆန်းနေ၏။

ကြည့်စမ်း…သူနှင့်ရွယ်တူတွေ၊ အနည်းငယ်ကြီးသော သူတွေ ဆိုပေမယ့် ဘဝက မင်းလက်ျာနှင့် တခြားစီပါလား။

“ဒါပေမယ့် သေချာတာက သူတို့အားလုံး မရှိပေမယ့် မခိုးဘူး၊ ဘဝကို ရုန်းကန်တယ် မင်းလက်ျာ”

မောင်က သူ့အဖွဲ့ဝင်များအကြောင်းကို ပြောပြနေ၏။

ဒက်ဒီပြောနေကြ စကားတချို့ကို ကြားယောင်မိသည်။

“လောကမှာ ချမ်းသာဖို့ဆိုရင် နည်းလမ်းပေါင်းစုံသုံးရမယ်၊ ရိုးသားနေရင် တစ်သက်လုံး ချမ်းသာမှာမဟုတ်ဘူး”

ဒက်ဒီက သူ့လူယုံတော်ကို ပြောသောစကားအား မင်းလက်ျာ အမှတ်မထင် ကြားခဲ့ခြင်းဖြစ်၏။

ဒါဆို ယခု မောင်၏မိတ်ဆွေတွေကတော့ ရိုးသားလွန်း၍ ဆင်းရဲနေကြတာလားဟု မင်းလက်ျာ တွေးမိသည်။

“ခင်ဗျားတို့အားလုံးနဲ့ အသိအမှတ်ပြုတဲ့ပွဲအဖြစ် ကျွန်တော် ဝယ်ကျွေးပါရစေ”

မင်းလက်ျာပြောတော့ အားလုံးထအော်၏။ အမှန်တော့





ပျော်သွားကြခြင်း။

“သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ မင်းလက်ျာ၊ ငါတို့က အစားကြီးတယ်နော်”

မင်းလက်ျာ ပြုံးသည်။ ထို့နောက် အိတ်ထဲမှ ငွေစက္ကူ တချို့ကို ထုတ်ပေးလိုက်၏။

“ဒီလောက်ဆိုဖြစ်လား၊ ခင်ဗျားတို့ ကြိုက်တာဝယ်ပါ”

“အိုကေ…ဘော်ဒါတို့ ဘာစားကြမလဲ”

တစ်ယောက်တစ်ပေါက် ထအော်ကြသည်။ မောင်က ပြုံးကြည့်နေ၏။

“မင်းဘဝမှာ ဒီလိုလူမျိုးတွေကို တွေ့ဖူးမယ်မထင်ဘူး မင်းလက်ျာ”

မောင်ပြောတော့ မင်းလက်ျာ ငြိမ်နေသည်။ တကယ် လည်း မတွေ့ခဲ့ပါ။ မင်းလက်ျာ၏ အသိုင်းအဝိုင်းသည် စိန်မှုန်၊ ရွှေမှုန်ကဲ့ပက်ဖြန်းထားတာပဲ။

“ဘာဖြစ်လို့ မင်း သူတို့နဲ့ ပေါင်းတာလဲ မောင်”

“သူတို့က အစကထဲက ငါ့သူငယ်ချင်းတွေပဲ၊ ငါ့ထက် ကံဆိုးလို့ ဒီလိုဘဝရောက်ကြတာ၊ ငါ မပစ်ပယ်နိုင်ဘူး၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို အနိုင်ကျင့်တဲ့လူရှိရင် ငါလိုက်ဆုံးမတယ် မင်းလက်ျာ”

အေးဆေးတည်ငြိမ်စွာပဲ သူပြောလိုက်၏။

“ဒါဆို မြယွန်းမှီကကော”

မင်းလက်ျာ၏ အမေးကြောင့် မောင့်မျက်နှာ တည်ခနဲ ဖြစ်သွားသည်။

“မြယွန်းမှီဟာ ငါ့ဘဝရဲ့ ပထမဆုံး မိန်းကလေးသူငယ်ချင်းပဲ၊ သူက ပိုသနားစရာကောင်းတယ် မင်းလက်ျာ၊ ဘာကြောင့်လဲဆိုတော့”

“သူ့အဖေ အရက်သမားကြီး ဖြစ်နေလို့လား မောင်”

မောင်က မင်းလက်ျာကို ဖျတ်ခနဲကြည့်၏။

“မင်းတောင် မှီအကြောင်း အတော်သိနေပြီကိုး”

“ငါစုံစမ်းတာ မဟုတ်ဘူး၊ တစ်လောက မြယွန်းမှီအဖေ မူးမူးနဲ့ ကျောင်းလိုက်လာတယ်၊ အဲဒီမှာတွေ့တာ”

“ဟင်”

သေချာတယ်၊ သူ ကျောင်းမတက်တဲ့ရက်က ဖြစ်မည်။ မြယွန်းမှီ၏ ဖခင်ကို သူစိတ်ဆိုးချင်သွားရသည်။

ထိုကဲ့သို့ လုပ်သည့်အတွက် မြယွန်းမှီ ဘယ်လောက်





အားငယ်မလဲ။

“အဲဒီနေ့က ဒက်ဒီလည်းတွေ့တယ်၊ ဒက်ဒီက ပြောတယ်၊ အဲဒီလိုလူမျိုးဟာ ဘယ်တော့မှ မကြီးပွားဘူးတဲ့”

သာမန်ကြည့်လျှင် ဒီစကားဟာ လူတစ်ယောက်ရဲ့ သိက္ခာကို စော်ကားတာမှန်ပေမယ့် တကယ်တမ်း စဉ်းစားကြည့်တော့ မြယွန်းမှီ ဖခင်သည် တကယ့်ကို ဘဝတုံးနေပြီ။

ထို့ကြောင့် မင်းလက်ျာ့ဒက်ဒီပြောတာ မလွန်။ သို့သော် ဒါကိုပဲ သူ့ရင်ထဲက ဘာကြောင့် မကြိုက်ချင်တာပါလိမ့်။

✵ ▯ ✵



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း…ကျွန်မ အဲဒါတွေမကြိုက်ဘူး"

မင်းလကျ်ာပေးသော ချော့ကလက်တောင့်များကို သူမ ငြင်းပယ်သည်။ မင်းလကျ်ာ မျက်နှာမှုန်သွား၏။

"ကျွန်တော်ဘာပေးပေး မြယွန်းမို လက်မခံဘူးနော်"

သူမ-ဘာမှမပြောဘဲ ငြိမ်နေ၏။ မောင်က မြယွန်းမို၏ မာနကို ကြိတ်ကာ သဘောကျမိသည်။ သို့သော် မင်းလကျ်ာကို တော့ အနည်းငယ် အားနာသင့်သည်ထင်။

"ဒီချော့ကလက်တောင့်တွေက ငါတို့မစားလည်း အမှိုက်ပုံးထဲ ရောက်သွားမှာ မို"

မောင် ဝင်ပြောလိုက်၏။ သည်တော့ သူမမျက်နှာလေး ဆတ်ခနဲဖြစ်သွား၏။

"ယူထားလိုက်ပါ မို၊ အနည်းဆုံးတော့ ဒီလိုတန်ဖိုးကြီး





တဲ့ ချော့ကလက်ကို ကိုင်ဖူးတာပေါ့"

"ဟုတ်တယ် မို၊ မိုမယူလည်း ကျွန်တော်လွှင့်ပစ်မှာပဲ"

မင်းလကျ်ာက ထပ်၍ ခြိမ်းခြောက်၏။ သူမက မောင် နှင့် မင်းလကျ်ာကို တစ်လှည့်စီကြည့်သည်။

"ဒီတစ်ခါ နောက်ဆုံးပဲနော်"

ဖြူနုသော သူမ၏လက်လေး ကမ်းလာသည်။ မင်းလကျ်ာနှုတ်ခမ်းတွေ ပြုံးသွား၏။

ကြည့်စမ်း မင်းလကျ်ာ၏ အသားနှင့် သူမအသားတို့ ဖြူနုပုံခြင်း တူလိုက်တာ။ လှလိုက်တဲ့ လက်တွေပဲဟု မောင် တွေးသည်။

"မြယွန်းမိုမှာ အခက်အခဲရှိရင် ပြောပါ၊ ကျွန်တော် ကူညီနိုင်သမျှ ကူညီပါ့မယ်"

မြယွန်းမိုကို ကြည့်ကာ မင်းလကျ်ာ ပြော၏။ သူမ ခေါင်းလေး ခါယမ်းသည်။

"ဟင့်အင်း…ကျွန်မ ဘာမှအကူအညီမလိုပါဘူး ကိုမင်းလကျ်ာ၊ ကျေးဇူးပါပဲ"

"ကျွန်တော် ဘာမှမကူညီရသေးပါဘူးဗျာ၊ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



မတင်ပါနဲ့"

ကျောင်းဝတ်စုံ နွမ်းနွမ်းလေးကြားမှ မြယွန်းမို့၏အသွင်လေးက ဖြူသန့်နေသည်။ သေချာတာကတော့ မြယွန်းမို့လို မိန်းကလေးမျိုးကို မင်းလက်ျာ မတွေ့ဖူးခြင်းပင်။

မောင်ကတော့ သူတို့နှစ်ယောက်၏ ပရိသတ်၊ မြယွန်းမို့လို မိန်းကလေးမျိုးသည် ဘယ်လောက်ပဲ ဒုက္ခတွေ့ပါစေ တစ်ယောက်တည်း အံကြိတ်ခံမှာဖြစ်၏။

"ဒီကျောင်းမှာတော့ မင်းလက်ျာကို အခွင့်အရေးပေးချင်တဲ့ မိန်းကလေးတွေ အများကြီးပဲမို့"

"ကိုမောင် ဘာကိုဆိုလိုတာလဲ"

"သြော် . . . မင်းလက်ျာ အခွင့်အရေးပေးတာ မို့ တစ်ယောက်ပဲလို့ သိစေချင်တာပါ"

သူလိုလူကို ခင်မည့်အစား မင်းလက်ျာလို သူဌေးသားမျိုး သူမခင်လျှင် ပိုအကျိုးရှိမည်ဟု ထင်သောကြောင့် ထိုသို့ပြောမိခြင်းပါ။

သူမမျက်နှာလေး တည်သွား၏။

"ဒီလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုမောင်၊





ကဲ မို့ကို ခွင့်ပြုပါဦး"

ပြောပြီး သူမထွက်သွားသည်။ မောင်နှင့် မင်းလက်ျာတို့ နှစ်ယောက် သူမကိုငေးကြည့်ရင်း ကျန်ခဲ့၏။

"မြယွန်းမို့ စိတ်ဆိုးသွားပြီထင်တယ် မောင်"

"မင်းကိုလား လက်ျာ၊ စိတ်ချ သူ မင်းကို စိတ်မဆိုးပါဘူး"

သည်တော့ မင်းလက်ျာ ခေါင်းခါယမ်း၏။

"မဟုတ်ဘူး . . . မင်းကို စိတ်ဆိုးသွားတာဖြစ်မယ် မောင်"

"အယွန်း . . . ဒါတော့ ဟုတ်နိုင်တယ်၊ ငါက မိန်းကလေးတွေနဲ့ စကားသိပ်မပြောတတ်ဘူး လက်ျာ"

"ဒါပေမယ့် မြယွန်းမို့က မင်းကို တော်တော်ခင်တဲ့ပုံပဲ မောင်"

"ဒါတော့မသိဘူး"

မြယွန်းမို့ မျက်နှာက တည်ငြိမ်လွန်းတာကြောင့် အကဲခတ်ရခက်၏။ သို့သော် ဒီတစ်ခါ မြယွန်းမို့ စိတ်ဆိုးသွားတာ သူ့ကိုဟု သိနေသလိုပါပဲ။

"ငါ . . . မင်းတို့အိမ် လာလည်ရမလား မောင်"



www.burmeseclassic.com

www.burmeseclassic.com



မင်းလက်ျာ၏အမေးက သူ့အတွက် ထူးဆန်းနေသည်။

"ရွှေနန်းတော်ထဲက ရှင်ဘုရင်သား တဲထဲကြွလာသလို ဖြစ်မှာပေါ့ လက်ျာ"

"မင်းကလဲ"

"ငါတကယ်ပြောတာ လက်ျာ၊ ငါတို့က အခန်းကျဉ်းလေးငှားနေတာ မင်းကို ထိုင်ဖို့နေစရာတောင် ပေးနိုင်မယ်မထင်ဘူး၊ ပြီးတော့ ငါ့ဦးလေးက အရက်ရောင်းတယ်၊ ငါတို့အိမ်ကို မင်းလာတာ မင်းဒက်ဒီ ကြိုက်မယ်မထင်ဘူး"

"အဲဒါကတော့ သေချာတယ်၊ ဒါပေမယ့် ငါလာချင်တဲ့နေ့ ရောက်မှာပဲ မောင်"

မင်းလက်ျာဆိုတာ မောင့်လိုပဲ ခေါင်းတစ်မျိုးမာတဲ့လူလေ။ သူ ပခုံးတစ်ချက်တွန့်လိုက်၏။

"မင်းလာချင်တာ ငါ့အိမ်ကိုမဟုတ်ဘူး လက်ျာ၊ မြယွန်းမှိအိမ်ကိုထင်တယ်"

ထိုအခိုက် မင်းလက်ျာ၏ ဖြူသောမျက်နှာ ရဲခနဲဖြစ်သွားသည်။

"မြယွန်းမှိကြားရင် စိတ်ဆိုးလိမ့်မယ် မောင်"





"ဘာလဲ မင်းက စိတ်ဆိုးမှာကြောက်လား လက်ျာ"

"တော်စမ်းပါကွာ"

သူရယ်လိုက်၏။ မင်းလက်ျာက အစမ်းသပ်မခံပါလား။ အိမ်ရောက်တော့...

"မြယွန်းမှိ"

သူ့ကိုတွေ့လျက်နဲ့ သူမက အိမ်ရှေ့မှ လှည့်ထွက်သွား၏။ သိလိုက်ပြီ၊ သူမက သူ့ကို စိတ်ဆိုးနေပြီဆိုတာ။

"ငါ့ကို စိတ်ဆိုးနေတာလား မြယွန်းမှိ"

"ဒီမှာမောင်...မင်းလက်ျာဟာ ဘယ်လောက်ပဲ ချမ်းသာတဲ့ သူဌေးသားဖြစ်ပါစေ မှိ စိတ်မဝင်စားဘူး၊ မှိသိတာ ကိုယ့်အားကိုယ်ကိုးဖို့ပဲ၊ ဒီတော့ ကျေးဇူးပြုပြီး နောက်ထပ် မှိရှေ့မှာ လက်ျာကောင်းကြောင်းတွေ မပြောပါနဲ့တော့"

သူ သက်ပြင်းချလိုက်သည်။ တကယ်တော့ မြယွန်းမှိအတွက် ပြောခဲ့ခြင်းပါ။

"ငါသိပါပြီ၊ တကယ်တော့ ငါက ငါ့ထက်စာရင် မင်းလက်ျာကို နင်ပိုခင်ရင် ကောင်းမယ်ထင်လို့ ပြောမိတာပါ"

"မောင့်ထက်စာရင် ဟုတ်လား၊ နေပါဦး မောင်က



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေလို့လဲဟင်၊ မို့က လူတစ်ယောက်ကို ခင်တဲ့နေရာမှာ ချမ်းသာတာ ဆင်းရဲတာကို ရွေးတာမဟုတ်ဘူး၊ မို့အတွက်တော့ မင်းလက်ျာထက် မောင်က ပိုကောင်းရင် ကောင်းနေမှာပေါ့"

အမှတ်မထင် သူမပြောလိုက်သော စကားတစ်ခွန်းကြောင့် သူ့မျက်လုံးတွေ လက်ခနဲတောက်သွား၏။ သူမရှေ့မှာ အဲဒီစကား တစ်ခွန်းနဲ့တင် သူ မားမားမတ်မတ် ရပ်ချင်သွားရသည်။

ပြောပြီးမှ သူမမျက်နှာလေး နီကာ အိမ်ထဲလှည့်ခနဲ ဝင်သွား၏။ သူပြုံး၍ ကျန်ရစ်၏။

"ဟိတ်ကောင် မောင်၊ အံမယ် တစ်ယောက်တည်း ဘာ ပြုံးနေတာလဲ"

"ဟာ…ဦးဖေ"

"လာစမ်း…မောင် မင်းကို ပြောစရာရှိတယ်"

ဦးဖေခေါ်တာကြောင့် သူ အိမ်ထဲဝင်ခဲ့၏။ ဦးဖေမျက်နှာ က တစ်ခုခုကို အရေးကြီးနေဟန်။

"ဘာပြောစရာရှိလဲ ဦးဖေ"

"ရှူး…မြယွန်းမို့ကော"

"အိမ်ပြန်ရောက်နေပြီ"





ဦးဖေပြောစရာရှိတာ မြယွန်းမို့နဲ့ ပတ်သက်နေသလားဟု သူတွေးမိ၏။

"ဒီမှာမောင်…ဟိုလူ ရုံးမှာမူးလဲကျလို့တဲ့"

"ဗျာ"

"အဲဒါ ခုလေးတင်ပဲ ရုံးကလူတစ်ယောက် လာပြောလို့ ငါနဲ့လမ်းမှာတွေ့တယ်ကွ"

"ဒါ…ဒါဆို မို့…မို့ မသိသေးဘူးပေါ့၊ ဟုတ်လား ဦးဖေ"

"အေး…မင်း ကောင်မလေးကို သွားပြောမလား"

သူ ခေါင်းငိုက်စိုက် ကျသွား၏။ ဦးဖေက သူ့ဆေးရုံ လိုက်သွားမယ်ပြောပြီး ထွက်သွားသည်။

ဘာတတ်နိုင်မှာလဲ။

ဒီကိစ္စဟာ မပြောလို့မဖြစ်တာ သူ သက်ပြင်းရှိုက်လျက် သူမဆီ ထွက်ခဲ့၏။

"မို့"

"ဟင်…မောင်"

သေချာတယ် ဒီအချိန်မှာ သူ့မျက်နှာပျက်နေမယ်ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



"မို...မင်း...မင်းအဖေ ရုံးမှာမှုလဲလို"

"အို...ဒါဆို"

"ငါတို့ ဆေးရုံလိုက်သွားမယ် မို"

မျက်ရည်တွေဝဲလျက် သူမက သူနှင့်အတူ လိုက်ခဲ့လေ၏။

"သိပ်လည်း စိတ်မပူပါနဲ့ မို၊ အခြေအနေကောင်းမှာပါ"

သူအားပေးသည့်တိုင် သူမက တိတ်ဆိတ်နေ၏။ တကယ်တော့ သူကိုယ်တိုင်လည်း ရင်ထဲအားမရှိလှပေ။

ဆေးရုံရောက်တော့ ဦးဖေ၏ ဝမ်းနည်းနေသော မျက်နှာကို သူတို့တွေ့လိုက်ရလေသည်။

❋ ❋



"မင်းအတွက် ငါစိတ်မကောင်းပါဘူး မြပွင့်နှင်းမို"

မျက်ရည်တွေ ပေါက်ပေါက်ကျလျက် အံတင်းတင်းကြိတ်ထားသော မြပွင့်နှင်းမိုကိုကြည့်ကာ သူ သက်ပြင်းသာချမိ၏။

မြပွင့်နှင်းမို၏ ဖခင် ရုတ်တရက် ဆုံးသွားခြင်းက အားလုံး စိတ်မကောင်းဖြစ်ရုံကလွဲ၍ ဘာမှမတတ်နိုင်။

မင်းလက်ဂျာကလည်း ရောက်လာသည်။

"ငါ တတ်နိုင်သလောက် ကူညီပါရစေ မောင်"

သူ့လက်ထဲသို့ မင်းလက်ဂျာက ငွေတစ်ထပ် ထည့်၏။ ယခုချိန်အခါမှာ ငွေကြေးအင်အားအနေဖြင့် သူကိုယ်တိုင် မတတ်နိုင်ပါ။ တစ်ချိန်လုံး အရက်သောက်နေသော မြပွင့်နှင်းမို၏ ဖခင်သည် သူမအတွက် ဘာမှချန်မထားခဲ့။ အရက်ကြွေးများပင် ကျန်နေသေး၏။ ဦးဖေဆိုင်ကမဟုတ်ဘဲ တခြားအကြွေးများပင်။



www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ ကိုယ့်သမီးတစ်ယောက်ကို မျက်နှာငယ်ရအောင် ထားသွားတာပဲ"

ဦးဖေက ထိုသို့ဝေဖန်၏။ တခြားအကြွေးရှင်တွေလည်း ရောက်လာကြသည်။

ထိုက်စွတွေအားလုံးကို မင်းလက်ျာ၏ ပိုက်ဆံနှင့်ပဲ မောင်က ဦးဆောင်ဖြေရှင်းလိုက်ရ၏။

"မင်းကို ကျေးဇူးတင်ပါတယ် လက်ျာ"

"မလိုပါဘူးကွာ၊ ဒီကိစ္စတွေ မြယွန်းမို မသိပါစေနဲ့"

"ဒါပေမယ့် အခွင့်သင့်ရင် ပြောပြရမယ် လက်ျာ"

"နေပါစေကွာ"

ဦးဖေနှင့်သူ ဦးဆောင်ကာ မြယွန်းမို၏ ဖခင်ရှာပနကို ပြီးစေသည်။ သူမက နောက်ပိုင်းမငိုဘဲ တစ်ယောက်တည်း တိတ်နေတတ်၏။

"ဒီလိုမအိပ်မစားဘဲ မနေပါနဲ့ မို၊ ကြာရင် မင်းဒုက္ခရောက်လိမ့်မယ်"

သူနှစ်သိမ့်တော့ မျက်ရည်များကြားမှ သူမ မချိသလို ပြုံး၏။





"မိဘဝမှာ ဒုက္ခဆိုတာ မဆန်းတော့ပါဘူး မောင်"

"ဒုက္ခတွေဆိုတာ အမြဲရှိနေမှာ မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ မင်းနားမှာ ငါနဲ့ ဦးဖေ ရှိတယ်၊ ဘာမှအားမငယ်ပါနဲ့ မို"

"ကျေးဇူးတင်ပါတယ် မောင်၊ ဦးဖေနဲ့ မောင်ဟာ မို ကျေးဇူးရှင်ပါ"

"ဒီလိုမပြောစမ်းပါနဲ့ မိုရာ"

သူမအကြောင်းကို သူနှင့်ဦးဖေ တိုင်ပင်ကြရ၏။

"ဦးဖေအနေနဲ့ ကျွန်တော်တစ်ယောက်နဲ့တင် ဘယ်လောက်ပင်ပန်းတယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် မြယွန်းမိုက"

"ဘာလဲ…ငါက မြယွန်းမိုကို ဆက်မွေးစားရမှာလား မောင်"

ထိုသို့မေးတော့ သူမှာ ဦးဖေကို အားနာသွားရ၏။ သို့သော် မြယွန်းမိုကို လျစ်လျူမရှုနိုင်ပါ။

"ဘာပဲဖြစ်ဖြစ် မြယွန်းမိုမှာ ကျွန်တော်တို့ပဲ အားကိုးစရာရှိတာမဟုတ်လား ဦးဖေ"

"အင်း…ကောင်မလေးကလည်း တစ်ကောင်ကြွက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆွေမရှိမျိုးမရှိ သနားစရာပဲ မောင်”

ဦးဖေ သက်ပြင်းချရင်း ပြော၏။

“မြယွန်းမှီကို ဦးဖေ မွေးစားလိုက်ပါ၊ ကျွန်တော် အလုပ်ထွက်လုပ်ပါ့မယ် ဦးဖေ”

“အံမယ်…ငါ့ကောင်ရာ မင်းက မြယွန်းမှီအတွက် ဒီလောက်တောင် စွန့်စားဦးမှာလားကွဟင်”

သူကျောင်းထွက်မယ်ဆိုတာနှင့် ဦးဖေ မကြိုက်ဟန်ပြောသည်။ သူမျက်နှာ နီခနဲဖြစ်သွား၏။

“မဟုတ်ပါဘူး၊ ကျွန်တော်က နှစ်ယောက်စာဆိုတော့ ဦးဖေ ပင်ပန်းမှာစိုးလို့ပါ”

“မလိုပါဘူးကွာ၊ မြယွန်းမှီတစ်ယောက်က ဘယ်လောက်မှ စားနိုင်တာလည်း မဟုတ်ဘူး၊ ကောင်မလေးသဘောတူရင် ငါမွေးစားပါ့မယ် မောင်”

“ဗျာ…ဂကကယ်လား ဦးဖေ”

သူဝမ်းသာစွာ မေးလိုက်၏။ ဦးဖေက ပြုံးပြုံးကြီး ခေါင်းညိတ်ပြသည်။ သူချက်ချင်းပဲ သူမဆီ ထွက်ခဲ့၏။

“မှီ”





သူရောက်တော့ သူမက ခပ်မှောင်မှောင်ချောင်လေးတွင် တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေသည်။ ထိုပုံကိုမြင်ရတော့ သူ စိတ်မကောင်းဖြစ်သွား၏။

“မောင်ပါလား၊ ကျောင်းမသွားဘူးလားဟင်”

“ကျောင်းက အရေးမကြီးပါဘူး မှီ၊ ဒါနဲ့ မှီ နေကောင်းရဲ့လား”

ထိုအမေးကြောင့် သူမ မျက်လွှာလေးချသွား၏။ တစ်ပတ်အတွင်းမှာ သူမမျက်နှာလေး သိသာစွာ ချောင်သွားပါလား။

“နေကောင်းပါတယ် မောင်၊ ဦးဖေနဲ့မောင်တို့လည်း မှီကြောင့် တော်တော်ပင်ပန်းကုန်ကြပြီနော်”

“ဒီလောက်လည်း မဟုတ်ပါဘူး၊ အခု မှီကို ပြောစရာရှိလို့”

“ဘာလဲ မောင်”

သူနှင့်သူမ အကြည့်ချင်း ဆုံ၏။ သူ့စိတ်ထဲ သူမအပေါ် ကရုဏာစိတ်တွေသာ လွှမ်းမိုးနေသည်။

“ဦးဖေက မင်းကို မွေးစားမယ်တဲ့ မှီ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



သူက ခမ်းသာစွာပြောသလောက် သူမ ငြိမ်သွား၏။ ခဏနေမှ သူ့ကို ဖြည်းညင်းစွာ ကြည့်လာ၏။

"အဲဒီလိုဖြစ်ဖို့ မောင်ပြောတာ မဟုတ်လားဟင်"

သူမသိနေတာပဲ၊ သူပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပါ တို့နှစ်ယောက် မောင်နှမတော်ကြရမှာ မင်းဝမ်းမသာဘူးလား မို"

သူမက ဖြည်းညင်းစွာ ခေါင်းခါယမ်း၏။ သူ မျက်နှာ ပျက်သွားသည်။

"ဦးဖေကို မိုကြောင့် ပိုပြီးမပင်ပန်းစေချင်ဘူး မောင်"

"ဒါတွေ ဘာလို့တွေးရတာလဲ မို၊ လိုအပ်ရင် ငါလည်း အလုပ်လုပ်မှာပါ"

သူမမျက်နှာလေးကို ကြည့်ကာ မောင်ပြော၏။ မောင့် စေတနာတွေကြောင့် သူမပို၍ ငိုချင်သွားသည်။

မောင်ရယ်...

အဲဒါတွေကြောင့်လည်း မိုလေ နင့်ကိုပိုပြီး ဒုက္ခမပေးရက်တာပေါ့ကွယ်။

ကြည်လင်နေသော မောင့်မျက်နှာကိုကြည့်ပြီး သူမစိတ်ထဲ





က ပြောမိ၏။

"မောင်နဲ့ ဦးဖေတို့ စေတနာတွေကို မို...မို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်"

"တော်တော့ မို၊ ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့၊ ခုဆို ဦးလေးလည်းမရှိတော့ မိုတစ်ယောက်တည်း"

"ဟုတ်တယ်၊ လောကမှာ မိုတစ်ယောက်တည်းပါ မောင်"

ပြောရင်း သူမမျက်ရည်တွေ ကျလာ၏။ သူ ရင်နင့်သွားသည်။

"မဟုတ်ဘူး...မဟုတ်ဘူး၊ လောကမှာ မိုတစ်ယောက်တည်းမဟုတ်ဘူး၊ မိုနားမှာ မောင်ရှိတယ်"

"အို...မောင်ရယ်"

သူမက သူ့ရင်ခွင်တွင် ဝင်ရောက်ငိုရှိုက်လေ၏။ သူမ့ကို သူမအတွက် စိတ်မကောင်းလွန်းကာ အံကြိတ်ထားသည့်ကြားမှ မျက်ရည်ဝဲချင်လာသည်။

တစ်ချိန်ပေါ့လေ...တစ်ချိန်ချိန်ပေါ့။ ထိုအချိန်မှာ သူမရှေ့က သူ ရဲတင်းစွာရပ်တည်ပေးနိုင်မှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"မြယွန်းမိုကို ကျောင်းအုပ်ဆရာကြီးက ခေါ်တယ်"

ထိုစကားကြောင့် ဦးဖေကိုခေါ်ကာ မြယွန်းမို ဆရာကြီးဆီ လျှောက်လာခဲ့၏။ ထူးဆန်းတာကတော့ ဆရာကြီးရုံးခန်းမှာ မင်းလက်ျာတို့မိသားစုလည်း ရောက်နေခြင်းပင်။

"ဟော...ဦးဖေလည်းပါလာတာကိုး၊ ကောင်းတယ် သမီး မြယွန်းမို လာ"

မောင်ကတော့ ထုံးစံအတိုင်း ရုံးခန်းအပြင်ဘက်မှာ မင်းလက်ျာကတော့ သူ့မိဘတွေနှင့်အတူ ထိုင်နေ၏။

မြယွန်းမိုကို မြင်တော့ မင်းလက်ျာ တစ်ချက်လှမ်းပြုံးပြသည်။ မြယွန်းမိုက ပြန်ပြုံးပြပေမယ့် သောကတွေလွှမ်းနေတာမို့ ပီပြင်မည်မဟုတ်ပေ။

"ဟို...ကျွန်တော်တို့ကို ခေါ်တယ်ဆိုတာ ဘာ...ဘာကိစ္စများရှိလို့လဲမသိဘူး ဆရာကြီး"

ဦးဖေက ခါးကို ရှေ့သို့ အနည်းငယ်ကိုင်းကာ ဆရာကြီးကို မဝံ့မရဲမေး၏။

"ဟုတ်ကဲ့ ဦးဖေ၊ ကျွန်တော် ပြောပါ့မယ်၊ ဒီကိစ္စ ကျွန်တော်မပြောခင် ဒီက မင်းလက်ျာရဲ့ မိဘတွေဖြစ်တဲ့ ဦးမင်း





ဉာဏ်နဲ့ ဒေါ်အေမီဆိုတာ ဦးဖေနဲ့ သမီး မြယွန်းမို သိပါတယ်နော်"

"ဗျာ...ဟုတ်...ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် သူဌေး"

ဦးဖေက ဦးမင်းဉာဏ်ကို အပြုံးနှင့် နှုတ်ဆက်၏။ ဦးမင်းဉာဏ်က ဦးဖေကို တစ်ချက်ကြည့်သည်။

"ခင်ဗျားက အရက်ပုန်းရောင်းတယ်ဆို"

"ဗျာ...ဒါ...ဒါက"

ဦးမင်းဉာဏ်၏ အမေးကို ရုတ်တရက် ဦးဖေ ဘာပြောရမှန်းမသိ ဖြစ်သွား၏။ ဦးမင်းဉာဏ်က တည်ငြိမ်အေးဆေးသော မျက်နှာဖြင့် ဆရာကြီးကို ကြည့်သည်။

"ကဲ...ဆရာကြီးကပဲ ပြောပါခင်ဗျာ"

"ကောင်းပါပြီ ဦးမင်းဉာဏ်"

ထို့နောက် ဆရာကြီး၏မျက်လုံးများက ဦးဖေနှင့် မြယွန်းမိုဆီသို့ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

"သမီး မြယွန်းမှီ အခု ဆရာကြီးပြောတဲ့စကားကို သေချာနားထောင်နော်"

"ရှင်...ဟုတ်ကဲ့ဆရာကြီး"

ဦးဖေကတော့ ဆရာကြီး၏စကားထက် ဦးမင်းညာဏ်တို့ ဘာကြောင့် ဒီကိုရောက်နေတယ်ဆိုတာ သိချင်နေသည်။

မြယွန်းမှီကတော့ ဆရာကြီး ဘာပြောမှာပါလိမ့်ဟု တွေးနေမိ၏။ ကျောင်းလခတွေ မသွင်းနိုင်တဲ့ သူမကို ကျောင်းမှာ လက်မခံဘူးဟု ပြောမလို့လား။

ရုံးခန်းပြင်ပမှာ မောင်ကတော့ ထုံးစံအတိုင်း လူကြီးတွေ မမြင်အောင် ချောင်း၍နားထောင်ရုံသာ။

မင်းလက်ျာက ဘာကိစ္စ သူ့မိဘတွေနဲ့ ရောက်နေတာလဲ ဟု မောင်တွေး၏။ မင်းလက်ျာ၏ မာမီကတော့ မြယွန်းမှီကို





အပြုံးဖြင့် မကြာခဏကြည့်သည်။

"အင်း...ဒီကိစ္စတွေအားလုံး အဓိက ဆရာကြီးနဲ့ ဒီက ဦးမင်းညာဏ်တို့ တိုင်ပင်တာပါ သမီး၊ ခုဆို...သမီးမှာ အဖေ လည်းမရှိတော့ဘူး၊ သမီးရဲ့ ဆွေမျိုးသားချင်းဆိုတာကလည်း မရှိ တော့ သမီးဘ၀အတွက် အားကိုးစရာ လိုနေပြီလို့ ဆရာကြီးတို့ထင် တယ်"

"ဟို...ဒီအတွက်"

ဦးဖေက ကြားမှ၀င်ပြောဖို့ ကြိုးစား၏။ သို့သော် ဆရာ ကြီးက မျက်နှာတည်တည်ဖြင့် ဆတ်ခနဲ ကြည့်တော့ ဦးဖေ ပါးစပ် ပိတ်သွားသည်။

"ဒါကြောင့် သမီးဘ၀ရဲ့ ရှေ့ရေးကို စဉ်းစားပြီး ဆရာ ကြီးတို့ တိုင်ပင်ကြတဲ့အခါ၊ ဟောဒီက သူဌေး ဦးမင်းညာဏ်တို့ ဇနီးမောင်နှံက မြယွန်းမှီကို မွေးစားဖို့ ဆရာကြီးကို ကမ်းလှမ်း လာတယ်ကွယ်"

"ရှင်"

"ဗျာ"

"ဟင်"

ဆရာကြီး၏ စကားကြောင့် ကာယကံရှင်ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းမိုကိုယ်တိုင် အံ့ဩသွားသလို နားထောင်နေကြသော ဦးဖေနှင့် ရုံးခန်းပြင်ဘက်မှ မောင် တို့လည်း အလွန်အံ့သြသွားကြ၏။

"ဆရာ…ဆရာကြီးပြောလိုက်တာက မြ မြယွန်းမိုကို ဒီက ဦးမင်းညဏ်တို့က"

ထိုအခါ တစ်ချိန်လုံးတိတ်ဆိတ်နေသော ဦးမင်းညဏ်က ဝင်ပြောလာ၏။

"ဟုတ်ပါတယ်…ဒီကလေးမ မြယွန်းမိုကို ကျုပ်တို့ မွေးစားဖို့ ဆုံးဖြတ်ထားတယ်၊ ဒါကြောင့် ဆရာကြီးရဲ့ရှေ့မှာ ဒီကလေးမရဲ့ သဘောထားသိချင်လို့ ခေါ်တာပါ"

ဦးမင်းညဏ်၏ ဇနီးဖြစ်သော ဒေါ်အေမိကလည်း မြယွန်းမိုကို ပြုံး၍ကြည့်ကာ ဝင်ပြောသည်။

"သမီးလေး မြယွန်းမိုကို အန်တီတို့က သမီးအရင်းလေးလို့ သဘောထားပြီး မွေးမှာပါကွယ်၊ ဒါကြောင့် ဘာမှ မပူပါနဲ့"

ထိုစကားတွေ ပြောနေစဉ်အတွင်း မင်းလကျ်ာကတော့ တိတ်ဆိတ်နေသော မြယွန်းမိုကိုသာ စိုက်ကြည့်နေမိ၏။

တကယ်တော့ မင်းလကျ်ာ တစ်ယောက်တည်း မဟုတ်ပါ၊ ရုံးခန်းပြင်ပမှ မောင်ကလည်း မြယွန်းမို ဘာဖြေမလဲဟု သိချင်စွာ ကြည့်နေသည်။





ဦးဖေကတော့ ဦးမင်းညဏ်တို့ကို တစ်လှည့် မြယွန်းမိုကို တစ်လှည့်ကြည့်နေ၏။ အခန်းထဲ ရုတ်တရက် တိတ်ဆိတ်သွားပြီးမှ ဆရာကြီးအသံ ထွက်ပေါ်လာ၏။

"အခု…ဆရာကြီးတို့ ပြောတာတွေ အားလုံးကို သမီး မြယွန်းမို သဘောပေါက်တယ်နော်"

"ရှင်…ဟုတ်…ဟုတ်ကဲ့ ဆရာကြီး"

တိတ်ဆိတ်နေသော မြယွန်းမိုသည် ယခုမှ သတိဝင်လာသလို ခေါင်းညိတ်၏။

"ဒါဆို…သမီးကို ဦးမင်းညဏ်တို့ မွေးစားမယ်ဆိုတာ လက်ခံလား"

ဆရာကြီးက မေးနေပြီ။ မြယွန်းမိုက ဦးဖေကိုကြည့်၏။

ထို့နောက် အခန်းပြင်ဘက်မှာ ရှိနေသော မောင်ရှိရာကို မသိမသာလှမ်းကြည့်၏။

မင်းလကျ်ာက မြယွန်းမိုကို တစ်ခုခုပြောချင်နေပုံ၊ မြယွန်းမို၏ အကြည့်က နောက်ဆုံး မင်းလကျ်ာဆီ ရောက်လာသည်။

သူမကို မွေးစားဖို့ မင်းလကျ်ာက မိဘတွေကို ပြောပေးခဲ့တာလားဟု မေးနေသယောင်။

ထိုစဉ် ဦးဖေက…



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကို စကားနည်းနည်းပြောခွင့်ပေးပါ ဆရာကြီး"

"ကောင်းပြီ၊ ပြောပါ ဦးဖေ"

ဆရာကြီး ခွင့်ပေးတော့ ဦးဖေက တည်ငြိမ်စွာဖြင့် စကားစလာ၏။

"အမှန်တော့ မြပွင့်နှင်းမှိုတို့ သားအဖနဲ့ ကျွန်တော်တို့ တူအရီးဟာ ဆွေမျိုးသားချင်းတွေလို နေလာတာပါ၊ ရုတ်တရက် ကလေးမအဖေဆုံးတော့ မြပွင့်နှင်းမှို တစ်ယောက်တည်း ကျန်ခဲ့တဲ့အခါ၊ ကျွန်တော့်အနေနဲ့ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီကလေးမကို ကျွန်တော့်တူမတစ်ယောက်လို ကျွေးမွေးပြုစုဖို့ စဉ်းစားခဲ့ပါတယ်။

ဒါပေမယ့် လူကြီးမင်းတို့ သိတဲ့အတိုင်း ကျွန်တော်ဟာ အရက်ရောင်းသူပါ။ ဒီလို လူတစ်ယောက်က မွေးစားမှာကို မြပွင့်နှင်းမှို လက်ခံတယ် လက်မခံဘူးဆိုတာ ကျွန်တော် မသိပါဘူး"

ဦးဖေတို့က မွေးစားမည်ဆိုတော့ ဆရာကြီး၏ မျက်နှာမသိမသာ မျက်မှောင်ကြုတ်သွားသလို ဦးမင်းညာဏ်က ဗုန်းဆတ်ခနဲတွန့်၏။

ဒေါ်အေမီကတော့ သိသာစွာ မျက်နှာပျက်သည်။

"ဒီလိုကြားထဲက ဟော့ဒီက သူဌေး ဦးမင်းညာဏ်တို့က မြပွင့်နှင်းမှိုကို မွေးစားမယ်ဆိုတာ တကယ်တမ်း ကျွန်တော်အနေနဲ့ ဝမ်းသာရမယ့် သတင်းပါ ခင်ဗျာ၊ သို့သော်...ဒီလိုသတင်းတွေဟာ ရုတ်တရက် မြပွင့်နှင်းမှိုအတွက် အံ့သြထူးဆန်းစေမှာပါပဲ။ ဒါကြောင့် ကလေးရဲ့ သဘောထား အမှန်ကိုရအောင် သုံးလေးရက် တစ်ပတ်လောက် စဉ်းစားပေးစေချင်ပါတယ် ခင်ဗျာ"

"ကောင်းပြီလေ...ခင်ဗျာပေးတဲ့ အကြံဉာဏ် မဆိုးပါဘူး ဦးဖေ၊ ကလေးက ရုတ်တရက် စဉ်းစားရခက်နေမှာပဲ၊ ဒီတော့ ကြားထဲကပဲ ဦးမင်းညာဏ်တို့ကို ကျွန်တော် တောင်းပန်ပါတယ်။ အချိန်နည်းနည်းစောင့်နေပေးဖို့"

ဆရာကြီးက ဦးမင်းညာဏ်တို့ဘက် လှည့်ပြော၏။ ဦးမင်းညာဏ်က ခေါင်းညိတ်သည်။

"ကောင်းပြီလေ...ကလေးမ အေးအေးဆေးဆေး ဆုံးဖြတ်ပါစေ၊ ကျွန်တော်တို့ စောင့်နေပါမယ် ဆရာကြီး"

ဒေါ်အေမီကတော့ မျက်နှာသိပ်မကောင်းဘဲ ဝင်ပြော၏။

"ဒီလိုဆိုရင်ဖြင့် ဆရာကြီးရယ်၊ အခု သမီးလေး မြပွင့်နှင်းမှိုက တစ်ယောက်တည်းဆိုတော့ လောလောဆယ် ကျွန်မကပဲ အိမ်ကို ခဏခေါ်ထားပါရစေ"

အပျိုရွယ်လေး ရောက်နေပြီဖြစ်သော မြပွင့်နှင်းမှိုကိုကြည့်၍







www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေမီပြောဏ်။

"ဒေါ်အေမီပြောတာ မှန်ပါတယ်၊ ကဲ သမီးလေး မြပယွန်းမှီ လောလောဆယ်တော့ ဒေါ်အေမီတို့နဲ့ လိုက်နေမလား"

ဆရာကြီးက သူ့မကိုမေးသည်။ မြပယွန်းမှီမှာ လူကြီးတွေကြား အနေရကြပ်စွာ ရှိနေ၏။

"သမီး…သမီးကို တစ်ယောက်တည်း စဉ်းစားခွင့်ပေးပါ ဆရာကြီး"

ပထမဆုံးအနေဖြင့် သူမဘက်မှ တောင်းဆိုမှုဖြစ်သည်။

ဆရာကြီးက ခဏစဉ်းစားပြီး ဆုံးဖြတ်၏။

"ကောင်းပြီ…ဦးမင်းညာဏ်နဲ့ ဦးဖေတို့ နှစ်ယောက်လုံးက မြပယွန်းမှီကို မွေးစားလိုတယ်၊ ဒီတော့ လောလောဆယ် မြပယွန်းမှီကို ကျွန်တော့်အိမ်မှာပဲ ခေါ်ထားမယ်။ သူအေးအေးဆေးဆေး ဆုံးဖြတ်ပါစေ၊ နောက်တစ်ပတ်မှာ ကျွန်တော်တို့ ဒီမှာပြန်ဆုံမယ်"

ဆရာကြီး စကားအဆုံး အားလုံးတိတ်ဆိတ်သွား၏။ ထိုနောက် မကြာခင် အသီးသီးနှုတ်ဆက်ကာ ပြန်ကြလေသည်။ အထွက်မှာ မင်းလက်ျာနှင့် မောင် တွေ့၏။

"ရုံးခန်းထဲက စကားတွေ မင်းကြားမှာပေါ့ မောင်"

မောင် မျက်စိမျက်နှာမကောင်းဘဲ ခေါင်းညိတ်သည်။





"အင်း…မင်းရဲ့ မိဘတွေက မြပယွန်းမှီကို ဘာကြောင့် မွေးစားချင်တာလဲ မင်းလက်ျာ"

ထို မေးခွန်းကြောင့် မင်းလက်ျာက မောင့်ကို ခပ်စူးစူးကြည့်၏။

"ဒီအကြောင်းတွေ ငါတို့ အေးအေးဆေးဆေး ပြောကြတာပေါ့ မောင်"

"အဲဒီ ဆွေးနွေးပွဲမှာ မြပယွန်းမှီကော ပါဖို့လိုသလား မင်းလက်ျာ"

"မလိုအပ်ဘူး ထင်တယ်မောင်"

"ဪ"

သည့်နောက် သူတို့နှစ်ယောက်ကြား တိတ်ဆိတ်သွားလေ၏။ သေချာတာကတော့ ဒီကိစ္စမှာ မြပယွန်းမှီအတွက် မင်းလက်ျာ အကြံညာဏ်တွေ ပါနေမည်ဆိုတာပါပဲ။

✲ ▯ ✲



www.burmeseclassic.com

www.burmeseclassic.com

"ဦးမင်းညဏ်နဲ့ ဒေါ်အေးမီတို့ရဲ့ မွေးစားတာကို လက်ခံလိုက်တာဟာ မြယွန်းမှီရဲ့ ဆုံးဖြတ်ချက် တစ်ခုတည်းနဲ့တင် မဟုတ်ဘူး ဆရာကြီးရဲ့ အကြံညဏ်ပါ ပါဝင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

"မှီဟာ...အန်ကယ် ဦးမင်းညဏ်တို့ မွေးစားဖို့ သဘောတူလိုက်တာဟာ ဂုဏ်ခနမက်လို့ မဟုတ်ပါဘူး။ အမိက မောင့်အတွက်ပါ။ ဦးဖေက မှီကို မွေးစားလိုက်ရင် ဦးဖေနဲ့ မောင် သိပ်ပင်ပန်းကြမယ်ဆိုတာကို မှီ မလိုချင်ဘူး၊ ဦးမင်းညဏ်နဲ့ ဒေါ်အေးမီတို့အတွက်ကတော့ လူတစ်ယောက်ရဲ့ တာဝန်ဟာ ဘာမှ မပြောပလောက်ပါဘူးလို့ မှီ ထင်တယ်"

"မြယွန်းမှီကို မွေးစားပေးပါ အဲ့ဒီအတွက် ကျွန်တော် ဒက်ဒီပြောသလို နိုင်ငံခြားမှာသွားပြီး ပညာသင်ပါ့မယ်"





"တကယ်တော့ မြယွန်းမှီ ရွေးချယ်လိုက်တဲ့ လမ်းဟာ အမှန်ဆုံးပါပဲ၊ သူကော တို့ကော စိတ်မပင်ပန်းကြတော့ဘူးပေါ့၊ အမှန်အတိုင်းပြောရင် မြယွန်းမှီသာ တို့နဲ့နေရင် မြောင်းပုတ်ထဲရောက်သလို ဖြစ်သွားမယ်"

"မိန်းမတွေဟာ ဂုဏ်ပကာသနကို မက်မောတတ်ကြတာပဲ၊ မြယွန်းမှီလည်း မိန်းမသားတစ်ယောက်ရဲ့ဇာတိကို ဦးမင်းညဏ်နဲ့ ဒေါ်အေးမီတို့ရဲ့ မွေးစားမှုကို ခံယူလိုက်ခြင်းနဲ့ ပြလိုက်တာပဲ"

"ကျွန်မကတော့ ဘဝမှာ သမီးတစ်ယောက် လိုချင်ခဲ့တယ်၊ အဲ့ဒီအတွက် မြယွန်းမှီကို ရလိုက်လို့ ကျေနပ်တယ်"

"မြယွန်းမှီဟာ ငါ့အတွက် သမီးတစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ချွေးမတစ်ယောက်တော့ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

## "နောင် (၁၀) နှစ်ကြာသောအခါ"



ရန်ကုန်မြို့သည် နေ့စဉ်အားဖြင့် အမြဲတမ်း လူသံကားသံ စက်သံများဖြင့် အမြဲတမ်း ဆူညံရှုပ်ထွေး စည်ကားနေလေ၏။ ရန်ကုန်ရှိ လူတန်းစားအားလုံး မနက်မိုးလင်းမှ စကာ မိုးချုပ်အထိ အလုပ်နှင့်လက် မပြတ်ကြသလိုပါပဲ။

ထိုအထဲတွင် "သူရိန်" ကုမ္ပဏီသည်လည်း အပါအဝင် ဖြစ်၏။ ဦးသူရိန် ဆိုတာက အသက်ငါးဆယ်ကျော် ဝန်းကျင်အိုပေမယ့် အလုပ်မှာ လောဘအလွန်ကြီးသည်။ သူရိန်ကုမ္ပဏီမှ လုပ်ငန်းခွဲပေါင်းများစွာ ရှိသလို နိုင်ငံခြားနှင့်လည်း အဆက်မပြတ်ပေ။

သူရိန် ကုမ္ပဏီ၏ အဓိက လူယုံအားကိုးကတော့ အတွင်းရေးမှူးလည်းဖြစ်သလို၊ မန်နေဂျာလည်းဖြစ်သော မောင် ဖြစ်၏။ မောင်က သူဌေး ဦးသူရိန်၏ လက်ထောက်။

"ဘယ်လိုလဲ မောင် ခုတလော မင်းရာဇာ ကုမ္ပဏီက



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေ သိပ်သွက်နေပါလားကွဟင်၊ ခုလည်း ဟိုတလောက လေလံဆွဲတဲ့ ဆောက်လုပ်ရေးပိုင်းကို သူရသွားပြန်ပြီ”

“ဒါကတော့ သူတို့ ဟိုဘက်လူတွေနဲ့ ပေါင်းလိုက်လို့ပါ သူ့ဌေး၊ ဆောက်လုပ်ရေးပိုင်းက သူတို့ရလိုက်ပေမယ့် ခရီးသွားက ကျွန်တော်တို့ ရလိုက်တာပဲ ပိုက်ဆံလည်းဘာမှ အကုန်အကျမျှား မသွားဘူးလေ”

သည်တော့ ဦးသူရိန် ကျေနပ်စွာ ခေါင်းတညိတ်ညိတ်လုပ်၏။ မောင့်ကို အားကိုးရတာ ဒီလိုနေရာတွေပါပဲ။

“အင်း မင်းလုပ်ရပ်တွေ ကောင်းတယ် မောင်၊ ဒါပေမယ့် ကျေနပ်နေလို့တော့ မဖြစ်ဘူး သူတို့ ခြေလှမ်းကို မြင်နိုင်မှပဲ၊ ဦးမင်းညဏ်က သိပ်ဦးနှောက်ကောင်းတာ ခုဆို သူ့သားလည်း မကြာခင် နိုင်ငံခြားက ပြန်လာတော့မှာဆိုတော့ တို့ပိုပြီး သတိထားရမယ် မောင်”

ဦးသူရိန်၏ စကားကြောင့် မောင်၏ကိုယ်ကြီး ရုတ်တရက် တောင့်ခနဲ ဖြစ်သွားသလိုပါပဲ။

မင်းလကျ်ာ ပြန်လာတော့မယ်တဲ့။

တကယ်တော့ ဆယ်နှစ်ဆိုတဲ့ အချိန်ဟာ သူတို့အတွက်





ခဏလေးလိုပါပဲလား။

သည်ဆယ်နှစ်အတွင်းမှာ သူ့ဘဝလည်းပြောင်းလဲခဲ့၏။ ဇာတိမြို့ကို စွန့်ခွာကာ သူတို့ရန်ကုန်ရောက်ခဲ့သည်။

ဦးဖေက ရန်ကုန်မှာ စားသောက်ဆိုင်လေးဖွင့်၏။ သူက တစ်ဖက်မှ အလုပ်ကူလုပ်ပေးရင်း ကျောင်းတက်ခဲ့သည်။ ဘွဲ့ရပြီး အချိန်မှာ ဦးဖေက သူ့ကို စားသောက်ဆိုင်လေးအား ဦးစီးစေချင်၏။

ဝါသနာမပါသော သူက ဦးသူရိန်၏ကုမ္ပဏီမှာ အလုပ်ဝင်ခဲ့သည်။ ဒါတလည်း သူနှင့်ဦးသူရိန်၏ ရေစက်ပါ။

ထိုနေ့က စားသောက်ဆိုင်လေးကို ဦးသူရိန် ရောက်လာသည်။ မိုးကလည်းတစ်ဖွဲဖွဲ ဦးသူရိန်က ဘီယာနှင့်အမြည်း မှာ၏။

ဦးဖေ အပြင်ခဏသွားတာမို့ သူပဲ စီစဉ်ရသည်။ ဘီယာနှင့် အမြည်း သူသွား၍ ဦးသူရိန်စားပွဲ၌ ချပေးစဉ်…

“မောင်ရင်က…ဆိုင်ပိုင်ရှင်လား”

“မဟုတ်ဘူး ကျွန်တော့် ဦးလေးပါ”

ဂျင်းဘောင်းဘီ တစ်ပတ်နွမ်းနှင့် တီရှပ်ကြပ်ကြပ်ကို ဝတ်ထားတာကြောင့် ကျန်းမာရေး လိုက်စားသော သူ့ခန္ဓာကိုယ်က ကျစ်လစ်တောင့်တင်းကာ လက်မောင်းကြွက်သားတွေ ဖုထွက်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

နက်မှောင်သော ဆံပင်ကို ခပ်တိုတိုညှပ်ကာ ထူထဲသည့် မျက်ခုံးများအောက်မှ သူ၏ မျက်လုံးတို့က တည်ငြိမ်အေးစက်နေသယောင်။

ဦးသူရိန်က သူကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး··

“ဒါဆို မင်းက ဒီဆိုင်ရဲ့ စားပွဲထိုးပေါ့”

မောင် ပခုံးတစ်ချက်တွန့်လိုက်သည်။

“လောလောဆယ်တော့ အန်ကယ်ထင်တာ မမှားပါဘူး၊ ဒါပေမယ့် ကျွန်တော်နဲ့ ကိုက်ညီမယ့်အလုပ် ရှာနေပါတယ်”

“ဩော်”

စကားအပို ပြောလိုဟန်မရှိသော သူက ဦးသူရိန်ကို ခေါင်းညွှတ်တစ်ချက် နှုတ်ဆက်ပြီး ထွက်ခဲ့၏။

မကြာခင် ဆိုင်ထဲသို့ ဆူညံသံများဖြင့် အနည်းငယ် အရက်မူးနေသော လူသုံးယောက် ဝင်လာ၏။ ထိုနောက် သောက်စရာနှင့် စားစရာများမှာသည်။ ထုံးစံအတိုင်း စားပွဲထိုးသွား၍ စားစရာများချပေးတာက မောင်။

“ဟော့···မင်းက ဝိတ်တာလား”





စားသောက်စရာများ ချပေးပြီးနောက် ပြန်လှည့်ထွက်လာသော သူ့ကို အမူးသမား တစ်ယောက်က မေးသည်။

သူပြန်လှည့်ကြည့်၏။

“ဘာကိစ္စရှိလို့လဲ”

“အမယ် ···ဝိတ်တာက မေးပုံအလာကြီးပါလား၊ ဒီမှာ မင်း ငါတို့ကို အရက်လာငှဲ့ပေးစမ်း”

ယောက်ျားချင်း အမိန့်ပေးခိုင်းတာမျိုးလောက် မောင့်ဘဝမှာ မုန်းတာမရှိပေ။ ထို့ကြောင့် မျက်ခုံးတွန့်ခနဲ ဖြစ်သွားသည်။

“ဆောရီးပဲ ဒီဆိုင်မှာ အရက်ငှဲ့ပေးတဲ့လူ မရှိဘူး”

“ဘာကွ”

တစ်ယောက်က ဝုန်းခနဲနေရာမှ ထ၏။ ထိုနောက် မောင်ရှိရာသွားကာ···

“ဒီမှာ မင်းကဘာကောင်လဲ၊ အလုပ်သမားဖြစ်ပြီး ခိုင်းတာလုပ်မှပေါ့ကွ၊ ခုတော့ ငါ့ကိုပြန်ပြောသေးတယ် ကဲ”

ပြောရင်း ထိုလူက ဖျတ်ခနဲ မောင့်မျက်နှာကို လက်သီးနှင့် ထိုးစဉ်။

“ဒီလိုလုပ်လို့မရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အင့်"

အဖြစ်က မြန်လှ၏။ မောင်က ဟိုလူ၏ လက်သီးကို ဖျတ်ခနဲရှောင်လိုက်ပြီး ပြန်ထိုးချလိုက်ခြင်း။ သူတို့လူခံရတော့ ကျန်နှစ်ယောက်ပါ ထလာ၏။

"ဟိတ်ကောင် မင်းက ဘာလူးပါးဝတာလဲ"

"ဒါဝတ္တာကွာ"

သုံးယောက်နှင့်တစ်ယောက်ပေမယ့် ပွဲကလျှင်မြန်စွာပြီး၏။ အမူးသမား သုံးယောက် မှောက်သွားသည်။

"ကောင်း...ကောင်း မင်းတကယ်တော်တယ် မောင်ရင်"

လက်ခုပ်တီးလာသူ ကြည့်လိုက်တော့ ဦးသူရိန်။ ယောကျ်ားပီသသော မောင့်အသွင် မောင့်ပုံစံကို ထိုစဉ်မှာပင် ဦးသူရိန် သဘောကျ ကျေနပ်သွားလေသည်။

"မောင်ရင် အလုပ်အတွက် စိတ်ဝင်စားမယ်ဆိုရင် ဟော့ဒီလိပ်စာအတိုင်း လာခဲ့ပါ၊ ကျုပ်နာမည်က သူရိန်"

"ကျန်တော် မောင်"

ထိုသို့ဖြင့် နောက်ခြောက်မိုးမှာ မောင်သည် ဦးသူရိန်ကုမ္ပဏီ





သို့ ရောက်ခဲ့လေ၏။

မောင့်ကို ဦးသူရိန်က သူ၏ ကိုယ်ရံတော်အဖြစ် ခန့်အပ်လိုက်သည်။ ယောကျ်ားပီသကာ လုပ်ကိုင်နိုင်စွမ်းရှိသော မောင်သည် မကြာခင် ဦးသူရိန်၏ လူယုံတော်ဖြစ်ခဲ့သည်။

ယခုတော့ လက်ထောက်မန်နေဂျာ မောင်က အလုပ်မှာ လာဘ်မြင်၏။

"ဘယ်လိုပဲဖြစ်ဖြစ် လုပ်ငန်းသဘောအရ သူရိန်ကုမ္ပဏီနဲ့ မင်းရာဇာကုမ္ပဏီဟာ ဆက်စပ်နေတယ် မောင်၊ ဒီနေ့ မင်းကို မင်းရာဇာ ကုမ္ပဏီလွှတ်ဖို့ ငါစီစဉ်ထားတယ်"

"ဗျာ"

ဦးသူရိန်၏ မထင်မှတ်သော စကားကြောင့် မောင် အံ့ဩသွားစေသည်။ မင်းရာဇာကုမ္ပဏီနဲ့ သူဘယ်တော့မှ ဆက်စပ်ရလိမ့်မည်ဟု မထင်ခဲ့ပေ။

"သူရိန်ကုမ္ပဏီရဲ့ ကိုယ်စားပေါ့ မောင်၊ သူတို့ဘက်က လည်း ကိုယ်စားလှယ်နဲ့ပဲ တွေ့မယ်၊ မင်းဘာလုပ်ရမယ်ဆိုတာ သိတယ်နော်"

သူသက်ပြင်းချကာ ခေါင်းညိတ်လိုက်၏။ တာဝန်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ ဘာတတ်နိုင်မှာလဲ။

မင်းရာဇာကုမ္ပဏီ။ ထိုကုမ္ပဏီပိုင်ရှင် ဦးမင်းညာဏ်ဟု ဆွေးလိုက်တာနှင့် တစ်စုံတစ်ယောက်ကို ပြင်းထန်စွာ သတိရလိုက်၏။

မြပယ္ဓန်းမှီ…။

လွန်ခဲ့တဲ့ ဆယ်နှစ်က သူ့ဌေး ဦးမင်းညာဏ်၏ မွေးစားခြင်း ခံလိုက်ရတဲ့ မိန်းကလေး။ ယခုတော့ ထိုအဆိုင်းပိုင်းကြားမှာ နေသား ကျနေလောက်ပြီ။

ထိုနှစ်တွေအတွင်း သူနှင့်သူမတို့ တစ်ခါမှ ပြန်မဆုံဖြစ်ကြ ပါ။ ဦးသူရိန်ကုမ္ပဏီရောက်မှပဲ မင်းရာဇာကုမ္ပဏီပိုင်ရှင်ဟာ ဦးမင်းညာဏ်ဟု သိရှိခဲ့ရ၏။

ဦးမင်းညာဏ်ကိုတော့ ကုမ္ပဏီပွဲများမှာ သူ တစ်ခါနှစ်ခါ တွေ့သည်။ ဦးမင်းညာဏ်ကတော့ သူ့ကို မသိပါ။

ဆယ်နှစ်ဆိုတဲ့ အတွင်းမှာ ဦးမင်းညာဏ်သည် ဆံပင် အနည်းငယ် ဖြူလာတာကလွဲ၍ သိပ်ပြီးအိုမင်းသွားခြင်းမရှိပါ။ အရိပ်ကောင်းနေရသူမို့ အရင်လိုပဲ စိုပြည်ကာ မျက်လုံးတွေက အရောင်တောက်နေဆဲ။





ယခုတော့ သူတို့နှင့် သူရင်ဆိုင်ရတော့မည်။ သူသက်ပြင်း တစ်ချက်ရှိုက်လိုက်သည်။

သည်အချိန် ပြန်တွေ့လျှင် မြပယ္ဓန်းမှီသည် သူ့ကို မှတ်မိပါ့ မလား။ သူကတော့ သေချာတာကတော့ တစ်ချိန်က မျက်တောင် တော့များ ရဲနေသည့် သူမ မျက်ဝန်းတွေကိုပါပဲ။

မင်းရာဇာကုမ္ပဏီကို ရောက်ချိန်မှာ သူ့ကို အသင့်စောင့် ကြိုနေသည်။

"ကျွန်တော် သူရိန်ကုမ္ပဏီက မန်နေဂျာ မောင်ပဲ"

"ဟုတ်ကဲ့…ကျွန်မတို့ မင်းရာဇာကုမ္ပဏီကလည်း ဆရာ တို့ စောင့်နေပါတယ်၊ ရုံးခန်းထဲကြွပါရှင်"

ထို့နောက် သူ့ကို အပေါ်ထပ်ရှိရုံးခန်းသို့ ခေါ်[illegible]တင်ခဲ့ သည်။ အနက်ရောင်မှန်များ တပ်ဆင်ထားသော အဲယားကွန်းအပြည့် ခွင့်ထားသည့် အခန်းရှေ့ရောက်တော့…

"အထဲကိုဝင်သွားပါရှင်၊ ကျွန်မတို့ မန်နေဂျာ ဆရာ့ကို စောင့်နေပါတယ်"

"ကောင်းပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ခဏမျှ အသက်ကို မှန်မှန်ရှူသွင်းလိုက်ပြီးမှ အခန်းတံခါးကို ညင်သာစွာ ဆွဲတွန်းဖွင့်လိုက်၏။

※ ၂ ※



"ကြွပါရှင်…သူရိန်ကုမ္ပဏီက ကိုယ်စားလှယ်ဆိုတာ ဟင်"

အခန်းထဲဝင်လိုက်တာနှင့် သူ့တစ်ကိုယ်လုံး အေးစိမ့်မှုများ ရွှမ်းသွားသည်။ ထိုအေးစိမ့်မှုများနှင့်အတူ မျက်တောင်ကော့ရှည်များ ဝန်းရံထားသည့် မျက်ဝန်းဝိုင်ရှင်ကို တွေ့လိုက်ခိုက် ရုတ်တရက် သူ့ခြေလှမ်းတို့ ရပ်တန့်သွား၏။

"မြယွန်းမို"

ဒါက သူ့စိတ်ထဲမှ ခေါ်လိုက်ခြင်း။ ယခု သူ့မရှေ့မှာရပ်နေသော အမျိုးသမီးလေးသည် ဖြူနုသော အသားအရေမှာ ပန်းနုရောင်လွှမ်းလျက် အနည်းငယ်မြင့်မားသည့် အရပ်တွင် ကျစ်လစ်သွယ်လျ ခန္ဓာကိုယ်လေးနှင့် စင်ရော်တောင်မျက်ခုံး၊ တောက်ပသော မျက်ဝန်း၊ ဖြောင့်စင်းသော နှာတံလေးမှာ ထိပ်ဖျားတွင် အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်လုံးချွန်လျက် ပန်းနုရောင်နှုတ်ခမ်းအစုံက ဖူးအိနေ၏။

"ခင်ဗျားက"

တိတ်ဆိတ်နေရာမှ ပထမဆုံး စတင်အသံထွက်လာတာက သူ။ မျက်လုံးချင်းဆုံနေရာမှ သူလွှဲရှောင်ကာ မေးလိုက်ခြင်း။

"ကျွန်…ကျွန်မ မင်းရာဇာကုမ္ပဏီက မြ…မြယွန်းမှီပါ"

"ဪ"

နောက်ဆုံးကြတော့ သူထင်တဲ့အတိုင်းပါပဲလားဟု တွေးကာ သူ၏နှုတ်ခမ်းတို့ မဲ့ခနဲဖြစ်သွားသလား။

ရုတ်ခြည်းပင် သူ့မျက်လုံးတို့ အေးစက်သွားလျက် စိတ်ကို တည်ငြိမ်စွာထားလိုက်၏။

"ကျွန်တော် သူရိန်ကုမ္ပဏီက မောင်ပါ"

"ရှင်"

"မောင်ဆိုသော အမည်ကြားတာနှင့် ရပ်နေသော သူမ ခန္ဓာကိုယ်လေး ယိုင်ခနဲ ဖြစ်သွားသလိုလို။

ထို့နောက် သူ့ကို စူးစိုက်ကြည့်ကာ…

"ရှင်…ရှင်က မောင်၊ မောင် ဟုတ်လားဟင်"

ဟု အံ့သြတုန်လှုပ်စွာ မေးလေ၏။ သူက သူမကို





တစ်ချက်စိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော် မောင်ပါ၊ သူရိန်ကုမ္ပဏီရဲ့ ကိုယ်စားလှယ်အဖြစ် ကျွန်တော် ရောက်လာတာပါ မမြယွန်းမှီ"

သူမကို မြယွန်းမှီဟု သိလိုက်ရသော တစ်ခဏ သူ့ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားရပေမယ့် မင်းရာဇာကုမ္ပဏီသူဌေး ဦးမင်းညဏ်၏ မွေးစားသမီးဟူသော အသိကြောင့် ချက်ချင်းပင် ထိုရင်ခုန်သံ ပျောက်ပျက်သွားသည်။

သူ၏ ခပ်စိမ်းစိမ်းဆက်ဆံဟန်ကြောင့် သူမ မျက်နှာလေး ပျက်ကာ…

"မောင်…မောင် မှီ့ကို မမှတ်မိဘူးလားဟင်၊ လွန်ခဲ့တဲ့ ဆယ်နှစ်က မောင်နဲ့ အခန်းချင်းကပ်နေခဲ့တဲ့ မြယွန်းမှီလေ"

ဟု အတိတ်ကို ပြန်ဖော်ပြောလေသည်။ သူက သူမကို တစ်ချက် ဖျတ်ခနဲတစ်ချက်ကြည့်ပြီး သက်ပြင်းကြိတ်ချ၏။ သေချာတယ်၊ သူမက သူ့ကို မှတ်မိနေတာပဲ။

"ကျွန်တော်သိခဲ့တဲ့ မြယွန်းမှီက လွန်ခဲ့တဲ့ ဆယ်နှစ်က တည်းက ကျွန်တော့်ဘဝထဲက ပျောက်ကွယ်သွားပါပြီ"

"ဘယ်လိုပြောလိုက်တာလဲ မောင်၊ မှီ…မှီလေ မောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



အမြဲသတိရနေခဲ့တာ"

လှပသော မျက်ဝန်းလေးတွေထဲမှာ အရည်ကြည်
တွေပင် မသိမသာ ဝိုင်းလာသလိုပါပဲ။

သူ့ကို အမြဲသတိရနေတယ်တဲ့။ ဖြစ်နိုင်ပါ့မလား။ ဒါ
ဆယ်နှစ်လုံးလုံး သူမဘာကြောင့် သူ့ကို အဆက်အသွယ် မလုပ်
တာလဲ။

"ကျွန်တော့်လို ဆင်းရဲသားတစ်ယောက်ကို မမြဲယွန်း
လို သူဌေးသမီးတစ်ယောက်က အမြဲသတိရနေတယ်ဆိုတာ မယုံ
စရာပါပဲဗျာ"

"ဘာ…ဘာပြောတယ် မောင်၊ မှီက သူဌေးသမီး ဟု
လား၊ ဒါ မှီကို ပျက်ရယ်ပြုလိုက်တာလားဟင်"

သည်တော့ သူ ပခုံးဖျတ်ခနဲတွန့်မိ၏။ နားမှာ စိန်နားက
တဖျပ်ဖျပ် လက်ကာ ဖြူနုလှပသော လည်တိုင်ကျော့ကျော့
မှာ သေးမျှင်သော ပလက်တီနမ် ဆွဲကြိုးတွင် တဖျပ်ဖျပ်လက်
သော စိန်လော့ကက်သီး၊ စိန်လက်စွပ်နှင့် စိန်လက်ကောက်ဟန်း
ပျော့ကို ဝတ်ဆင်ထားသော သူမသည် လွန်ခဲ့သည့် ဆယ်နှစ်
သူစတင်တွေ့ခဲ့သော မြဲယွန်းမှီနှင့် လုံးဝကွာခြားနေပြီ။





"မမြဲယွန်းမှီလို မင်းရာဇာကုမ္ပဏီပိုင်ရှင် သူဌေးကြီးသမီး
တစ်ယောက်ကို ကျွန်တော် မလှောင်ပြောင်ရဲပါဘူးဗျာ"

ထိုအခိုက် သူမမျက်နှာလေး သိသိသာသာ ပျက်ယွင်း
သွား၏။ သူ့ကိုလည်း ဝမ်းနည်းကြေကွဲဟန် ကြည့်သည်။

"ပြောပါ မောင်၊ ပြောပါ၊ မှီက ခောင်ပြောသမျှ ခံရမယ့်
သူပါ၊ ဒါ…ဒါပေမယ့် မောင့်အနေနဲ့ မှီ မှီ့ကို ဒီလောက်မစိမ်းကား
သင့်ဘူးထင်ပါတယ်"

မြည့်အိုင်လာသော မျက်ရည်တွေက သူမ၏ ဖြူနုသည့်
ပါးပြင်ပေါ်သို့ ယခုပဲ ပြိုကျဆင်းလာတော့မလိုလို။

ဟင့်အင်း…မင်း မငိုလိုက်ပါနဲ့ မှီ။ တကယ်တော့ မင်းရဲ့
မျက်ရည်တွေကို ငါ ကြည့်နိုင်စွမ်းမရှိဘူး။

ဒါက သူ့စိတ်ထဲမှ ကြိတ်ပြောသောစကား။ တကယ်
တမ်းမှာ…

"ကျွန်တော်တို့ လုပ်ငန်းအကြောင်း ပြောကြရင် ကောင်း
မယ် မမြဲယွန်းမှီ"

သည်တော့ သူမ မျက်တောင်ကော့များ တဖျပ်ဖျပ်
ခတ်သွား၏။ သူမ၏ နဂိုမာနလေး ဖျတ်ခနဲ ပေါ်လာသည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"သြော်…မောင်က မှီအပေါ် တကယ်စိတ်နာနေတာကိုး။ ကောင်းပါပြီလေ မောင့်ဆန္ဒအတိုင်းပဲပေါ့၊ ကဲ ဒါဆို ကျွန်မတို့ အလုပ်ကိစ္စ စလိုက်ရအောင်"

မျက်နှာတည်တည်လေးဖြင့် သူမသည် စာစောင်ကြေကွဲဝမ်းနည်းရိပ်တွေကို ချက်ချင်းဖျောက်ပစ်၏။

ထို့နောက် တည်ငြိမ်စွာပင် လုပ်ငန်းအကြောင်းများ စတော့သည်။ သူကလည်း အလုပ်ထဲ အာရုံနှစ်ထားလိုက်၏။

ဩ့သော်…သို့သော်လေ…

နှစ်ယောက်သားရင်မှာ အတိတ်ကအရိပ်တွေသာ လွှမ်းလို့နေလေ၏။ အကြည့်ချင်းမဆုံအောင် ကြိုးစားသော်လည်း ဘယ်လိုရနိုင်မှာလဲ။

"တကယ်လို့ ယခု ကျွန်မတင်ပြခဲ့တဲ့ လုပ်ငန်းကို ကျွန်မတို့ ကုမ္ပဏီနှစ်ခုသာ ပေါင်းခဲ့ရင် အကျိုးအမြတ်အနေနဲ့"

"မြယွန်းမှီ…မြယွန်းမှီ မင်းဟာ တကယ်ပဲ ဦးမင်းညာဏ်ရဲ့သမီး ဝီသနေပြီကိုး"

"ရှင်"

လုပ်ငန်းအကြောင်း ကျွမ်းကျင်စွာ ပြောဆိုနေသော သူမကို





ကြည့်ရင်း သူမပုံရိပ်အစား ဦးမင်းညာဏ်၏ပုံရိပ်ကိုသာ သူမြင်ယောင်လာလျက် လွှတ်ခနဲ ပြောမိလေသည်။

ရုတ်တရက် သူမ အံ့သြသွားရာမှ သူ့ကို နားမလည်သလို ကြည့်၏။

"ဆောရီး…ဆက်ပြောပါ မမြယွန်းမှီ"

သည်တော့ သူမက နှုတ်ခမ်းလေးတင်းတင်းစေ့၍ သူ့ကို စိုက်ကြည့်၏။

"ကျွန်မဟာ ဘဝပေးအခြေအနေကြောင့် မဖြစ်မနေ ဦးမင်းညာဏ်ရဲ့ မွေးစားသမီး ဖြစ်သွားခဲ့တာတော့ မှန်ပါတယ် မောင်၊ ဒါပေမယ့် ကျွန်မရဲ့ မိဘရင်းတွေက မွေးဖွားလိုက်တဲ့ နဂို မြယွန်းမှီ ပုံစံတော့ ကျန်ပါသေးတယ်၊ မင်းရာဇာကုမ္ပဏီမှာမှ မဟုတ်ဘူး ဘယ်ကုမ္ပဏီမှာပဲဖြစ်ဖြစ် မှီ အလုပ်တာဝန်ကို မှီ ကျေပြွန်ရမှာမဟုတ်လား မောင်"

"ဒါပေမယ့် မင်းဘဝ ဒီလိုတောက်ပဖို့ ဦးမင်းညာဏ်ရဲ့ မွေးစားမှုကို သဘောတူခဲ့တာ မဟုတ်လား"

ထိုအမေးကြောင့် သူမမျက်နှာလေး ဖျတ်ခနဲ ပျက်သွား၏။

"ဪဦးလေး ဦးမေကသာ မင်းကိုမွေးစားခဲ့ရင် ဒီလို



www.burmeseclassic.com

www.burmeseclassic.com



တောတ်ပတဲ့ဘဝ မရောက်ဘဲ မြောင်းထဲရောက်မယ်လို့ မင်း ထိုကြည့်ခဲ့တယ် မဟုတ်လား မြပွန်းမို"

လွန်ခဲ့သော ဆယ်နှစ်က တည်ရှိနေသော သူ့ရင်ထဲမှ အစိုင်အခဲတို့ တစ်စစီ လွင့်ထုတ်လာသလိုပါပဲ။

"စွပ်စွဲပါ မောင်၊ ဒီထက်မကလည်း မောင်ပြောနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီတုန်းက မို ဆုံးဖြတ်လိုက်တာဟာ မောင့်အတွက်ပါ၊ ဦးမင်းညာဏ်ရဲ့ ငွေကြေးဂုဏ်ပကာသနကို မက်မောလို့ ထက် မို··မိုကြောင့် မောင် ဒုက္ခရောက်မှာ စိုးရိမ်တဲ့စိတ်နဲ့ ဆုံးဖြတ်ခဲ့တာပါ"

"ဘာ··ဘာပြောတယ်၊ ငါ့အတွက် မင်းက ဆုံးဖြတ်ခဲ့တယ်ဟုတ်လား မြပွန်းမို၊ အပွန်း··ရယ်စရာကောင်းပါလားကွာ မင်းဘာသာ ဂုဏ်ပကာသနမက်ပြီး ဦးမင်းညာဏ်တို့နောက် လိုက်သွားခဲ့တာမဟုတ်လားကွ ဟင်၊ အဲဒီအချိန်က မင်းကြောင့် ငါ့ရင်ထဲ ဘယ်လောက် နာကျင်အောင် ခံစားခဲ့ရတယ်ဆိုတာ သိရဲ့လား"

အမှတ်မထင် သူ့ရင်ဘတ်ကို လက်နှင့်ပုတ်မြရင်း အေးစက်သည့် လေသံဖြင့် သူမကို တစ်ခွန်းချင်း မေးမိ၏။

သူမမျက်နှာ ရဲခနဲဖြစ်သွားကာ···





"မောင်ခံစားခဲ့ရသလို မိုလည်း ခံစားခဲ့ရတာပါ၊ မို ဆုံးဖြတ်လိုက်တာ မောင့်အတွက်ပဲ၊ ဟုတ်တယ်၊ ဦးဖေအောင်အားနဲ့ မိုကို ထပ်တာဝန်ယူလိုက်ရင် မောင် ဘာဖြစ်သွားမလဲဟင်၊ မို ကြောင့် ကျောင်းထွက်ပြီး အလုပ်လုပ်ရမယ့် မောင့်ကို မမြင်ချင်ဘူး"

တို့နောက် ထိန်းချုပ်ထားသော သူမမျက်ရည်တို့ ဖြိုး သောပါးပြင်ပေါ်သို့ ဝေါခနဲ ကျဆင်းလာလေ၏။

သူမမျက်ရည်တွေကြောင့် သူ့ သံတံပြင်းကြီးတစ်ချက်ချ ကာ ခေါင်းငိုက်စိုက်ကျသွားလေသည်။

✵ ▯ ✵



www.burmeseclassic.com

www.burmeseclassic.com

“နာမည်က မောင်တဲ့၊ လူကလည်း တကယ်မိတယ်၊ အရပ်မြင့်မြင့်ကြီးနဲ့ အသားအရေကလည်း ညိုသလိုနဲ့ စိုပြီးဝင်းနေတာပဲ၊ သူ့ရိုးရွာမှာတော့ အားအထားရဆုံးပဲတဲ့”

မင်းရာဇာကုမ္ပဏီမှ မိန်းကလေးတချို့က မောင့်ကိုမြင်ပြီးနောက် တီးတိုးဝေဖန်တွတ်ထိုးကြလေ၏။

“တို့ဘက်က မြယွန်းမှီဆိုတာလည်း တကယ့်အချောအလှပါနော်၊ သူတို့နှစ်ယောက် ထိပ်တိုက်တွေ့တော့ ဘာတွေဖြစ်မလဲ”

“အို…မြယွန်းမှီက ဘယ်လောက်တည်လဲ၊ သူ့ကို ကမ်းလှမ်းတဲ့ယောက်ျားတွေ အများကြီးရှိပေမယ့် ဘယ်သူ့မှ စိတ်ဝင်စားတာမဟုတ်ဘူး”

ချောမောလှပသလောက် အလုပ်နှင့်ပတ်သက်လာလျှင် တိကျပြတ်သားသော မြယွန်းမှီသည် မင်းရာဇာကုမ္ပဏီသူဌေးဖြစ်





သော ဦးမင်းညာထိ၏ အားကိုးရသည့် အတွင်းရေးမှူး မန်နေဂျာ တစ်ယောက်ပင်။

“သူ့ရိုးကုမ္ပဏီက မောင်ကလည်း ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူးတဲ့၊ အလုပ်ကလွဲပြီး အင်မတန် အနေတည်တယ်ဆိုပဲ”

ထိုသတင်းများမှာ သူတို့ကုမ္ပဏီလောကတွင် ပြန့်နေလေ၏။ ယခုတော့ သူ့ရိုးမှ မောင်နှင့် မင်းရာဇာမှ မြယွန်းမှီတို့ တွေ့ကြတာမဟုတ်လား။

“အခြေအနေက ဘယ်လိုလဲမောင်”

အပြန်ကြတော့ သူဌေးဦးသူရိန်က သူ့ကိုမေး၏။ မြယွန်းမှီကို ပြန်တွေ့လိုက်ရတာ သူ့အတွက် နာကျင်စရာ အတိတ်အား ပြန်သတိရစေတာပါပဲ။

“သူတို့ဘက်ကတော့ ကျွန်တော်တို့သာ လက်ခံမယ်ဆိုရင် ပူးပေါင်းချင်ပုံပါပဲ သူဌေး”

“ဒါပေမယ့် တို့က သူတို့တောင်းဆိုချက်တွေကို လိုက်လျောရမယ်မဟုတ်လား မောင်”

“ကျွန်တော်တို့ကလည်း ပြန်တောင်းဆိုခွင့်ရှိပါတယ် သူဌေး”



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကြောင်း ပြောနေရပေမယ့် အရင်လို သူတက်ကြွခြင်းမရှိ။ မြယွန်းမှီအကြောင်းသာ တွေးနေမိ၏။

"မင်းသဘောကကော"

"ခင်ဗျာ"

သူဌေးက သူ့ကို အကဲခတ်သလို ကြည့်သည်။

"မောင် မင်းဘာဖြစ်နေတာလဲ၊ ဟိုမှာ အဆင်မပြေခဲ့ရဲ့လား"

"ဪ...ဟုတ်...ဟုတ်ကဲ့၊ အဆင်ပြေပါတယ် သူဌေး၊ သူတို့ဘက်ကလည်း မဆိုးပါဘူး"

လုပ်ငန်းခွင်ပိုင်းမှာ မြယွန်းမှီ၏ ကျွမ်းကျင်မှုက တော်တယ်ဟု ပြောရမည်။

"ဟုတ်တယ်...ငါကြားရသလောက်တော့ မင်းရာဇာက မြယွန်းမှီဟာ အတော်ထက်တယ်ဆိုပဲ မောင်၊ အခု မင်းတွေ့တော့ ဘယ်လိုလဲ"

ကဲ...မြယွန်းမှီအကြောင်းကို မေးလာပြီ။ သူမသတင်းတွေက ထယ်ပျံ့နေပါလား။

"သူဌေးထင်ထားတဲ့ အတိုင်းပါပဲ"





"မင်းသဘောကျရဲ့လား"

"ဗျာ"

သူဌေး၏အမေးကြောင့် သူ အံ့ဩသလို ကြည့်သည်။ ဦးသူရိန် နောက်နေတာများလား။ သို့သော် မဟုတ်ပါ။ ခပ်တည်တည်ပင်။

"မြယွန်းမှီက မင်းရာဇာကုမ္ပဏီရဲ့ တကယ့်အားကိုးရတဲ့ လူတစ်ယောက်ပါ သူဌေး"

"အင်း...သူ့သားရောက်လာရင် ဦးမင်းဉာဏ်အတွက် ပိုပြီးအားကိုးရမယ်ထင်တယ်"

သူ့သားကို ကုမ္ပဏီလွှဲမယ်လို့တောင် ပြောနေကြတယ် မောင်"

"ဪ"

မင်းလက်ျာ ဘဝကတော့ သူနှင့်တခြားစီ။ ငယ်စဉ်ကတည်းက ရွှေဇွန်းကိုက် မွေးဖွားလာတဲ့ မင်းလက်ျာ။ ယခုလည်း ပန်းခင်းသောလမ်းက အသင့်။

မောင်ဆိုတဲ့ သူ့ဘဝက ခရီးကြမ်း ဖြတ်သန်းလာခဲ့ရ၏။

"ငါကတော့ မင်းကိုပဲ အားကိုးတယ် မောင်၊ နိုင်ငံခြား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြစ်တဲ့ ဦးမင်းညဏ်ရဲ့သားနဲ့ မင်း ယှဉ်ပြိုင်ရမယ်''

ဦးသူရိန်က တက်ကြွစွာ ပြော၏။ သူ ပင့်သက်ချလိုက်သည်။ ဘာကြောင့်မှန်းမသိ သူဌေးသည် သူနှင့်ပတ်သက်လာတာ သိပ်ယုံကြည်လွန်း၏။

''ကျွန်တော့်ကိုယုံကြည်တာ ကျေးဇူးတင်ပါတယ်သူဌေး၊ ဒါပေမယ့် မင်းလက်ျာကို ပြိုင်ဖို့အထိ ကျွန်တော်လုပ်နိုင်မှာ မဟုတ်ပါဘူး''

''မင်းလက်ျာ...သြော် မင်းက ဦးမင်းညဏ်သားကို သိနေတာပဲမောင်၊ ဒါလည်းကောင်းတာပဲကွ၊ ကိုယ့်ပြိုင်ဘက်ဟာ ဘယ်သူလဲဆိုတာ သိထားရမယ်''

ဘာကြောင့်များ သူတို့က လုပ်ငန်းတူတွေ ဖြစ်လာရတာပါလိမ့်။ မှန်တာပြောရလျှင် သူက အားလုံးနှင့် မပတ်သက်ဘဲ အေးအေးဆေးဆေး နေချင်၏။

''ကျွန်တော်နဲ့မင်းလက်ျာ သူငယ်ချင်းဖြစ်ခဲ့ဖူးတယ် သူဌေး''

''ဒါဆို ပိုကောင်းတာပေါ့ မောင်၊ သူငယ်ချင်းချင်း ပြိုင်ကြတာပေါ့၊ ဒီမှာ မောင် လောကမှာ လူတွေဟာ ပြိုင်ဘက်ရှိမှ





တိုးတက်တာ၊ ပြိုင်ဘက်တစ်ယောက်ကို မင်း ကြိုတင်အလျှော့မပေးပါနဲ့''

သူဌေးကတော့ တကယ့်စီးပွားရေးသမား ပီသ၏။ တကယ်ဆို သူသည် စီးပွားရေးဆိုတာကိုလည်း ဝါသနာပါလှတယ် မဟုတ်ပါ။

ဦးသူရိန်ကြောင့် ဒီလောကထဲ သူရောက်လာခြင်း ဖြစ်၏။

''နိုင်ငံခြားမှာ ရောက်နေတဲ့ သူဌေးရဲ့သမီးကို ပြန်မခေါ်သေးဘူးလား၊ ကျွန်တော့်ထက်သူက မင်းလက်ျာကို ပိုပြီး ရင်ဆိုင်နိုင်မှာပါ သူဌေး''

သူဌေး၏တစ်ဦးတည်းသော သမီးက ယခုအခါ နိုင်ငံခြားတွင် ပညာသင်နေသည်။ ဦးသူရိန့်ဇနီးက ကွယ်လွန်ခဲ့တာကြာပြီ။

''သူက ခေါင်းမာတယ်၊ သူပြန်လာချင်တဲ့အချိန်မှ ပြန်လာလိမ့်မယ် မောင်''

''ဒါပေမယ့် သူဌေးရဲ့ အရိုက်အရာကို သူဆက်ခံမှာပဲ၊ အထူးသဖြင့် မင်းရာဇာအုပ်စုကို ရင်ဆိုင်ဖို့''

''အင်း...မင်းပြောတာမှန်တယ် မောင်၊ သမီးကို ပြန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ စဉ်းစားရမယ်"

ထိုစကားကြောင့် သူ့အတွက် ဝန်ပေါ့သလိုဖြစ်သွား၏။ ညဘက် အိမ်အပြန်ရောက်တော့ ဦးဖေက သူ့ကို ထမင်းပွဲပြင်၍ စောင့်နေသည်။

"လာဟေ့…မောင် ဒီနေ့ မင်းအကြိုက် ကြက်သားကို ဘူးသီးနဲ့ချက်ထားတယ်ကွ၊ ခရမ်းချဉ်သီးပန်ထွေဖျော်နဲ့ ဘူးရွက်ဟင်းချို"

"ကျွန်တော်မဆာသေးဘူး ဦးဖေ"

"ဟေ့"

အရင်က ဦးဖေ ဒီလိုချက်ထားလျှင် သူ ဆာဆာနှင့်…

"ကောင်းတယ်၊ ဒါကြောင့် ဦးဖေကိုချစ်တာ"

ဟု ကလေးတစ်ယောက်လို ပြောတတ်သူက ခုတော့ မျက်နှာမကောင်း။

"မင်း ဘာဖြစ်လာတာလဲ မောင်"

"ကျွန်တော် ဒီနေ့ ဘယ်သူနဲ့တွေ့ခဲ့တယ်လို့ ဦးဖေ ထင်လဲဟင်"

"ဟော…မင်းတွေ့ခဲ့တာ ငါ ဘယ်သိမှာပဲ မောင်"





သူ သက်ပြင်းချကာ ဦးဖေကို ကြည့်သည်။

"မြယွန်းမှိုကို ကျွန်တော်တွေ့ခဲ့တယ် ဦးဖေ"

"ဟေ့…မြယွန်းမှို ဟုတ်လား"

"ဟုတ်တယ်၊ သူက မင်းရာဇာကုမ္ပဏီမှာလေ"

"မင်းရာဇာဆိုတာ ဦးမင်းဉာဏ်ကုမ္ပဏီလား မောင်"

သူခေါင်းညိတ်လိုက်၏။ ဦးဖေက သက်ပြင်းချသည်။

"ငါတော့ ကလေးမအဆင်ပြေတယ်ဆိုရင် ဝမ်းသာပါတယ် မောင်၊ သူ့ကို သတိရကြောင်း နောက်တစ်ခါတွေ့ရင် ပြောလိုက်စမ်း"

"ဟုတ်ကဲ့"

ထိုညက သူတော်တော်နှင့် အိပ်မပျော်။ လွန်ခဲ့တဲ့ ဆယ်နှစ်အထက်စာလျှင် မြယွန်းမှိုသည် တကယ့်ကို လှပလာတာ အမှန်ပင်။

သူ့မျက်စိထဲမှာ လွန်ခဲ့သော ဆယ်နှစ်က ရှပ်အင်္ကျီအဝါရောင်လေးနှင့် မြယွန်းမှိုကိုပဲ မြင်ယောင်နေမိ၏။

မြယွန်းမှို…

မင်း ဒီလိုကောင်းမွန်ချမ်းသာတာ မြင်ရပေမယ့် ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မှန်းမသိဘူး ငါ့ရင်ထဲ တစ်စုံတစ်ရာကို ဆုံးရှုံးရသလိုပဲ လေ။

တစ်ခုခုတောင်းမိတယ်။

မင်းရဲ့နှလုံးသားကို အရောင်မဆိုးမိပါစေနဲ့လို့။ မင်းဟာ ထာဝရဖြူစင်တဲ့ မြယွန်းမှိုပဲ ဖြစ်စေချင်တယ်။

❋ ▯ ❋



"ဟော..သမီး မှို ပြန်လာပြီ"

နောက်ဆုံးပေါ် ခေတ်မီပစ္စည်းများဖြင့် လှပသားနားခန့်ညားသော ကျယ်ဝန်းတောက်ပြောင်သည့် ဧည့်ခန်းထဲသို့ ဝင်လိုက်တာနှင့် ဒေါ်အေမီ၏အပြုံးဖြင့် နှုတ်ဆက်သံကို ကြားရသည်။

အသက်ငါးဆယ်ကျော်ဆိုပေမယ့် တစ်သက်လုံးအရိပ်ထဲ နေလာကာ ခေတ်မီလှပစွာ နေတတ်တာကြောင့် သူမအမြင်မှာ ဒေါ်အေမီသည် အမြဲနုပျိုလှပနေ၏။

လွန်ခဲ့သော ဆယ်နှစ်မှစ၍ သူမကို မွေးစားခဲ့တယ်ဆိုပေမယ့် ဒေါ်အေမီသည် သမီးတစ်ယောက်လိုချင်တာ အမှန်။ သူမအတွက် ဘာမှမလိုအပ်ရအောင် ထားပေးခဲ့သည်။

ထို့ကြောင့် အပြန်အလှန် မေတ္တာအားဖြင့် ဒေါ်အေမီအပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း သူမအနေဖြင့် အမေတစ်ယောက်လို ချစ်ခင်မိပါ၏။

"ဒက်ဒီကော မာမီ"

"ဂေါ့ဖ်ရိုက်သွားတယ်လေ၊ သမီးသိတဲ့အတိုင်း သူက အဲဒါဝါသနာအိုး မဟုတ်လား၊ တော်တော်နဲ့ အိမ်ပြန်ရောက်မှာ မဟုတ်ဘူး"

ဦးမင်းညာဏ်ကတော့ သူမအပေါ် မှန်တန်းသာ ဆက်ဆံ၏။ သူမကို မွေးစားခဲ့တာ ဒေါ်အေမီနှင့် မင်းလကျ်ာတို့၏ ဆန္ဒကြောင့် ဖြစ်သည်ဟု သိထား၏။

သို့သော် သူမဘက်က ဦးမင်းညာဏ်နှင့် ဒေါ်အေမီသည် ကျေးဇူးရှင်တွေဖြစ်သည်။ ထို့ကြောင့် မိဘနှစ်ပါးကဲ့သို့ပင် သဘောထား၏။

စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရပြီးနောက် ဦးမင်းညာဏ် ကုမ္ပဏီတွင် သူမအလုပ်ဝင်ခဲ့ရသည်။ မင်းလကျ်ာကတော့ နိုင်ငံခြားမှ မကြာခင် ပြန်လာလိမ့်မည်ဟု သိထားသည်။

"သားဆီက ဖုန်းလာတယ်မီ"

"ဟုတ်ကဲ့၊ ဘာတဲ့လဲ မာမီ"

"မနက်ဖြန် ပြန်ရောက်မယ်တဲ့ကွယ်၊ အဲဒါ သမီးဒက်ဒီ ဆီလည်း မာမီဖုန်းဆက် ပြောပြီးပြီ"

"အော်...ကောင်းတာပေါ့ မာမီ၊ သူပြန်ရောက်လာရင် ကုမ္ပဏီအတွက် ဒက်ဒီ အားကိုးရတာပေါ့"

တကယ်တမ်း မင်းလကျ်ာ ပြန်လာမည်ဆိုတော့ သူမစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ မှန်တာပြောရလျှင် သူမနှင့် မင်းလကျ်ာတို့မှာ ဘာမှမတော်စပ်ဘဲ တစ်အိမ်တည်း အတူနေရမည့်အဖြစ်။

မင်းလကျ်ာ ထွက်သွားတာ ဆယ်နှစ်ရှိပြီ။ နိုင်ငံခြားမှာ ဘွဲ့တွေတစ်ခုပြီးတစ်ခုယူကာ ယခုမှပြန်လာခြင်း ဖြစ်သည်။

"နင်ဘာမှအားမငယ်နဲ့ မြယွန်းမီ၊ နင်က စာတော်တယ် မဟုတ်လား၊ နင် ပညာတတ်ကြီးဖြစ်ချင်တာ ငါသိတယ်၊ မာမီတို့နဲ့ နေပြီး စာကိုသာ ကြိုးစား ဟုတ်လား"

လွန်ခဲ့သောဆယ်နှစ်က မင်းလကျ်ာသည် သူမကို ထိုသို့ မှာခဲ့ပြီး နိုင်ငံခြားထွက်သွားခြင်း ဖြစ်၏။

သူမအပေါ်ထားသော မင်းလကျ်ာ၏စေတနာကို နားလည်ခဲ့ပေမယ့် ယခုလို ပြန်တွေ့ရမည်ဆိုတော့ ဘယ်လိုကြိုဆိုရပါ့မလဲ။

ထိုအခိုက် သူမ ဖျတ်ခနဲ သတိရလိုက်တာက မောင်။ ဆယ်နှစ်လုံးလုံး အဆက်အသွယ်ပြတ်ခဲ့သော မောင့်ကို ဒီနေ့မှ







www.burmeseclassic.com

www.burmeseclassic.com



သူမ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့လိုက်ရတာ မဟုတ်လား။

အရပ်မြင့်မြင့်ကြီးနှင့် ယောကျ်ားပီသစွာ ချောမောခန့်ညား နေသော မောင့်ကိုတွေ့လိုက်ရရိုက် သူမရင်ထဲ ဒိန်းခနဲ ဆောင့်ခုန် သွားရ၏။

ဆယ်နှစ်လုံးလုံး အမြဲတမ်း သတိရခဲ့ရတဲ့ သူမရဲ့တစ်ဦး တည်းသော လူလေး။

ဦးမင်းဉာဏ်တို့က သူမကို မွေးစားပြီးနောက် ရန်ကုန်သို့ ပြောင်းခဲ့ကြတာကြောင့် မောင်နှင့် အဆက်အသွယ် ပြတ်ခဲ့ရ၏။

ယခုတော့ မောင့်ကို ပြန်တွေ့ပြီ။ ကြည့်စမ်း တိုက်တိုက် ဆိုင်ဆိုင် မောင့်ကို ပြန်တွေ့တဲ့နေ့ကြမှ မင်းလကျ်ာသည်လည်း ပြန်ရောက်မည်တဲ့။

သူမဘဝမှာ ပတ်သက်ခဲ့တဲ့ ယောကျ်ားသားနှစ်ဦးကို ဆယ်နှစ်ကြာမှ တစ်ကြိမ်တည်း တစ်ခါတည်း ပြန်တွေ့ရတဲ့ အဖြစ် ပါလား။

"မနက်ဖြန်တော့ မာမီတို့အားလုံး လေဆိပ်ကို သွားကြို ကြရမယ် မို"

"မို့ကော လိုက်ရမှာလား မာမီ"





"အို…လိုက်ရမှာပေါ့ကွယ်၊ သမီးကလည်း မာမီတို့ မိသားစုဝင်ပဲ၊ သားကလည်း သမီးကိုတွေ့ရင် ဝမ်းသာမှာပဲလေ"

ဒေါ်အေမီကတော့ ဆယ်နှစ်ကြာ ကွဲကွာနေသည့် သား ပြန်လာမည်ဆို၍ အတူးပြုံးပျော်လေ၏။

မင်းလကျ်ာ ပြန်ရောက်မှာမို့ သူမလည်း ဝမ်းသာပေမယ့် ဘာကြောင့် မောင့်ကိုပဲ သတိရနေတာပါလိမ့်။

ဦးမင်းဉာဏ် ပြန်ရောက်ချိန်မှာတော့ သူမတို့ ညစာထမင်း ပွဲအသင့်။ ဦးမင်းဉာဏ်က ထမင်းမစားခင် ဆေးဖြစ်ဝါးဖြစ် အရက် နည်းနည်း သောက်တတ်သေးသည်။

ဒေါ်အေမီက ဦးမင်းဉာဏ်အတွက် လိုအပ်တာတွေ အဆင်သင့်ပြင်ပေးထား၏။

ကုမ္ပဏီက ပြန်ရောက်တာနှင့် သူမက ဒေါ်အေမီနဲ့အတူ မီးဖိုထဲဝင်၍ ကူညီလုပ်ကိုင်ပေးသည်။

ထမင်းစားပွဲတွင် မိသားစုဆုံတော့ ဦးမင်းဉာဏ်က သူမ ကြည့်ကာ…

"ဘယ်လိုလဲ မြယွန်းမို့၊ ဒီနေ့ သူရိန်ကုမ္ပဏီနဲ့ကိစ္စ အဆင် ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလာ၏။ ဦးမင်းညဏ်က သူမကို မွေးစားတယ် ဆိုပေမယ့် ယခုချိန်ထိ သမီးဟုမခေါ်ပါ။ ဒါကို စိတ်မကောင်းဖြစ်တာက သူမ။ ဒေါ်အေမီကတော့ ဘာမှမတတ်နိုင်သူမို့ ဦးမင်းညဏ် သဘောအတိုင်းထား၏။

"ဟုတ်ကဲ့ ဒက်ဒီ၊ ဒီနေ့ သူရိန်ကုမ္ပဏီက မန်နေဂျာလာပါတယ်၊ သူက…"

သူမက မောင့်အကြောင်း ပြောရမှာမို့ စကားရပ်သွားသည်။ ခဏနေမှ…

"ဈေးနှုန်းတဲ့ကိစ္စမှာတော့ အဆင်ပြေပါတယ်၊ နောက်မှ ဒက်ဒီတို့ လူကြီးချင်း ထပ်ပြီးညှိနိုင်းဖို့ မှ ပြောလိုက်ပါတယ်"

"အင်း…ကောင်းတယ်၊ ဒီသူရိန်ကုမ္ပဏီက နေအင်အားသိပ်တောင့်တင်းတယ်လို့ ကြားရတော့ သူတို့နဲ့သာ ဒက်ဒီတို့ကုမ္ပဏီ ပူးပေါင်းရင်"

စီးပွားရေးကိစ္စမှာတော့ ဦးမင်းညဏ်က အလွန်အကွက်မြင်၏။ ထို့ကြောင့်လည်း မင်းရာဇာကုမ္ပဏီသည် ကုမ္ပဏီလောကတွင် ထိပ်ဆုံးရောက်နေခြင်းဖြစ်မည်။

"ကဲ…ဒက်ဒီကြီး စားသောက်ပြီးမှ အလုပ်ကိစ္စ ပြောပါ၊





သမီးလည်းစားတော့"

"ဟုတ်ကဲ့"

ဒေါ်အေမီက မြပယ္ပွန်းမှို ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးနေ၏။ သမီးမရှိခဲ့တာမို့ ဒေါ်အေမီသည် မြပယ္ပွန်းမှိုကို သမီးအရင်းကဲ့သို့ ချစ်၏။

ဦးမင်းညဏ်က ဒေါ်အေမီ၏လုပ်ရပ်ကို ခေါင်းတညိတ်ညိတ်။ ဦးမင်းညဏ်အနေဖြင့် မြပယ္ပွန်းမှို၏ လိမ္မာပါးနပ်ထက်မြက်မှုကို သဘောကျပါသည်။ သို့သော် အရက်သမားတစ်ယောက်၏ သမီးအဖြစ် ရင်ထဲစွဲကာ အနည်းငယ်စိမ်းစွာ ဆက်ဆံနေမိသည်။

စားသောက်ပြီး အချိုပွဲတည်ချိန်မှာ ဦးမင်းညဏ် စကားစသည်။

"မနက်ဖြန် သားကို ကိုယ်နဲ့အေမီ သွားကြိုကြတာပေါ့"

"ဟင်…သမီးကိုကော မခေါ်ဘူးလား ဒက်ဒီကြီး"

ဒေါ်အေမီမေးတော့ ဦးမင်းညဏ်က မြပယ္ပွန်းမှိုကို ဖျတ်ခနဲကြည့်၏။

"ကုမ္ပဏီမှာ ကိုယ်မရှိရင် မြပယ္ပွန်းမှိုရှိရမယ်လေ၊ မနက်ဖြန် သူရိန်ကုမ္ပဏီကို မြပယ္ပွန်းမှိုသွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒက်ဒီ၊ မို သွားလိုက်ပါ့မယ်"

အစကတည်းက လေဆိပ်သို့ လိုက်မကြို့ချင်သော မြယွန်းမို့အတွက် ဦးမင်းညထ်စကားက အတော်ဖြစ်သွား၏။ ဒေါ်အေမီကတော့ မြယွန်းမို မပါ၍ စိတ်မကောင်းဖြစ်သွားရသည်။

"သားကတော့ သမီးကို မေးမှာပဲကွယ်"

နှစ်ယောက်တည်း ရှိချိန်မှာ ဒေါ်အေမီက သူမကို ပြောသည်။ သူမပြုံးကာ…

"အိမ်ရောက်လည်း မိုတို့တွေ့ကြမှာပါပဲ မာမီ၊ မနက်ဖြန် မာမီဝတ်ဖို့ အဝတ်အစား မို ထုတ်ပေးမယ်နော်"

"အေးကွယ်"

သူမ၏ ဒီလိုသိတတ်မှုကိုပဲ ဒေါ်အေမီက ချစ်နေရခြင်းပါ။ သမီးမိန်းကလေးရှိတော့ ဒေါ်အေမီအတွက် တိုးတိုးတိုင်ပင်ဖော်ရသည်မဟုတ်လား။

ညအိပ်ရာဝင်ချိန်မှ မောင့်အကြောင်းကို တွေးမိတာ မြယွန်းမို။ ဆယ်နှစ်ကြာမှ ပြန်လည်ဆုံခဲ့ရပေမယ့် မောင်သည် သူမအပေါ် အေးစက်စိမ်းကားနေသလိုပါပဲ။

ဘာကြောင့်များ ဒီလိုဖြစ်ရတာလဲ မောင်ရယ်။ မောင့်ရင်ထဲမှာ သူမကို သတိမရခဲ့ဘူးလားဟု နှစ်ယောက်တည်းတွေ့ကာ မေးချင်စိတ်တို့ ဖြစ်ပေါ်လာရသည်။





အတော်ပါပဲ၊ မနက်ဖြန် အလုပ်ကိစ္စဖြင့် မောင့်ဆီသွားရမည်။

သည်တစ်ခါ မောင့်ကို တွေ့လျှင် ငယ်ငယ်တုန်းက အကြောင်းတွေ ပြန်ပြောပြီး အရင်လို ပျော်ရွှင်စရာများ ဖြန့်ရဖို့ ကြိုးစားမည်ဟု သူမ ဆုံးဖြတ်လိုက်၏။

မောင်ရယ်…

မိုက လူကသာ ဒေါ်အေမီနဲ့ ဦးမင်းညထ်တို့ရဲ့ မွေးစားသမီးဖြစ်ခဲ့တာပါ။

တကယ်တမ်း မိုရဲ့စိတ်က မောင့်ဆီမှာ ကျန်ခဲ့တာပါကွယ်။

ပြတင်းပေါက်မှတစ်ဆင့် မြင်နေရသော လမင်းကြီးကို ငေးကြည့်ကာ သူမတစ်ယောက်တည်း ခပ်တိုးတိုးပြောမိ၏။

မနက်ဖြန်ကျရင် မင်းလက်ျာ ပြန်လာတော့မယ် မောင်။ အံ့သြစရာကောင်းအောင် မောင်နဲ့ မင်းလက်ျာကို မို တစ်ပြိုင်တည်း တွေ့ကြရပြန်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခင်းလက်ကွာ။

သူမကို မွေးစားပေးဖို့ တောင်းဆိုပြီး နိုင်ငံခြားထွက်သွားခဲ့တဲ့ စေတနာရှင်လေး။

ယခုတော့ သူမရဲ့သွေးသားမတော်စပ်တဲ့ အစ်ကိုဖြစ်လေပြီ။

✵ ▯ ✵



လှေကားပေါ်တက်လာသော ခြေသံဖွဖွကို ကြားရသည်။ ထို့နောက် သူ့အခန်းဘက်လျှောက်လာသံ။ သူ သက်ပြင်းဖွဖွ ကြိတ်ရှိုက်မိ၏။

"ဒီအခန်းပါပဲ မမလေး"

"ဟုတ်ကဲ့"

လိုက်ပို့သော သူက အခန်းရှေ့မှ ပြန်သွားပြီ။ ယခုချိန် သူ့အခန်းရှေ့မှာ သူမရောက်နေပါလားဟု တွေးကာ ရင်သည်းအကြောင့် ခုန်လာမှန်းမသိ။

တကယ်တော့ သူမနှင့်ပတ်သက်လျှင် သူဟာ အမြဲစိတ်လှုပ်ရှားခဲ့ရတာပဲ မဟုတ်လား။

"ကျွန်မကို ဝင်ခွင့်ပြုပါ"

ကြည်လင်အေးမြသော အသံနှင့်အတူ ဖြူနုသောလက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသွယ်သွယ်လေးများက မှန်တံခါးကို အသာတွန်းဖွင့်ကာ ဝင်ရောက်လာ၏။

"မှို"

သူနေရာမှ ထရပ်ရင်း သူမကို လှမ်းကြည့်ကာ စိတ်ထဲမှ တမ်းတစွာ ခေါ်လိုက်၏။ မှန်တာဝန်ခံရလျှင် ဆယ်နှစ်တာလုံး သူ အိပ်မက်ထဲမှာ လိုက်ရှာနေသည့် မိန်းကလေးမဟုတ်လား။

"မှို ရောက်လာလို့ အံ့သြနေသလား မောင်"

ပထမဆုံး သူမက စတင်မေးလာ၏။ သူက မျက်နှာကို အတည်ငြိမ်ဆုံးထားကာ…

"မင်းရာဇာရဲ့ မန်နေဂျာကို ကြိုဆိုပါတယ်ဗျာ"

"မှိုကို အစွဲမတိုက်ပါနဲ့ မောင်၊ မှို ခုလာတာ အလုပ်ကိစ္စနဲ့ ဆိုပေမယ့် မှိုကိုယ်တိုင် မောင့်ကို တွေ့ချင်လို့ ရောက်လာတာပါ"

ချော့ကလက်ရင့်ရောင် ဝတ်စုံက သူမ၏ ဖြူနုဝင်းဝါသောအသားနှင့် လိုက်ဖက်နေသည်။ နက်မှောင်ပျော့ပျောင်းသော ဆံနွယ်ရှည်များကို ဘေးတစ်ဖက်စီမှာ လှပသည့် ကလစ်များဖြင့် ညှပ်လျက် နောက်သို့သိမ်းထားတာကြောင့် သူမပုံစံက ယဉ်ယဉ်





လေးနှင့် ကျက်သရေရှိစွာ လှနေ၏။

သူက စားပွဲရှေ့သို့ ဝိုက်ထွက်လိုက်သည်။ ထို့နောက် သူမရှေ့ရပ်ကာ မျက်နှာနုနုကို ကြည့်မိ၏။

"ကိုယ့်ကို သတိရနေတယ်လို့ မှို ပြောလိုက်တာလား"

ထိုအမေးကြောင့် သူမ၏ဖြူနုသော မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။ မောင်ဆိုတဲ့ လူတစ်ယောက် အရင်ကတည်းက စကားကို သွယ်ဝိုက်ကာ မပြောတတ်ခဲ့ပါလား။

သူမက မျက်တောင်ကော့များပင့်ကာ သူ့ကိုကြည့်သည်။ အမြဲတမ်း တည်ငြိမ်တောက်ပတဲ့ မျက်လုံးတွေဟာ ယခုချိန်ထိ ပုံစံမပြောင်းလဲသေး။

"မောင်ကကော မှိုကို သတိမရခဲ့ဘူးလားဟင်"

"ကိုယ်လား"

"အင်း"

သူမ ခေါင်းညိတ်လိုက်၏။ သူက သူမကို ကျောခိုင်းကာ ပြတင်းပေါက်တွင် သွားရပ်သည်။

"မြယွန်းမှိုဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ဆယ်နှစ်လုံးလုံး ကိုယ် အိပ်မက်ထဲမှာ လိုက်ရှာနေမိခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်"

သူ့စကားကြောင့် သူမရင်ထဲ နင့်ခနဲခံစားရသလို ဝမ်းသာကြည်နူးစိတ်လည်း ဖြစ်မိရသည်။

"မို…မိုလည်း မောင့်ကို ဆယ်နှစ်လုံးလုံး သတိရခဲ့တာပါ"

"ဒါဆို မင်းလက်ချာကိုကော မို"

"ဟင်"

သူ ဆတ်ခနဲလှည့်ကာ သူမနှင့် မျက်နှာချင်းဆိုင် မေး၏။ ထိုအမေးကြောင့် သူမ အံ့ဩသွားသည်။

"မောင် ဘာကိုဆိုလိုတာလဲဟင်"

"အဟွန်း…ကိုယ်မေးတာ ရှင်းပါတယ် မို၊ ကိုယ်က မို့အနားက ဆယ်နှစ်လုံးလုံး ပျောက်ခဲ့တဲ့လူလေ၊ အဲဒီလိုလူကိုတောင် မိုက သတိရနေခဲ့ရင် ဆယ်နှစ်လုံးလုံး မို့အနားမှာရှိခဲ့တဲ့ မင်းလက်ချာကို မို ပိုပြီး"

"ဟင့်အင်း…မဟုတ်ဘူး၊ မောင်ထင်သလို မင်းလက်ချာ မို့အနားမှာ ဆယ်နှစ်လုံးလုံး မရှိခဲ့ပါဘူး၊ မိုကို မာမိတို့ မွေးစားတဲ့ နှစ်မှာပဲ သူ နိုင်ငံခြားကို ပညာသင်ဖို့ ထွက်သွားခဲ့တယ်လေ"





"သြော်"

သည်လိုဆိုရင်ဖြင့် မင်းလက်ချာနှင့် မြယွန်းမိုသည်လည်း သူ့လိုပဲ ဆယ်နှစ်လုံးလုံး မတွေ့ခဲ့ကြပါလားဟု တွေးမိကာ ကျေနပ်ချင်သလိုလို။

"ဒါပေမယ့် အံ့ဩစရာတော့ ကောင်းတယ် မောင်၊ မောင်နဲ့မိုတို့ ပြန်တွေ့တဲ့နေ့မှာပဲ မင်းလက်ချာလည်း နိုင်ငံခြားက ပြန်လာပြီလေ"

"ဟင်"

သူ အံ့ဩစွာဖြင့် သူမကို ကြည့်၏။ သူမက တည်ငြိမ်သော မျက်ဝန်းများဖြင့် သူနှင့် မျက်လုံးချင်းဆုံသည်။

"ဟုတ်တယ် မောင်၊ သူ့ကို ဒီနေ့ပဲ လေဆိပ်သွားကြိုခဲ့ပြီ"

"သြော်…တကယ်ပဲ မင်းလက်ချာ ပြန်လာပြီကိုး၊ အဟွန်း ဝမ်းသာပါတယ် မို၊ အထူးသဖြင့် မို့ကိုယ်စားပေါ့"

"ဘာ…ဘာပြောတယ် မောင်၊ မင်းလက်ချာ ပြန်လာတာကို မိုကိုယ်စား မောင်က ဝမ်းသာပေးတယ်ဟုတ်လား"

"ဟုတ်တယ်လေ မို၊ မင်းလက်ချာ ပြန်လာတာကို မိုကော



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားလား”

သူမမျက်နှာကို စိုက်ကြည့်ကာ သူမေးသည်။ သူမ အဲလေး မသိမသာကြိတ်မိ၏။ သူ့စိတ်ထဲ သူမကို မင်းလက်ျာနှင့် အထင်လွဲနေတာပဲ။

“ဝမ်းသာပါတယ် မောင်၊ မှီ ဝမ်းသာတာက ကိုယ့် သူငယ်ချင်းတစ်ယောက် သွေးသားမတော်စပ်ပေမယ့် အစ်ကို တစ်ယောက် ပြန်လာတာမျိုးကိုပါ”

“ဆယ်နှစ်တာအတွင်းမှာ မင်းလက်ျာနဲ့ မှီဟာ လူချင်း မတွေ့ခဲ့ရတာတောင်မှ စာချင်း၊ ဖုန်းချင်း အဆက်အသွယ် ရှိခဲ့တာ ပဲ မဟုတ်လား၊ အဲဒီသံယောဇဉ်ဟာ နည်းလား မှီ”

ထိုစကားကြောင့် သူမ၏ လှပသောနှုတ်ခမ်းလေး မဲ့ရဲ့ ဖြစ်သွားသည်။

“အများအမြင်ကတော့ အဲဒီလိုထင်ချင်စရာပေါ့ မောင် ဒါပေမယ့် အံ့သြစရာကောင်းတာက မင်းလက်ျာဟာ ဆယ်နှစ်လုံး လုံး မှီ့ဆီကို ဖုန်းနဲ့သော်လည်းကောင်း၊ စာနဲ့သော်လည်းကောင်း လုံးဝမဆက်သွယ်ခဲ့ဘူး၊ မှီကလည်း သူ့ကို စတင်ပြီး မဆက်သွယ် ခဲ့ဘူး မောင်”





“ဟင်…ဒါဆို မင်းလက်ျာ အခုပြန်လာမှ မင်းတို့ တွေ့ကြမှာလား မှီ”

မယုံနိုင်သလို သူမေးတော့ သူမက ခေါင်းညိတ်၏။

“ဟုတ်ပါတယ် မောင်၊ မင်းလက်ျာကို ဆက်သွယ်ဖို့ သတိမရခဲ့ပေမယ့် မောင့်ကိုတော့ မှီ့စိတ်ထဲက အမြဲသတိရခဲ့တယ် ဆိုတာ ယုံရဲ့လားဟင်”

သူ့မျက်နှာကို ကြည့်ကာ မှီမေးသည်။ သူမ၏ လှပတည် ငြိမ်သော မျက်ဝန်းလေးများကို သူစိုက်ကြည့်မိ၏။

“တကယ်ပဲလား မှီ၊ ကိုယ်လိုလူတစ်ယောက်ကို မင်း သတိရခဲ့တယ်ဆိုတာ”

“မောင် မယုံတာကို မှီ ဝမ်းနည်းတယ်၊ သေချာစဉ်းစား ကြည့်ရင် မှီ့ဘဝမှာ မောင်ဟာ ဘယ်လိုမှ မေ့နိုင်စရာမရှိတဲ့ လူတစ်ယောက် မဟုတ်လားဟင်”

“မှီ…မှီရယ် တကယ်တော့ မောင်ကိုယ်တိုင်လည်း မင်းကို သတိရခဲ့တာပါ၊ ရုတ်တရက် မင်းကိုပြန်တွေ့ရတော့ မောင့် ရင်ထဲ ဘယ်လောက်ဝမ်းသာမိတယ်ဆိုတာ သိရဲ့လားဟင်”

သူပြောရင်း သူမ ပခုံးလေးကို ဖျတ်ခနဲ ဆုပ်ကိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



မေးမိ၏။ သူမ၏ လှပသော မျက်ဝန်းလေးများ တစ်လက်လက် တောက်ပလျက် အရည်ကြည်လေးတို့ ဝန်းရံလာသည်။

“ဒီ…ဒီလိုဆို မှီကို…မှီကို မောင် စိတ်မနာတော့ဘူး ပေါ့နော်”

“ဟင့်အင်း…တကယ်တော့ မောင့်စိတ်ထဲမှာ မှီကို အမြဲ ခွင့်လွှတ်ခဲ့တာပါ၊ မှီကို ခုလိုကောင်းကောင်းမွန်မွန် တွေ့ရတော့ လွန်ခဲ့တဲ့ဆယ့်နှစ်က မှီ ရွေးလိုက်တဲ့ လမ်းဟာ မှန်တယ်လို့ မောင် သိလိုက်ပါတယ်”

သူ့ဘက်မှ ယခုလို နားလည်ပေး၍ သူမ ဝမ်းသာသွားရ လေ၏။ မောင်သာ သူမကို စိတ်နာခဲ့လျှင် ဒီအချိန် ဘယ်လောက် နာကျင်ခံစားရမလဲ။

“မင်းလက်ျာကို မောင်တွေ့မှာလားဟင်”

“တွေ့မှာပေါ့ မှီ၊ တကယ်တော့ သူဟာ မောင့်သူငယ် ချင်းပဲ၊ မှီကိုလည်း သူကူညီခဲ့တာ၊ ကိုယ်က ကျေးဇူးတင်ရမှာပေါ့ ဗျာ”

“မှီကလည်း မောင့်ကို ကျေးဇူးတင်ပါတယ်ရှင်”

အပြုံးလေးဖြင့် သူမပြောတော့ သူ နားမလည်ဖြစ်သွား



၏။

“ဘာ့အတွက်လဲ မှီ”

“သြော်…မောင်က မှီကို နားလည်ပေးလို့လေ”

“အဟွန်း…ဒါများ မှီရယ်၊ မှီ အမြဲမှတ်ထားဗျ၊ မောင်ဆို တဲ့ကောင်က မှီကို အမြဲနားလည်နေမယ်ဆိုတာ”

“တကယ်လား မောင်၊ ဒါဆို နောက်ဘယ်တော့မှ မှီ အပေါ် စိတ်မဆိုးရဘူးနော်”

သူ့မျက်ဝန်းတွေကို ကြည့်ကာ သူမပြောသည်။ သူပြုံး၍ ခေါင်းညိတ်ရင်း…

“စိတ်ချပါ မှီရယ်၊ မှီကသာ မောင့်ကို မမေ့သွားပါနဲ့ လို့”

“ဟင့်အင်း…ဘယ်တော့မှ မမေ့ဘူး”

ထို့နောက် နှစ်ယောက်သား ပြိုင်တူပြုံးလိုက်ကြလေ၏။

✱ ▯ ✱



www.burmeseclassic.com

www.burmeseclassic.com

"မာမီ…ဒက်ဒီ နေကောင်းတယ်နော်"

လေယာဉ်ပေါ်မှ ဆင်းလာသော မင်းလကျာက လာရောက်ကြိုဆိုနေသည့် မိဘနှစ်ပါးအား လေဆိပ်ထဲရောက်တာနှင့် လိုက်လှဲစွာ နှုတ်ဆက်လိုက်၏။

"ကောင်းပါတယ် သားရယ်၊ ကြည့်စမ်း…မာမီ့သားက အသားတွေဖြူပြီး အရပ်မြင့်မြင့်ကြီးနဲ့ ခန့်သွားလိုက်တာ"

မိခင်ဖြစ်သော ဒေါ်အေမီက ဆယ်နှစ်ကြာ ကွဲကွာနေသည့် သားကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ကြည်နူးပီတိဖြစ်စွာ ပြောလေသည်။

ဦးမင်းဉာဏ်ကတော့ သားဖြစ်သူကို ခပ်ပြုံးပြုံးကြည့်ကာ…

"အောင်မြင်စွာနဲ့ ပြန်လာတဲ့ သားကို ဒက်ဒီက ဂုဏ်ယူ





စွာ ကြိုဆိုပါတယ်ဗျာ"

"ကျေးဇူးတင်ပါတယ် ဒက်ဒီ"

မင်းလကျာက မိဘနှစ်ပါးကို နှုတ်ဆက်ပြီးနောက် မျက်ဝန်းတို့သည် တစ်စုံတစ်ယောက်ကို လိုက်ရှာနေမိ၏။

မြယွန်းမို…

သူမ ဘယ်မှာလဲ။

ဆယ်နှစ်ကြာမှ ပြန်လာတဲ့ သူ့ကို သူမအနေနှင့် ဘာကြောင့် လာမကြိုရတာလဲ။ တကယ်ဆို သူမအတွက် သူ့ အနှစ်နှာခံကာ နိုင်ငံခြားကို ထွက်သွားပေးခဲ့တာမဟုတ်လား။

"မြယွန်းမိုတော့ လာမကြိုနိုင်ဘူးသား၊ ကုမ္ပဏီမှာ အလုပ်တွေများနေလို့ သူ့ကိုပဲ လွှဲထားရတယ်"

မင်းလကျာတစ်ယောက် ဘာကိုရှာနေသလဲဟု သဘောပေါက်သော ဦးမင်းဉာဏ်က အေးဆေးစွာပဲ ပြော၏။

မြယွန်းမို လာမကြိုဘူးဆိုတာကြောင့် မင်းလကျာ မျက်နှာ ရှုတ်ခနဲ ပျက်သွားသည်။

ဒေါ်အေမီက သက်ပြင်းကြိတ်ရှိုက်၏။ တကယ်ဆို မိသား စုရုံလင်စွာ သားကို လာကြိုသင့်တယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…လာ သား၊ ပစ္စည်းတွေရွေးပြီး သွားရအောင် အိမ်မှာ သားအကြိုက်ဟင်းတွေ မာမီကိုယ်တိုင် ချက်ထားခဲ့တယ်"

"မင်းမာမီကတော့ သားပြန်လာမယ်ဆိုကတည်းက ဝမ်းသာပြီး တစ်နေ့လုံး ချက်ပြုတ်နေတာပဲကွ"

ဦးမင်းညွှန့်ကပါ ဝင်၍ပြောသည်။ မြန်မာပြည်သို့ ပြန်ရောက်တာနှင့် မြယွန်းမှီ မျက်နှာလေးကို အရင်ဆုံး မြင်ရလိမ့်မည်ဟု ထင်ထားသော မင်းလကျ်ာအတွက် ရင်မှာ တစ်စုံတစ်ခု လိုအပ်နေသလိုပါပဲ။

"ကျွန်မသားက မြန်မာအစားအစာတွေနဲ့ ဝေးကွာနေတာ ဘယ်လောက်ကြာပြီလဲ ဒက်ဒီကြီးရဲ့၊ ဒါကြောင့် သားအကြိုက် စားကောင်းမယ့် ဟင်းတွေကို မြယွန်းမှီလေးနဲ့အတူ ချက်ပြုတ်ထားကြတာ"

"မြယွန်းမှီက မာမီ့အတွက် အားကိုးနေရတယ်ပေါ့"

မင်းလကျ်ာမေးတော့ ဒေါ်အေမီက ပြုံးရွှင်စွာ ခေါင်းညိတ်၏။

"မာမီတင် အားကိုးရတာ မဟုတ်ပါဘူး သားရယ်၊ မင်းဒက်ဒီလည်း မှီလေးကို အားကိုးနေရတာပါ၊ အိမ်အလုပ်ကော



ကုမ္ပဏီအလုပ်မှာပါ မြယွန်းမှီလေးက မျက်နှာလွှဲရရှာတယ် သားရဲ့"

ဒေါ်အေမီက မြယွန်းမှီအကြောင်း သဘောတကျ ပြောနေသမျှ ဦးမင်းညွှန့်က မကြိုက်ဟန်ဖြင့်…

"ကဲ…ကဲ ဒါတွေအသာထားပါ၊ ခုဆို တို့သားပြန်လာပြီဆိုတော့ နှုတ်ဆက်ပွဲလေးတစ်ခု လုပ်ပေးဖို့ ငါ စဉ်းစားထားတယ်၊ ဒါမှ ငါ့အသိုင်းအဝိုင်းနဲ့ သား ရင်းနှီးသွားမယ်"

"အဲဒါကောင်းတဲ့အစီအစဉ်ပဲ ဒက်ဒီကြီး၊ သားလည်း သဘောကျတယ်မဟုတ်လား"

"မာမီတို့ ကောင်းသလိုစီစဉ်ပါ၊ ဪ…ဒါနဲ့ ကျွန်တော် တို့ကုမ္ပဏီဘက် အရင်လှည့်ဝင်ရအောင် ဒက်ဒီ"

မင်းလကျ်ာ၏ ကောင်းဆိုမှုကို ဦးမင်းညွှန့်လက်ခံ ခေါင်းညိတ်လိုက်သည်။

ထို့ကြောင့် ကုမ္ပဏီရှိ မြယွန်းမှီထံ ကြိုတင်၍ လှမ်းဖုန်းဆက်လိုက်၏။

"သားကိုတွေ့ရင် မှီလည်း အံ့သြဝမ်းသာမှာပဲ"

"ကျွန်တော်လည်း သူ့ကိုတွေ့ချင်ပါတယ် မာမီ"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကုမ္မဏီကို ဝင်ချင်တာသည် မြယွန်းမှီကို တွေ့ချင်၍ မဟုတ်လား။ ဦးမင်းဉာဏ်ကတော့…

"ခုဆို သားရောက်လာပြီဆိုတော့ ကုမ္မဏီကို သားပဲဦးစီးရမယ်၊ ဒါကြောင့် သေချာလေ့လာပါ"

"ကောင်းပါပြီ ဒက်ဒီ"

ကုမ္မဏီရောက်တော့ မြယွန်းမှီ အပါအဝင် ဝန်ထမ်းများက သူတို့ကို ကြိုနေ၏။

"ဒက်ဒီတို့ကို ကြိုဆိုပါတယ်"

နီ့နှစ်ရောင်ဝတ်စုံလေးဖြင့် ဖြူနုရှင်းသန့်စွာ လှပနေသော မြယွန်းမှီက ကားပေါ်မှ ဆင်းလာသည့် ဦးမင်းဉာဏ်တို့ကို ခေါင်းလေးညွတ်ကာ နှုတ်ဆက်လိုက်၏။

ဝန်ထမ်းများက…

"မင်္ဂလာပါ သူဌေး"

ဟု နှုတ်ဆက်ကြသည်။

ဒေါ်အေးမီက မြယွန်းမှီကို ပြုံး၍ကြည့်သည်။

"သမီး မှီ၊ ဒီမှာလေ သမီးကိုကိုကို မာမီတို့ကြိုလာပြီ၊ နှုတ်ဆက်လိုက်ပါဦးကွယ်"



ဒေါ်အေးမီစကားကြောင့် မြယွန်းမှီ၏ လှပသော မျက်ဝန်းလေးများက အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ဖြူသန့်ချောမောနေသည့် မင်းလကျာကို ဖျတ်ခနဲကြည့်မိ၏။

မင်းလကျာကလည်း သူမကို တောက်ပသော မျက်လုံးများဖြင့် ပြုံး၍ကြည့်နေတာဖြင့် ဆုံသည်။

"ကိုမင်း ပြန်လာတာ ဝမ်းသာပါတယ်ရှင်"

အပြုံးလေးဖြင့် သူမ နှုတ်ဆက်လိုက်၏။ မင်းလကျာ၏ မျက်ဝန်းများ လက်ခနဲတောက်သွားသည်။

ကြည့်စမ်း ဆယ်နှစ်ဆိုတဲ့အချိန်မှာ မြယွန်းမှီဟာ လှလာလိုက်တာ။ တကယ့်ကို မင်းလကျာ မမှတ်မိနိုင်လောက်အောင်ပါပဲ။

"ကိုယ်ကလည်း မြယွန်းမှီနဲ့ ခုလိုပြန်ဆုံရတာ ဝမ်းသာပါတယ်ဗျာ"

ပြောရင်း မင်းလကျာက သူမကို လက်ကမ်းပေးလိုက်သည်။ ထို့ကြောင့် သူမ၏ ဖြူနုသောလက်လေး ကမ်းပေးလိုက်ရသည်။ လက်ဆွဲနှုတ်ဆက်စဉ်အခိုက် မင်းလကျာ၏ ရင်ထဲ နွေးညွှန်းလှသည့် သူမလက်လေးကို တော်တော်နှင့် မလွှတ်ချင်မိအောင် ဘာကြောင့်ဖြစ်ရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ကုမ္ပဏီကို ကြည့်လိုက်ရအောင်"

ဦးမင်းညဏ်စကား စလိုက်တာမို့ အားလုံး အထဲဝင်ခဲ့ကြ၏။ မြယွန်းမှိုက ဦးဆောင်ကာ ကုမ္ပဏီနှင့် ပတ်သက်တာများ ရှင်းပြလေသည်။ လုပ်ငန်းပိုင်းနှင့် ပတ်သက်လျှင် ကျွမ်းကျင်လှသော မြယွန်းမှိုကို မင်းလကျ်ာ ထုတ်ကာ ချီးကျူးလိုက်လေသည်။

"မြယွန်းမှိုက လုပ်ငန်းပိုင်းမှာ တော်တော်ကျွမ်းကျင်နေ့စပ်တာပါလားဟင်"

"ဟုတ်ကဲ့၊ အဲဒါ ဒက်ဒီ့ကျေးဇူးတွေပါ ကိုမင်း"

ဦးမင်းညဏ်ဘက် လှည့်ကြည့်ကာ မြယွန်းမှို ပြောလိုက်၏။

"သားမရှိတဲ့အချိန်မှာ မြယွန်းမှိုကို သားကိုယ်စားလေ့ကျင့်ပေးခဲ့တာလေ၊ ခုလို သားပြန်ရောက်ပြီဆိုတော့ မင်းတို့မောင်နှမ အတူတွဲလုပ်ကြရမယ်"

"မင်းတို့မောင်နှမ"

ဟူသော ဦးမင်းညဏ်၏စကားကြောင့် မင်းလကျ်ာနှင့် မြယွန်းမှို တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်မိ၏။

မောင်နှမတဲ့လား။ တကယ်ဆို သူတို့နှစ်ယောက် ဘာမှ





သွေးသားမတော်စပ်တာပဲ။

"ကိုယ်ကတော့ မြယွန်းမှိုကို အားကိုးရမှာပဲဗျ"

မင်းလကျ်ာက အပြုံးဖြင့် မြယွန်းမှိုကို ကြည့်ကာ ပြောလိုက်၏။

"မဟုတ်တာရှင်၊ မှိုကသာ ကိုမင်းဆီက ပညာတွေ သင်ယူလေ့လာရမှာပါ"

"ကဲ…ကဲ ဒါဆို သားတို့မောင်နှမ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် သင်ယူကြ ဟုတ်လား၊ ခုတော့ အားလုံး အတူပြန်ပြီး ထမင်းစားကြစို့"

ဒေါ်အေမိက လက်မှနာရီကို တစ်ချက်ကြည့်ပြီး သူတို့ကို သတိပေးလိုက်၏။

"မှို…နေခဲ့မယ်နော် မာမီ"

မိသားစုထမင်းဝိုင်းမှ သူမ မပါသင့်ဟုထင်ကာ ဒေါ်အေမိကို ပြောလိုက်သည်။

"ဘယ်ဟုတ်မလဲ မြယွန်းမှို၊ မိသားစုရဲ့ ပထမဆုံးထမင်းဝိုင်းမှာ မင်းလည်းပါဝင်သင့်တာပေါ့၊ ကျွန်တော်ပြောတာ ဟုတ်တယ်နော် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွယ်…သမီးမပါတော့ မိသားစုတစ်ယောက် လျော့နေမှာပေါ့၊ ကဲ…အလုပ်ကိစ္စတွေ တခြားလူနဲ့လွှဲခဲ့၊ ဒီနေ့တော့ သမီးပြန်လိုက်ရမယ်"

ဒေါ်အေးမီနှင့် မင်းလက်ဥာတို့ ဆန္ဒရှိနေတာကြောင့် ဦးမင်းဉာဏ် ဘာမှဝင်မပြောတော့ပေ။

မြပယ္ပန်းမှီက ဒေါ်အေးမီတို့ဆန္ဒအတိုင်း ပြန်လိုက်ခဲ့၏။

"အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား မှီ"

မင်းလက်ဥာက ပထမဆုံးအကြိမ် သူမကို မှီဟု ခေါ်လိုက်ခြင်းပါ။ သူမ ခေါင်းလေးညိတ်ကာ…

"ဟုတ်ကဲ့…အဆင်ပြေပါတယ် ကိုမင်း၊ ခုလို ကိုမင်း ရောက်လာတော့ လုပ်ငန်းကိစ္စတွေ ပိုအဆင်ပြေလာတယ် ထင်ပါတယ်"

"ကိုယ့်ကို ခုလိုအထင်ကြီးတာ ကျေးဇူးတင်ပါတယ် မြပယ္ပန်းမှီ"

"အို…တကယ်ပြောတာပါ ကိုမင်းရယ်၊ နိုင်ငံခြားပြန် ကိုမင်းလို လူတစ်ယောက်ရဲ့ ဦးဆောင်မှုဟာ ဘယ်သူနဲ့မှ မယှဉ်သာပါဘူးရှင်"





သည်တစ်ခါတော့ ငြိမ်နေသော ဦးမင်းဉာဏ်က…

"မြပယ္ပန်းမှီပြောတာ မှန်တယ်သား"

ဟု သဘောကျစွာ ထောက်ခံလိုက်လေ၏။

❋ ▯ ❋



www.burmeseclassic.com

www.burmeseclassic.com

"မင်းကို ခုလိုမြင်တွေ့ရတာ ကိုယ်သိပ်ဝမ်းသာတာပဲ မို၊ မာမီတို့နဲ့နေရတာ အဆင်ပြေတယ်မဟုတ်လား"

ညဘက်မှာ နှစ်ဦးသား ခြံထဲလမ်းဆင်းလျှောက်ရင်း မင်းလက်ျာက မြယွန်းမိုကို ညင်သာစွာ ကြည့်၍ မေးလာ၏။

လမင်း၏အလင်းရောင်က ခြံထဲမှာ ဖြာကျနေသည်။ ညလေပြည်အေးမှာ မြယွန်းမို၏ ဆံနွယ်ရှည်တို့က အသာလူးလွန့် လျက်...

မြယွန်းမိုထံမှ ရှင်မတောင်သနပ်ခါးနံ့ သင်းသင်းက လတ် ဆတ်သောလေအေးနှင့်အတူ ရှူရှိုက်မိ၏။

"ဟုတ်ကဲ့...အဆင်ပြေပါတယ် ကိုမင်း၊ တကယ်တော့ မို ဒီလိုဘဝရောက်အောင် ကိုမင်း ကူညီခဲ့တာပါ"

"ဒီလိုမပြောပါနဲ့ဗျာ၊ မို့ကံကြောင့်ပါ၊ မာမီတို့ကလည်း





မိုကို ချစ်ကြတယ်လေ"

ဒေါ်အေးမီအနေဖြင့် သူမကိုချစ်တယ်ဆိုတာ ဟုတ်ပေမယ့် ဦးမင်းညာဏ်ကတော့ မဖြစ်နိုင်ဟုထင်၏။

"မိုကလည်း မာမီတို့ကို မိဘတွေလိုပဲ သဘောထားပါ တယ် ကိုမင်း၊ နောက်တစ်ခုကလည်း အဝေးရောက်နေတဲ့ ကိုမင်း ရဲ့အစား မာမီတို့ကို ပြုစုစောင့်ရှောက်ပေးရမယ်ဆိုတဲ့ တာဝန်ရှိနေ တယ်လေ"

"မာမီကတော့ မို ဒီလိုသိတတ်လိမ္မာတာကို သိပ်ကျေနပ် တာပဲ၊ မိုကို မွေးစားလိုက်ရတာမှန်တယ်လို့ ပြောတယ်"

ချမ်းသာပြည့်စုံသော ဒေါ်အေးမီတို့အိမ်မှာ ကူဖော်လောင် ဖက်တွေ များပေမယ့် အလိုက်သိသော သူမက ဦးမင်းညာဏ် နှင့်ဒေါ်အေးမီတို့ကိစ္စများကို ကိုယ်တိုင်လုပ်ပေးတတ်သည်။

နိုင်ငံခြားမှာတုန်းက သူမထံ ဖုန်းတစ်ချက်မဆက်ခဲ့သော မင်းလက်ျာသည် ဒေါ်အေးမီနှင့် ဖုန်းပြောတိုင်း သူမ၏အကြောင်း ကြားသိခဲ့ရ၏။

"ကိုမင်းကတော့ နိုင်ငံခြားမှာ ပျော်ခဲ့မှာပေါ့နော်"

လေပြည်ထဲ လွင့်နေသော ဆံနွယ်ရှည်များကို နေသို့



www.burmeseclassic.com

www.burmeseclassic.com



အသာချယူရင်း သူမအပြုံးလေးဖြင့် မေးလိုက်၏။ သည်တော့ မင်းလကျ်ာ ပြုံး၏။

"မပျော်ဘူးလို့တော့ မပြောချင်ပါဘူး မို၊ လူငယ် တစ်ယောက်အနေနဲ့ နိုင်ငံခြားမှာ ပျော်စရာတွေပေါ်ပါတယ်၊ ဒါ မဲ့ ကိုယ်က ရည်ရွယ်ချက်နဲ့ ရောက်နေတာလေ၊ အထူးသဖြ ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းမရှိတဲ့ အရပ်မှာ တစ်ယောက်တည် အထီးကျန်သလို ခံစားရတယ်"

"မိုကြောင့် ကိုမင်း ဒီလိုခံစားရတာနော်၊ မို့ကိုသာ မ စားခဲ့ရင် ကိုမင်း နိုင်ငံခြားထွက်သွားရမှာ မဟုတ်ဘူး၊ ခုတော မို့ကိုယ်စား အထီးကျန်ပေးရသလိုပဲ"

ဆယ်နှစ်ဆိုသည့် ကာလအတွင်းမှာ မင်းလကျ် တစ်ယောက် နိုင်ငံခြားတွင် ဘယ်လိုများ နေခဲ့ပါလိမ့်ဟု ကိုယ်ချ စာစိတ်ဖြင့် သူမတွေးမိရ၏။

သည်တော့ မင်းလကျ်ာ ခေါင်းခါယမ်း၏။ လရောင် မှာ သူမအလှက လန်းဆန်းအေးမြနေသလိုပါပဲ။

"ကိုယ့်ကို နိုင်ငံခြားပညာသင်ပို့ဖို့ဆိုတာ ဒက်ဒီရဲ့ အ တည်းက ရည်ရွယ်ချက်ပါ မို၊ မိုကို မမွေးစားလည်း ကိုယ်တ





သွားရမှာပဲ"

"ဒါပေမယ့် မိုကြောင့် အချိန်စောပြီး ကိုမင်းသွားရတာ မဟုတ်လား"

ထိုစကားကို မင်းလကျ်ာ မငြင်းချင်တော့ပေ။ ဒါဟာ သူမသိထားတဲ့ ကိစ္စတစ်ခုလည်း ဖြစ်နေ၏။

"သွားရမယ့်အတူတူပဲဆိုပြီး ထွက်သွားတာပါ မို"

"ဘာပဲဖြစ်ဖြစ် ကိုမင်းကို မို ကျေးဇူးတင်ပါတယ်"

"ဟင့်အင်း…ကိုယ် မိုဆီက ကျေးဇူးတင်စကား မလိုချင်ဘူး၊ မို ကောင်းတာမြင်ရင် ကိုယ်ဝမ်းသာတယ်၊ ဒီဆယ်နှစ်အတွင်း မှာ ကိုယ် မို့ကို သတိရခဲ့တယ်"

"ဟင့်အင်း…ဒါတော့ မို မယုံချင်ဘူး ကိုမင်း"

"ဘာဖြစ်လို့လဲ မို"

မင်းလကျ်ာနှင့် မြယွန်းမိုတို့ အကြည့်ချင်းဆုံ၏။

"ကိုမင်းသာ မိုကို သတိရတယ်ဆိုရင် ဒီဆယ်နှစ်အတွင်း မှာ ကိုမင်းအနေနဲ့ မို့ဆီ ဖုန်းဆက်ရမယ်၊ စာရေးရမယ် မဟုတ်လား၊ ခုတော့ ကိုမင်းက"

"သြော်…မိုက ဒါကို စိတ်ဆိုးနေတာကိုး၊ ကိုယ် တောင်း



www.burmeseclassic.com

www.burmeseclassic.com



ယန်ပါတယ်မို၊ တကယ်တော့ မာမီတို့ဆီ ဖုန်းဆက်တိုင်း ကိုယ် မိုနဲ့ စကားပြောချင်တာပေါ့၊ ဒါပေမယ့် ဆယ်နှစ်လုံးလုံး မိုနဲ့ အဆက်အသွယ်မလုပ်ပါဘူးလို့ ဒက်ဒီကို ကိုယ်ကတိပေးခဲ့တယ် လေ၊ အဲဒါဟာ မိုအတွက်ပေါ့၊ မိုဟာ ဘယ်သူ့ကြောင့်မှ အနှောင့် အယှက်မဖြစ်ဘဲ ဘ၀ကို ဖြောင့်ဖြောင့်ကြီး လျှောက်နိုင်အောင်လို့ ပါဗျာ''

ရင်ထဲကလာသော စေတနာရင်းဖြင့် သူမ၏ ဖြူနုဝင်းပါ သည့် မျက်နှာလေးကို ကြည့်ကာ လေးနက်စွာ သူပြောမိ၏။

''အို…ကိုမင်းရယ်၊ မို…မို ကိုမင်းကို အထင်လွဲမိတာ တောင်းပန်ပါတယ်နော်''

လူတစ်ဖက်သားရဲ့ စေတနာကို မသိဘဲ အပြစ်တင်မိသော သူမကိုယ်သူမ အပြစ်တင်မိ၏။

မင်းလက်ျာက ခေါင်းခါယမ်းသည်။

''ကိုယ့်ကို တောင်းပန်စရာမလိုပါဘူး မို၊ တကယ်တော့ မို အပြစ်တင်ထိုက်ပါတယ်၊ အဲဒီလို မဆက်သွယ်ခဲ့ရလို့လား မသိဘူး ကိုယ့်ရင်ထဲမှာ မိုကိုပဲ အမြဲသတိရနေခဲ့မိတယ်''

''အို''





''ဟုတ်တယ် မို၊ မာမီတို့ကတစ်ဆင့် မို အဆင်ပြေတယ်၊ အောင်မြင်နေတယ်ဆိုတာ ကြားရတော့ ကိုယ် သိပ်ဝမ်းသာခဲ့ရတာ ပါ၊ ဒါကြောင့် ကိုယ်ပြန်ရောက်ချိန်မှာ မိုကို အရင်ဆုံး မြင်ချင်ခဲ့ တယ်လေ''

ထိုစကားကြောင့် သူမ စိတ်မကောင်းဖြစ်သွား၏။ ဦးမင်း ညဏ်က သူမကို လိုက်ခွင့်မပေးခဲ့တာပဲ။

''မို တောင်းပန်ပါတယ် ကိုမင်း၊ အလုပ်တွေကများ တော့''

''ဒက်ဒီထားခဲ့တယ်ဆိုတာ ကိုယ်သိပါတယ် မို၊ ဒါကြောင့် မိုကို မြင်ချင်လို့ ကုမ္ပဏီကို ကိုယ်အရင်ဝင်ခဲ့တာပေါ့ ဗျာ''

မင်းလက်ျာမှ အားလုံးသိနေတာမို့ သူမ ဘာမှမပြောနိုင်။ ဦးမင်းညဏ်ကိုလည်း အပြစ်မတင်ချင်ပါ။

''ဒက်ဒီကို အထင်မလွဲပါနဲ့ ကိုမင်း၊ အဲဒီနေ့က ကုမ္ပဏီ မှာ တကယ်ပဲ အလုပ်တွေများနေတာပါ''

''အင်း…ဟုတ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ခုတော့ ကိုယ်နဲ့ မို ပြန်ဆုံရပြီပဲ၊ နောက်ဆို အမြဲတွေ့နေကြရမှာပဲလေ မို''



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့မျက်နှာလေးကိုကြည့်ကာ ပြုံး၍ပြော၏။ သူ မျက်လွှာချလိုက်သည်။

"မို"

"ရှင်"

"ဒီနှစ်တွေအတွင်း မိုဟာ သိပ်ကိုလှလာတာပဲနော်"

"အို…ကိုမင်းကလဲ"

ဖြူနုသော ပါးပြင်ထက်မှာ ရှက်သွေးမန်းရောင်လေး ဖျတ်ခနဲ ပြေးသွား၏။

"တကယ်ပြောတာ မို၊ မိုကိုမြင်ရတော့ နောက်ကျလေ ခြင်းရယ်လို့ အောက်မေ့မိတယ်"

"တော်ပါ ကိုမင်းရယ်၊ မိုကိုသာ မြှောက်နေတယ် ကိုမင်း လည်း အရုပ်ကြီးမြင့်ပြီး ခန့်ညားလာလိုက်တာ"

"ဟား…ဟား တကယ်လား မို၊ ကိုယ်က အမြှောက် ကြိုက်တယ်နော်"

သူခေါင်းမော့ကာ ရယ်လိုက်၏။ ကြည့်စမ်း ဒီဆယ်နှစ် အတွင်းမှာ သူ ဒီလိုမရယ်မောခဲ့တာ ကြာပါရောလား။

"ပြောစမ်းပါဦး…ဟိုမှာ ကိုမင်း ဘိုမလေးတွေနဲ့ ဘယ်





လောက်စွံခဲ့လဲဟင်"

"အင်း…ကိုယ်လား၊ နေဦး တစ်ယောက်…နှစ်ယောက် သုံးယောက်၊ အဟား…မို အထင်ကြီးနေပါ့မယ်ဗျာ၊ ကိုယ့်မှာ စာကလွဲပြီး ဘာမှစိတ်မဝင်စားနိုင်ခဲ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မြန်မာပြည်ကို အရမ်းပြန်ချင်လို့လေ"

တကယ်တော့ သူ့ရင်ထဲမှာ မြယွန်းမိုဆိုတဲ့ ကောင်မလေး တစ်ယောက်သာ စွဲမြဲစွာ ရှိခဲ့တာမဟုတ်လား။

"မိုတော့ မယုံချင်ပါဘူး"

"ဟောဗျာ…မိုက ဘာကြောင့် မယုံရတာလဲ"

"အံမယ်…ကိုမင်း ဒီလောက်ချောတာ၊ ဘိုမတွေက ကိုမင်းကို အလွတ်ပေးပါ့မလား"

မျက်စောင်းလေးရွယ်ကာ သူမပြောတော့ မင်းလကျော် ကြည်နူးစွာ ပြုံးမိရသည်။

"ဘာလဲဟင်…မိုက ကိုယ့်ကို သဝန်တိုနေတာလား"

"အို…မ…ဟုတ်တာ၊ မို…မိုက ယောက်မချောချော လေးကြည့်ရအောင် မေးတာကို၊ ဟို…မို အရင်အိမ်ထဲဝင်တော့မယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတတ်နှင့်ကိုယ် စူးကာ သူ့နားမှာ သူမ ဆက်မနေရဲတော့ဘဲ အနားမှ လှစ်ခနဲ ပြေးထွက်ခဲ့လေ၏။

လှပသော သူမ၏ နောက်ကျောပြည့်ပြည့်လေးကိုကြည့်ပြီး သဘောကျကျေနပ်စွာ ကျန်ခဲ့သူက မင်းလက်ျာ။

မှီရယ်...။

❋ ▯ ❋



သည်နေ့တော့ မင်းလက်ျာ နိုင်ငံခြားမှ ပြန်ရောက်လာသည့် အထိမ်းအမှတ်အဖြစ် မိတ်ဆွေတချို့ကို ဖိတ်ပြီး ခြံထဲမှာပဲ မြက်ခင်းပြင်ပွဲလေး ကျင်းပ၏။

ရင်းနှီးသော မိတ်ဆွေတချို့ ဆိုပေမယ့် ဦးမင်းဉာဏ်၏ အသိုင်းအဝိုင်းကများတာမို့ လာရောက်ကြသူတွေ မနည်းပေ။

ထိုပွဲသို့ သူရိန်ကုမ္ပဏီမှလည်း တက်ရောက်လာ၏။ သူဌေးဦးသူရိန်နှင့် သူ၏လူယုံတော် မောင်တို့ဖြစ်သည်။

"ဒီပွဲမှာ ကိုမင်းကို ထူးခြားတဲ့ ဧည့်သည်တစ်ဦးနဲ့ မိတ်ဆက်ပေးချင်တယ်"

အဖြူရောင်နုနု နှစ်ထပ်ဇာဝမ်းဆက်လေးဖြင့် နက်မှောင်ပျော့ပျောင်းသော ဆံပင်ရှည်များကို ညင်သာစွာ ဖြန့်ချထားသည့် အလှနတ်သမီးလေး မြယွန်းမိုက အနက်ရောင် အနောက်တိုင်းဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



ပြည့် ဝတ်ထားသော ခန့်ညားချောမောသည့် မင်းလက်ျာနားသို့ ခပ်တိုးတိုးလေး ကပ်ပြော၏။

မင်းလက်ျာက ပခုံးနှစ်ဖက် ဆတ်ခနဲတွန့်ကာ မြယွန်းမှီကို ပြုံး၍ကြည့်၏။

“ဘယ်သူများပါလိမ့် မှီ၊ မြယွန်းမှီရဲ့ အထူးဧည့်သည် ဆိုတော့ ကြည့်ရတာ ကိုယ့်ကို ကောင်မလေးချောချောနဲ့ မိတ်ဆက် ပေးမလို့ထင်တယ် ဟုတ်လား မှီ”

“တွေ့ရင် ကိုမင်းသိမှာပါ၊ ခဏနော် မှီ ခေါ်လိုက်ဦး မယ်”

သူမက ပြောပြီး ထွက်သွား၏။ မင်းလက်ျာက လာရောက်နှုတ်ဆက်သော ဧည့်သည်များကို ဆက်လက်ဧည့်ခံနေ လိုက်သည်။

မကြာမီ မြယွန်းမှီ ပြန်ရောက်လာ၏။ သူမဘေးမှာတော့ အရပ်မြင့်မြင့်နှင့် ကျစ်လစ်တောင့်တင်းသော ခန္ဓာကိုယ်ရှိကာ ယောကျ်ားပီသသော ရုပ်ရည်နှင့် အမျိုးသားတစ်ယောက်။

“ကိုမင်း...ဒါဘယ်သူလဲ ကြည့်ပါဦး”

မြယွန်းမှီက သူတို့နှစ်ယောက်ကြားမှာရပ်ကာ အပြုံးဖြင့်





ပြောလိုက်၏။အမျိုးသားနှစ်ယောက်သည် တောက်ပသော မျက်လုံး များဖြင့် အတန်ကြာ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေ၏။

ထို့နောက် သြရှရှအသံဖြင့် ပထမဆုံး နှုတ်ဆက်သူက..

“မင်း ငါ့ကို မမှတ်မိတော့ဘူးလား မင်းလက်ျာ”

သည်အသံ၊ ဒီရုပ်ကို ချက်ချင်းသိလိုက်ပါပြီ။ မင်းလက်ျာ နှုတ်ခမ်းတွေ ပြုံးသွားသည်။

“မောင်...မင်း...မင်း၊ ဟာ...ကိုယ်ဝမ်းသာလိုက်တာ မောင်”

မင်းလက်ျာဘဝမှာ လွန်ခဲ့တဲ့ ဆယ်နှစ်တာ တစ်ဦးတည်း သော သူငယ်ချင်းဖြစ်ခဲ့သည့် လူတစ်ယောက်ဟာ မောင်ပဲလေ။

ထို့ကြောင့် လှိုက်လှဲသော အပြုံးများဖြင့် မောင့်ကို လက်ဆွဲ နှုတ်ဆက်လိုက်၏။

“ဒီပွဲမှာ မင်းကို တွေ့ရလိမ့်မယ်လို့ မထင်ခဲ့မိဘူး မောင်၊ ခုလို မင်းကို ရုတ်တရက် ပြန်တွေ့ရတာ ကိုယ့်အတွက် ဝမ်းသာ စရာပဲ”

“ငါကလည်း မင်းကို ပြန်တွေ့ရတာ ဝမ်းသာပါတယ် မင်းလက်ျာ၊ တကယ်တော့ မင်းပြန်လာတော့မယ် ဆိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဝါယာကြိုးချင်ဝါတယ်၊ ဒါပေမယ့် ငါ့မှာ ကြိုးခွင့်မရှိဘူးလေ"

ယယ်သူငယ်ချင်းနှစ်ယောက်မှာ တစ်ယောက်နဲ့တစ်ယောက် အပြုံးကိုယ်စီဖြင့် ကြည့်လိုက်ကြ၏။

"ဒီစကားနဲ့တင် မင်း ငါ့ကို လာကြိုသလို ခံစားရပါတယ် မောင်၊ ဒါနဲ့ မင်းနဲ့မှီက"

"မောင်က သူ့ရိန်ကုမ္ပဏီရဲ့ လှယုံတော် မန်နေဂျာလေ ကိုမင်း၊ မောင်နဲ့ မှီလည်း ပြန်တွေ့ကြတာ မကြာသေးပါဘူး"

"ဪ"

လွန်ခဲ့သော ဆယ်နှစ်က သူငယ်ချင်းသုံးယောက် ဒီမှာ တိုက်ဆိုင်စွာ ပြန်ဆုံတာဟာ တကယ်တော့ ဝမ်းသာစရာပါ။

သို့သော် မင်းလက်ျာစိတ်ထဲ မောင်နဲ့မြယွန်းမှီတို့က သူ့ထက်အရင် ပြန်တွေ့တယ်ဟု သိလိုက်ရတော့ ရင်ထဲ တစ်မျိုး ဖြစ်သွား၏။

မင်းလက်ျာ စိတ်၌ ထင်လို့လားမသိ မြယွန်းမှီ၏ မျက်လုံးတို့က မောင့်အပေါ်ကြည့်တာ ပိုတောက်ပသလိုပါပဲ။

ထိုစဉ်…

"ဪ…သားက ဒီရောက်နေတာကိုး၊ လာပါဦးသား ဒီမှာ ဒက်ဒီ့မိတ်ဆွေနဲ့ မိတ်ဆက်ပေးရအောင်"





ဦးခင်ညွှာ ရောက်လာကာ မင်းလက်ျာကို ခေါ်သည်။

"ကိုယ် ခဏလိုက်သွားဦးမယ်"

မောင်နှင့် မြယွန်းမှီတို့ကိုကြည့်ပြီး မင်းလက်ျာ ခွင့်တောင်း ထွက်သွားသည်။

"ဒီမှာ လူတွေရှုပ်တယ် မောင်၊ ဟိုဘက်သွားရအောင်"

"ကောင်းသားပဲ မှီ"

သူတို့နှစ်ယောက် လူရှင်းသောဘက် ထွက်ခဲ့သည်။ ခုံတန်းဖြူလေးနား ရောက်တော့ နှစ်ယောက်သား ရပ်လိုက်၏။

"မှီတို့အဖြစ်က အံ့သြစရာမကောင်းဘူးလား မောင်၊ ကြိုတင်တိုင်ပင်ထားရင်တောင် ဆယ်နှစ်ကြာတဲ့အခါ ဒီအချိန် ဒီနေရာမှာ သုံးယောက် ပြန်ဆုံကြမှာမဟုတ်ဘူးနော်"

"အင်း…ဟုတ်တယ် မှီ၊ မင်းလက်ျာက အတော်ပုံစံ ပြောင်းသွားတာပဲ၊ အရင်ကလို ဖြူဖြူနွဲ့နွဲ့ မဟုတ်ပဲ တကယ့် ယောကျ်ားပီသလာတယ်"

လွန်ခဲ့သော ဆယ်နှစ်က အသားဖြူဖြူ၊ ပိန်ပိန်ပါးပါးနှင့် ကောင်လေးတစ်ယောက်၏ ပုံစံကို မြင်ယောင်ရင်း မောင်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အံမယ်…ကိုမင်းသာ ပြောနေတယ်၊ မောင်လည်း တကယ့်ယောက်ျားကြီး ဖြစ်လာတာပါပဲနော်"

"အယွန်း…ဟုတ်လား၊ ဒါပေမယ့် ကိုယ်က မင်းလက်ျာ လိုတော့ မချောဘူးနော် မို"

မြယွန်းမိုက မောင့်ကို ဖျတ်ခနဲကြည့်ပြီး ခေါင်းခါယမ်း သည်။

"ယောက်ျားတစ်ယောက်ဟာ ချောဖို့မလိုဘူး မောင်၊ စိတ်ထားမြင့်မြတ်တဲ့ ယောက်ျားကောင်းဖြစ်ဖို့ပဲ လိုအပ်တယ်"

"ဒါပေမယ့် မိန်းကလေးအများစုဟာ ချောမောတဲ့ ယောက်ျားတွေကို သဘောကျတတ်ကြတာပဲ မဟုတ်လား"

"မောင်ပြောတာ တချို့မိန်းကလေးတွေအတွက် ဟုတ်နိုင် ပေမယ့် မို့အတွက်ကတော့ မဟုတ်ဘူး မောင်"

"ဒါဆို မိုက ဘယ်လိုလူမျိုးကို သဘောကျလဲ"

ထိုအမေးကြောင့် မြယွန်းမိုက သူ့ကို ဖျတ်ခနဲကြည့်ပြီး ချက်ချင်း မျက်နှာလွှဲ၏။ ထို့နောက်…

"မိုသဘောကျတဲ့ ယောက်ျားမျိုးက စိတ်ထားမြင့်မြတ်





ပြီး ကျန်းမာသန်စွမ်းတဲ့တဝကို ရှေ့ဆောင်နိုင်မယ့် လူမျိုးပေါ့ မောင်"

တစ်လုံးချင်း ပြောလာသော သူမစကားကြောင့် မောင် စိတ်လှုပ်ရှားသွားရ၏။ ထို့ကြောင့် မိုရှေ့မှာ သူရပ်လိုက်သည်။

"တကယ်ပြောတာလား မို၊ ဒါပေမယ့် အဲဒီယောက်ျား မှာ ဂုဏ်မနမပြည့်စုံရင်ကော"

"အို…ပစ္စည်းဥစ္စာဆိုတာ ကြိုးစားရှာရင် ရတာပဲ မောင်၊ အဓိက ခွဲသတ္တိရှိဖို့နဲ့ ရိုးသားကြိုးစားဖို့ပဲ"

သူမက မောင့်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့် ရင်ဆိုင်ကာ ပြောလိုက်၏။

"မို…မိုရယ်၊ မင်းမှာ ဒီလိုစိတ်ထားရှိတာ မောင် သိပ် ဝမ်းသာတယ်၊ တကယ်တော့ မောင်လေ မို့ကို…မို့ကို"

ထိုစဉ်…

"ဟော…မောင်နဲ့ မိုတို့က ဒီရောက်နေကြတာကိုး"

"ဟင်…မင်းလက်ျာ"

မမျှော်လင့်ဘဲ ရောက်လာသော မင်းလက်ျာကြောင့် မောင် နှင့် မြယွန်းမိုတို့ သက်ပြင်းကိုယ်စီ ချလိုက်ကြ၏။

"ဒက်ဒီမိတ်ဆွေတွေက ထင်တာထက် ပိုများတယ် မို၊



www.burmeseclassic.com

www.burmeseclassic.com



**...** မီကိုရှာနေတယ်"

"အို…ဟုတ်လား၊ ဒါဆို မီ သွားလိုက်ဦးမယ်နော်"

မောင့်ဘက်သို့ တစ်ချက်ကြည့် နှုတ်ဆက်ပြီး သူမထွက်ခဲ့သည်။ မင်းလကျ်ာက သူမကို လိုက်ကြည့်ရင်း…

"လွန်ခဲ့တဲ့ဆယ်နှစ်က မြယွန်းမှီဆိုတဲ့ မိန်းကလေးဟာ ဒီလောက်လှပလာလိမ့်မယ်လို့ မင်းမထင်ထားဘူး မဟုတ်လား မောင်"

ဟု အပြုံးဖြင့် မေးလာ၏။ မောင် ခေါင်းညိတ်လိုက်သည်။

"မှန်တယ် လကျ်ာ၊ အေးငြိမ်းတဲ့အရိပ်အောက်မှာ မီဟာ အစွမ်းရှိသလောက်ပွင့်လာတဲ့ ပန်းတစ်ပွင့်လိုပါပဲ၊ မီကို ခုလို ထူးကောင်းမွန်စွာနဲ့ ပြန်တွေ့ရတော့ မင်းကို ငါ ကျေးဇူးတင်မိတယ် လကျ်ာ"

သည်တော့ မင်းလကျ်ာက မောင်နှင့် မျက်နှာချင်းဆိုင်...

"ဘာကြောင့် ငါ့ကို ကျေးဇူးတင်ရတာလဲ မောင်"

"သြော် ··အဲဒီတုန်းက မင်းမိဘတွေကို မီကို မွေးစား... မင်းပြောခဲ့တာ မဟုတ်လား လကျ်ာ"





"ဒါကတော့ တစ်ယောက်တည်း အားကိုးရာမဲ့ဖြစ်နေတဲ့ မီကို ငါသနားလို့ပါ မောင်၊ အထူးသဖြင့် ငါက တစ်ဦးတည်းသောသားဆိုတော့ အဖော်လိုချင်တ ယ်လေ"

"ဘာလဲ လကျ်ာ၊ ဒါဆို မင်းက မီကို ညီမလေးတစ်ယောက်လို သဘောထားခဲ့တာလား"

မောင်က မင်းလကျ်ာမျက်နှာကို ခပ်စူးစူး စိုက်ကြည့်၍ မေးလိုက်၏။ မင်းလကျ်ာ ပြုံးကာ…

"မီကို ညီမတစ်ယောက်လို ငါဘယ်တုန်းကမှ မတွေးခဲ့ဖူးဘူး မောင်၊ ကဲ ဧည့်ခံပွဲဘက် ငါသွားလိုက်ဦးမယ်"

နှုတ်ဆက်ပြီး မင်းလကျ်ာ ထွက်ခဲ့၏။ မင်းလကျ်ာ ထွက်သွားတော့ အတွေးများနဲ့ ကျန်ခဲ့တာ မောင်။

"မီကို ညီမတစ်ယောက်လို ဘယ်တုန်းကမှ မတွေးခဲ့ဖူးတဲ့"

ဒါဆိုလျှင် မောင် ဆက်မတွေးဘဲ သက်ပြင်းတစ်ချက်သာ ချလိုက်မိ၏။

❋ ▯ ❋



www.burmeseclassic.com

www.burmeseclassic.com

"ဦးဖေကို ခုလို ကျန်းကျန်းမာမာ ပြန်တွေ့ရတာ
သိပ်ဝမ်းသာတာပဲ"

သည်နေ့တော့ မြယွန်းမှီက စွတ်တောင်းဆိုကာ မောင်
အတူ လိုက်၍ ဦးဖေကို တွေ့၏။ ပျော်ပျော်နေတတ်သော ဦး
သည် ကျန်းမာသန်စွမ်းကာ မျက်နှာတွင် အပြုံးဆောင်လျက်

"ဦးလေးကလည်း သမီးကို ခုလို လှလှပပနဲ့ အောင်
တဲ့ ဘဝမျိုးမှာ ပြန်တွေ့ရတာ အတိုင်းထက်အလွန် ဝမ်းသာမိတ
ဗျာ၊ အဲဒီအတွက်လည်း ဦးမင်းညဏ်တို့ကို သိပ်ကျေးဇူးတင်မိတ
သမီး"

ယခင်ကအတိုင်းပင် သူမအပေါ်ထားသည့် ဦးဖေ
ဖြူစင်သော စေတနာက မပြောင်းလဲပါ။

"ကျွန်တော်တို့သာ အဲဒီတုန်းက မှီကို မွေးစားခဲ့မယ်ဆို





ဘဝ ဒီလောက်တောက်ပြောင်မှာ မဟုတ်ဘူးနော် ဦးဖေ"

မောင်ဝင်ပြောတော့ ဦးဖေ ခေါင်းညိတ်၏။

"ဒါပေါ့ကွာ…ငါလို အရက်ပုန်းရောင်းတဲ့ လူ
တစ်ယောက်ရဲ့ သမီး မဖြစ်လိုက်တာ မြယွန်းမှီအတွက် ကံကောင်း
ခြင်းပဲ"

"အို…ဦးဖေရယ် တကယ်လို့ မှီဟာ ဦးဖေတို့နဲ့ နေခဲ့ရရင်
လည်း ဂုဏ်ယူမှာပါ"

ဦးဖေနှင့် မောင်တို့၏ နိမ့်ကျသောဘဝထဲသို့ သူမ
ရောက်ခြင်း မရှိခဲ့တာဟာ ဂုဏ်မက်၍မဟုတ်၊ သူတို့ကို ဒုက္ခ
ပေးလို၍သာဖြစ်၏။

"ဘာပဲဖြစ်ဖြစ် မှီကို ခုလို ကောင်းကောင်းမွန်မွန် ပြန်တွေ့
ရတော့ ဦးဖေနဲ့ မောင်တို့ ဝမ်းသာကြတာ အမှန်ပဲ မှီ၊ မှီကို
ကျွေးမွေးစောင့်ရှောက်တဲ့ ဦးမင်းညဏ်တို့ကိုလည်း ကြားထဲက
ကျေးဇူးတင်မိတယ်"

အရိပ်ကောင်းအောက်မှာ နေရသော သူမဘဝလေးက
ပြည်တောက်ပလွန်း၏။

ဒါကိုပဲ မောင်တို့ကလည်း ကျေနပ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှီကလည်း ဦးဖေနဲ့မောင်တို့ကို ပြန်တွေ့ရတာ သိပ်ဝမ်းသာတယ်၊ တကယ်တော့ မှီ ဒီလိုဘဝရောက်အောင် မောင်တို့က ကူညီလိုက်တာပါပဲ"

"ဗျာ…မှီ ဘာပြောလိုက်တယ်၊ မှီ ဒီဘဝရောက်အောင် မောင်တို့က ကူညီတယ်ဟုတ်လား"

မောင်က နားမလည်သလို မေးတော့ သူမ အပြုံးလေးဖြင့် ခေါင်းညိတ်သည်။

"ဟုတ်တယ်လေ၊ မောင်တို့ကြောင့် မှီဘဝအသိဉာဏ်တွေ အများကြီးရလိုက်တယ်၊ ဦးဖေနဲ့ မောင်တို့ စေတနာကို သိလို့ မှီ ကြိုးစားခဲ့တယ်၊ တကယ်တော့ အဲဒီတုန်းကသာ မောင်တို့က ကူရင် မှီ မာမီတို့နဲ့ လိုက်ဖြစ်မှာမဟုတ်ဘူး မောင်"

"ဩော်…မှီရယ်၊ မောင်တို့မတားတာက မှီအတွက် ကောင်းကျိုးအတွက်ပါဗျာ"

"ဟုတ်တယ် သမီး၊ ဦးဖေတို့က သမီး ဒီလိုဘဝရောက်အောင်တော့ တတ်နိုင်မှာမဟုတ်ဘူး၊ မောင်တောင် ကံကောင်းလို့ ဘွဲ့ရသွားတာ၊ ဒီကောင် ပထမနှစ်မှာ တစ်ခါနားရသေးတယ်"

"ဩော်"





သူမက မောင့်အတွက် စိတ်မကောင်း ဖြစ်သွား၏။ မောင်သည် ဘဝကို အတော်ရုန်းကန်ခဲ့ပုံပင်။

"ဘယ်လိုလဲ မှီ၊ မောင်တို့နဲ့အတူ မနေခဲ့ရတာကို မှန်တယ်လို့ တွေးမိပြီမဟုတ်လား"

"ဟင့်အင်း…မောင်ထင်တာ လွဲနေပြီ၊ တကယ်လို့ မှီသာ မောင်တို့နဲ့အတူရှိနေရင် နေ့တိုင်း မောင်နဲ့မှီ စကျက်ပွဲ့ရမယ်၊ ပြီးတော့ မောင်တို့အလုပ်တွေကိုလည်း ဝိုင်းလုပ်ပေးနိုင်မှာပဲလို့ မကြာခဏ တွေးမိတယ်"

စိတ်ရင်းထဲကပါစွာ သူမပြောလိုက်တာကြောင့် မောင့်မျက်နှာ လင်းလက်သွား၏။

"အင်း…ငါတူမဆီက ဒီလိုစကားမျိုးကြားရတာ ဝမ်းသာပါတယ်ကွယ်၊ ဒီလောက်ကြားရတာနဲ့တင် ဦးဖေအတွက် သမီးကို မွေးစားခဲ့သလိုပါပဲကွယ်၊ ကဲ…ကဲ ငါ့သမီးအတွက် ဦးလေး အကောင်းဆုံးစားစရာတွေနဲ့ ညှို့ခံမယ်ဗျာ"

"မှီ ကူလုပ်ပေးမယ် ဦးဖေ"

"နေပါစေဗျာ၊ မောင်နဲ့ စကားပြောကြပါ၊ ဒီကောင်က သမီးကို အမြဲဘမ်းသတိရနေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် သူမက မောင့်ကို ဖျတ်ခနဲ လှမ်းကြည့်၏။ ဦးဖေ ထွက်သွားတော့…

"တကယ်ပဲလား မောင်၊ မိုကို သတိရနေတယ်ဆိုတာ"

"ဘာလဲဟင်၊ ကိုယ်သတိရတယ်ဆိုတာ မိုက မယုံဘူးလားဟင်"

"အို…ယုံပါတယ် မောင်ရယ်၊ မိုလည်း မိုလည်း မောင့်ကို အမြဲသတိရခဲ့တာပါရှင်"

နှစ်ယောက်သား တစ်ဦးမျက်နှာ တစ်ဦးကြည့်မိသည်။ မျက်ဝန်းထဲမှာ လွမ်းဆွတ်မှုတွေနှင့်။

"ကိုယ်တော့ မိုနဲ့ ပြန်တွေ့ခွင့်ရတဲ့ ကံကြမ္မာကို တကယ်ပဲ ကျေးဇူးတင်မိတယ် မို"

"မိုလည်း အတူတူပါပဲ မောင်၊ ခုလို ဦးဖေတို့ မောင်တို့နဲ့ ပြန်ဆုံရတာ မို ဘဝမှာ ဝမ်းအသာဆုံးပဲ မောင်"

လှပသော အပြုံးပိုင်ရှင်လေးကို မောင် မြတ်နိုးစွာ ကြည့်မိ၏။ ထို့နောက် မယုံနိုင်သလို ထပ်မေးသည်။

"ကိုယ်နဲ့ပြန်ဆုံရတာ တကယ်ပဲ ဝမ်းသာသလား မို"

"အို…မောင်ကလည်း မိုကို မယုံဘူးလားဟင်၊ တကယ်





လို့ ဒီအချိန် မောင်နဲ့ ပြန်မတွေ့လည်း မြို့လေးကို အားတာနဲ့ မို ရှာမလို့ပါ မောင်"

"မောင်ကလည်း မိုကို အမြဲတမ်း [illegible]ရတဲ့သူပါဗျာ"

"ဟင်း…ဒါနဲ့များတော်င် မိုကိုတွေ့တော့ မခေါ်ချင်သလို လို မမှတ်မိသလိုလိုနဲ့ မိုခေါ်တာတောင် ရှုတည်တည်ကြီး လုပ်နေပြီး"

မျက်စောင်းလေး ထိုးကာ သူမပြောတော့ မောင် ပြုံးလိုက်၏။

"အဲဒါ ဒီကောင်မလေးကို စိတ်တိုနေလို့ပေါ့၊ မောင်နဲ့အတူ မနေလို့"

"ဒါဆို ခုကော"

"အင်္ဂွန်း…အခု မိုက မောင်နဲ့အတူတူ ရှိနေပြီလေ၊ ပြောပါဦး မို ခုကော မောင့်နားက မို ထပ်ပြီးထွက်ဦးမှာလားဟင်"

သူက သူမမျက်နှာလေးကို စိုက်ကြည့်ကာ မေးလိုက်၏။ သူမပါးလေး ရဲခနဲဖြစ်၍ မျက်လွှာချသွားသည်။

"ဆောရီး မို၊ ကိုယ်မေးတာက ဟို"

ထိုစဉ်…

"ကဲ…ကဲ အားလုံးအဆင်သင့်ဖြစ်ပြီးပါပြီ၊ စားဖို့ကြ



www.burmeseclassic.com

ပါ"

ဦးဖေ ထွက်လာတာကြောင့် မောင်နဲ့သူမ တစ်ယောက်နှင့်တစ်ယောက် ကြည့်ကာ ဖြိုင်တူပြုံးလိုက်ကြ၏။

ထို့နောက် နေရာမှထကာ ဦးဖေ ခမ်းနားစွာ ပြင်ထားသည့် စားပွဲဆီ လျှောက်ခဲ့ကြသည်။

"ဒီစားပွဲဟာ သံယောဇဉ်ရှိခဲ့တဲ့လူတွေ အနှစ်နှစ်ဆယ်လုံး သတိရတမ်းတနေရာက ပထမဆုံး ပြန်တွေ့ရတဲ့ ဝမ်းသာမှုစားပွဲပဲ ဗျာ။ ဒါကြောင့် အထူးချေ့သည်တော် မြယွန်းမိုက မြိန်မြိန်သုံးဆောင်ကြပါ"

"ဟုတ်တယ် မို၊ ဦးဖေက မိုကို သူ့လက်ရာကျွေးချင်ခဲ့တာ"

မောင်ကပါ ဝင်ပြောသည်။ သူမအပေါ် စေတနာထားသော ဦးဖေကို ပြုံးပြလိုက်၏။

"ကျေးဇူးတင်ပါတယ် ဦးဖေ၊ ဒီထမင်းပွဲဟာ အနှစ်နှစ်ဆယ်အတွင်း မိုဘဝရဲ့ အကောင်းဆုံး ထမင်းပွဲဖြစ်မှာပါရှင်"

"ဒါဆို အားရပါးရ သုံးဆောင်ဗျာ"

သုံးယောက်သား ပျော်ရွှင်စွာ ထမင်းစားကြလေ၏။ မောင်က မိုပန်းကန်ထဲ အသည်းဖတ် ထည့်ပေးလိုက်သည်။





"အို"

ဦးဖေရှေ့မို့ မို မျက်နှာ ပန်းနုရောင်သန်းသွား၏။

"ဟိတ်ကောင် မောင်၊ အရင်ကတော့ အသည်းဆိုရင် ငါ့ပန်းကန်ထဲ ထည့်ပေးတာပါကွ"

"အယွန်း…ဟုတ်တယ်လေ၊ ကျွန်တော့်အသည်းကို မိုပဲ ပေးချင်လို့ပေါ့ဗျ ဦးဖေ"

"အို…မောင်ကလဲ"

မောင်တို့တူအရီးနှစ်ယောက်ကြောင့် သူမမှာ နေရခက်လှပါ၏။ သို့သော် သူမမျက်နှာကို ရွှန်းရွှန်းကြည့်ကာ အသည်းပေးသော မောင့်ကြောင့် ရင်ခုန်ရတာအမှန်။

သူမကတော့…

ချက်ချင်းပင် မောင့်ပန်းကန်ထဲ အသည်းဖတ်ကို တစ်ဝက်ခွဲပြီး ပြန်ထည့်ပေးမိ၏။ ဦးဖေ မျက်လုံးပြူးကာ…

"ဟာ…မင်းတို့က အသည်းတွေ အပြန်အလှန်ပေးနေကြတာပါလား"

ဟု ပြောရင်း ရယ်မောလေ၏။

www.burmeseclassic.com

မင်းရာဇာကုမ္ပဏီ သူဌေးလေးအဖြစ် မင်းလကျ်ာကို ကြိုဆို နှုတ်ဆက်ပွဲ ကျင်းပကြလေသည်။ သည်နှုတ်ဆက်ပွဲမှာ ဝန်ထမ်း အားလုံးကိုယ်စား မြယွန်းမိုက ခေါင်းဆောင်ရ၏။

မင်းလကျ်ာ ရောက်လာသည့်အချိန်မှစကာ မြယွန်းမိုက လက်ထောက်အတွင်းရေးမှူး ဖြစ်သွားသည်။ ဦးမင်းဉာဏ်ကိုယ်စား မင်းလကျ်ာ ဝင်လာတာမဟုတ်လား။

"မင်းရာဇာကုမ္ပဏီရဲ့ သူဌေး ဦးမင်းလကျ်ာကို မို အပါ အဝင် ဝန်ထမ်းအားလုံးက ကြိုဆိုပါတယ်ရှင်"

မြယွန်းမို၏ နှုတ်ဆက်စကားအဆုံး အားလုံးက လက်ခုပ် တီးကြသည်။ မင်းလကျ်ာမှာ ဖြူနုသောအသားမှာ အစိမ်းနုရောင် ဝတ်စုံနှင့် လိုက်ဖက်လှပနေသည့် မြယွန်းမိုကို ကြည်နူးစွာ ကြည့်မိ၏။





ထို့နောက် နေရာမှထကာ ခန့်ညားသောအပြုံးဖြင့်…

"ကျွန်တော်ကလည်း ဝန်ထမ်းအားလုံးနဲ့ ခုလိုတွေ့ဆုံနှုတ် ဆက်ရတာကို ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ တစ်ယောက် ကိုတစ်ယောက် အပြန်အလှန်ကူညီပြီး လုပ်ငန်းများကို အောင်အောင် မြင်မြင် လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်"

မင်းလကျ်ာ အပြောကြောင့် အားလုံး သဘောကျစွာ လက်ခုပ်တီးကြ၏။ ထို့နောက် ဝန်ထမ်းများကို လက်ဖက်ရည်နဲ့ မုန့်ကျွေးကာ နှုတ်ဆက်ပွဲ သိမ်းလိုက်၏။

မင်းလကျ်ာနှင့် မြယွန်းမိုက သူတို့ရုံးခန်းဆီ လာခဲ့သည်။

"ဒီနေ့တော့ မို ပင်ပန်းသွားပြီထင်တယ်"

"ဟင့်အင်း ကိုမင်း၊ မို မပင်ပန်းပါဘူး၊ ကိုမင်းနဲ့ ဝန်ထမ်း တွေ ခုလိုအောင်အောင်မြင်မြင် တွေ့ဆုံနှုတ်ဆက်ပွဲ ပြီးသွားတာ မို ဝမ်းသာနေတာ"

အပြုံးလေးဖြင့် သူမအပြောကြောင့် မင်းလကျ်ာ သဘော ကျသွား၏။ ဆယ်နှစ်အတွင်းမှာ မြယွန်းမိုဟာ တကယ်ကို လှပတဲ့ မိန်းကလေး ဖြစ်သည့်အပြင် လုပ်ငန်းပိုင်းမှာလည်း ထူးချွန်ထက် မြက်တာ ငြင်းမရပေ။



www.burmeseclassic.com

www.burmeseclassic.com



"မာမီနဲ့ ဒက်ဒီကတော့ ကုမ္ပဏီအတွက် မို့ကို အတော် အားကိုးတာပဲဗျ"

"ဩော်…ဒါက ကိုမင်း ခုလိုပြန်မရောက်ခင်ကပါ၊ ခုဆို ကိုမင်း ရောက်လာပြီဆိုတော့ မာမီတို့က ကိုမင်းကိုပဲ အားကိုးမှာ ပါ"

မင်းလက်ျာက ပြုံးသည်။ အစက ဒီကုမ္ပဏီလုပ်ငန်းတွေ စဉ်းစားရပေမယ့် ယခုလို မြယွန်းမို့က အနားမှာရှိနေတော့ သူ့အဖို့ ပျော်စရာဖြစ်နေသည်။

"ဒါပေမယ့် ကိုယ်ကတော့ မို့ကိုပဲ အားကိုးရမှာဗျ။ ကိုယ့်ကို ကူညီမယ်မဟုတ်လား မို့"

"ဒီလိုမပြောပါနဲ့ ကိုမင်းရယ်၊ ကိုမင်းလို နိုင်ငံခြားပြန် တစ်ယောက်ကိုသာ မို့က အားကိုးရမှာပါ"

"အဟား…ဒါဖြင့်လည်း အပြန်အလှန်ပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ် မို့လို အတွင်းရေးမှူးရှိတာ ကိုယ့်အတွက် အားကိုးစရာပါ"

မင်းလက်ျာ ရောက်လာချိန်မှစကာ ကုမ္ပဏီအတွက် လုပ်ငန်းများ ချဲ့ထွင်လေသည်။ လုပ်ငန်းပိုင်းမှာ မြယွန်းမို့၏ အကြံဉာဏ်ကို ယူသည်။





နှစ်ယောက်သား တက်ညီလက်ညီမို့ လုပ်ငန်းပိုင်းမှာ ထင် တာထက် အောင်မြင်လေ၏။

"သူဌေးနဲ့ မြယွန်းမို့က မောင်နှမတွေဆို"

"မဟုတ်ဘူးထင်တယ်၊ ရုပ်တွေကမတူဘူး"

"ဟုတ်တယ်၊ နှစ်ယောက်လုံးချောတာ လှတာ မှန်ပေ မယ့် တစ်မျိုးစီပဲ၊ ပြီးတော့ မြယွန်းမို့ကို သူဌေးကြီးတို့က မွေးစား ထားတာတဲ့"

"ဒါဆို ဘက်လားမောင်နှမပေါ့နော်၊ အဟီး"

အသက်အရွယ်ချင်းတူကာ ချောမောလှပသော မင်းလက်ျာနှင့် မြယွန်းမို့ကို လိုက်ဖက်တဲ့ စုံတွဲအဖြစ် အားလုံးက မြင်နေကြ၏။

တစ်အိမ်တည်း၊ တစ်ကုမ္ပဏီတို့မို့ အလုပ်သွားအလုပ်ပြန် အတူတူဖြစ်သည်။

နေ့လယ်ဘက် ထမင်းစားရန်အတွက် မြယွန်းမို့က မနက် စောစောထကာ ချက်ပြုတ်ပြီး ချိုင့်နှင့်ယူလာတတ်၏။

အလုပ်တွေများလွန်းတာမို့ မင်းလက်ျာက ထမင်းစားဖို့ မေ့နေလျှင် သူမ သတိပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းရေ…နေ့လယ်စာ စားချိန်ရောက်ပြီ"

"ဟာ…ဟုတ်လား၊ အလုပ်ထဲ အာရုံရောက်နေတာနဲ့ မေ့နေတယ်၊ မီပြောမှပဲ ဗိုက်ထဲက ဆာသလိုဖြစ်လာပြီကွ"

နေရာမှရပ်ကာ ထရင်း သူပြော၏။ မြပယွန်းမီလည်း အလုပ်ကြိုးစားသူပေမယ့် ကျန်းမာရေးကို ဂရုစိုက်၏။ အိပ်ချိန်၊ စားချိန် မှန်အောင် ကြိုးစားသည်။

တကယ်တော့ သူမ ဒီလိုနေတာ ကိုယ့်ဘဝကိုယ် နားလည်၍ဖြစ်၏။ ကျန်းမာရေးကောင်းမှသာ သူမ၏ မွေးစားမိဘ တွေအလုပ်များခြင်း မရှိမှာဖြစ်သည်။

"အလုပ်လုပ်တာပေါ့ ကိုမင်းရယ်၊ ဒါပေမယ့် စားချိန်မှန် မှ အစာအိမ်မဖြစ်မှာလေ၊ ကိုမင်း ကျန်းမာရေးကောင်းမှ အလုပ် လုပ်နိုင်မှာ မဟုတ်လား"

"မီ ခုလိုသတိပေးတာ ကျေးဇူးပါပဲဗျာ၊ ဒါပေမယ့် ကိုယ့်နားမှာ မီရှိနေတော့ ဒီလိုမျိုး မကြာခဏ သတိပေးရင် ကိုယ့် အတွက် စိုးရိမ်စရာမရှိဘူး မဟုတ်လား"

သူမမျက်နှာလေးကို အပြုံးဖြင့် စိုက်ကြည့်ကာ မင်းလကျ်ာ ပြောသည်။





သူမက မျက်လွှာလေးချကာ…

"ကိုမင်းအနားမှာ မီ အမြဲရှိနေရင်တော့ ဟုတ်မှာပေါ့"

"ဟောဗျာ…ကိုယ်က မီအနားမှာမရှိလို့ ဘယ်သွားရမှာ လဲမီ"

"အို…ကိုမင်း လက်ထပ်သွားတဲ့အခါ အဝေးသွားတဲ့ အခါတွေရှိရင် မီ သတိမပေးနိုင်ဘူးလေ"

သည်တော့ မင်းလကျ်ာက ပြုံးပြုံးကြီး ခေါင်းခါယမ်း၏။

"မီ အတွေးများနေပြီ၊ ကိုယ်က မီ့အနားမှာ အမြဲရှိနေမယ့် လူဗျ၊ ကဲ…ဗိုက်ဆာပြီ စားကြစို့"

"ထမင်းပွဲ အသင့်ပါပဲ ကိုမင်း"

မိန်းကလေးပီသသော သူမက ဟင်းချိုးစုံပါသည့် နှစ်ယောက်စာ ထမင်းဝိုင်းလေးကို စားချင်စဖွယ် ပြင်ဆင်ထား၏။

အစက မင်းလကျ်ာမလာခင် ဝန်ထမ်းမိန်းကလေးအဖော် တွေနှင့် သူမက ထမင်းအတူစားသည်။

ပထမဆုံး မင်းလကျ်ာ အလုပ်ဆင်းတဲ့နေ့မှာ သူမ ထမင်း ပွဲပြင်ပေးခဲ့၏။

"မီကော"



www.burmeseclassic.com

www.burmeseclassic.com

"ဟို…မို အဖော်တွေနဲ့ သွားစားမလို့ ကိုမင်း"

"ဟာ…ဘယ်ဖြစ်မလဲ၊ ဒီမှာ ကိုယ်တစ်ယောက်တည်း ဖြစ်နေမှာပေါ့၊ မို ဒီမှာပဲ ကိုယ်နဲ့အတူစားရမယ်"

မင်းလကျာ၏ တားဆီးမှုကြောင့် သူမ ခေါင်းညိတ်လိုက်ရသည်။

နောက်ပိုင်းတွင်လည်း မင်းလကျာနှင့် သူမတို့နှစ်ယောက်တည်း ထမင်းစားဖြစ်တော့၏။ ထို့အတွက် မင်းလကျာက အကျေနပ်ဆုံး။

"ဒီနေ့ ကိုမင်းကြိုက်တဲ့ ဝက်သားချိုချဉ်ကြော်နဲ့ ငါးဘတ်မွှေချက်၊ အရွက်က ကန်စွန်းရွက်နဲ့ မှိုကြော်လေ"

"မိုကတော့ဗျာ…အမြဲတမ်း ကိုယ့်အကြိုက်တွေပဲ ချက်ကျွေးနေတာ တစ်ခါတလေများ မို့အကြိုက် ချက်ပါဦးလား"

မင်းလကျာမှာ သူမက သူ့ကို ဂရုစိုက်တာ သဘောကျပေမယ့် သူကလည်း သူမအကြိုက် ဖြစ်စေချင်၏။

သူဒီလိုပြောတော့ မြယွန်းမိုက ညင်သာစွာ ခေါင်းခါယမ်းသည်။

မင်းလကျာကို ဂရုစိုက်တယ်ဆိုတာ သူမရဲ့ကျေးဇူးရှင်





တစ်ဦးအနေနဲ့ပါ။ အစ်ကိုတစ်ယောက်လိုလည်း သဘောထား၏။

"ဟင့်အင်း မို့အကြိုက်ဆိုတာ မရှိပါဘူး၊ မိုက ဟင်းအားလုံးကို ကြိုက်ပါတယ်၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် စားလို့ရတယ်လေ"

"အင်း…မိုလို မိန်းကလေးကတော့ ရှားတယ်နော်၊ ကိုယ့်အကြိုက်ထက် သူများအကြိုက်ကိုပဲ အမြဲတမ်း ဦးစားပေးတယ်၊ ပြောပါဦး မို၊ မိုက ဘာကြောင့် ကိုယ့်အကြိုက်တွေ ဒီလိုချက်ပေးရတာလဲဟင်"

ချစ်စဖွယ် လှပသော သူမမျက်နှာလေးကို ကြည့်ကာ သူ မေးလိုက်၏။ မင်းလကျာ မျက်လုံးများက. သူမ ဘာဖြေမလဲ ဟု စိတ်ဝင်စားနေသည်။

မြယွန်းမိုကတော့ ကြွေမပျက် တည်ငြိမ်သောဟန်လေးနှင့် သူ့ကိုကြည့်၏။

"ဒါကတော့ ကိုမင်းက မို့ရဲ့ ကျေးဇူးရှင်တစ်ယောက်လည်း ဖြစ်သလို အစ်ကိုတစ်ယောက်လည်းဟုတ်တယ်လေ၊ ဒီတော့ ဂရုစိုက်ရမှာပေါ့"

"သြော်…မိုက ဒီလိုတွေအတွက်ကြောင့်လား"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ သူမက တည်ငြိမ်သော မျက်ဝန်းလေးဖြင့် သူ့ကိုကြည့်၏။ မင်းလကျ်ာက သက်ပြင်းတစ်ချက် ကြိတ်ချသည်။

"ကိုယ်၊ မီဆီက ကျေးဇူးတွေမလိုချင်ဘူးလို့ ပြောခဲ့ပြီလေ၊ ကိုယ်လိုချင်တာ မီက ကိုယ့်ကို ရင်ထဲကလာတဲ့ စေတနာနဲ့ ပြန်လုပ်ပေးတာမျိုးပဲ"

"စေတနာကတော့ ဘယ်သူ့အပေါ်မဆို မီ့ရင်ထဲမှာ ရှိပြီး သားပါ ကိုမင်း"

သူ ခေါင်းခါယမ်း၏။ ထို့နောက် သူမကို စူးစူးစိုက်ကြည့် သည်။

"ကိုယ်က ကိုယ့်အတွက် သီးသန့်ထားတဲ့ စေတနာကိုပဲ လိုချင်တယ်မီ"

မင်းလကျ်ာက ပြောပြီး ဆတ်ခနဲ ထထွက်သွားသည်။ သူ၏နောက်ကျောပြင်ကြီးကို ကြည့်ပြီး သူမကျန်ခဲ့၏။

"သူ့အပေါ် သီးသန့်ထားသော စေတနာတဲ့"

သူမ သက်ပြင်းလေး ကြိတ်ချလိုက်သည်။ မင်းလကျ်ာ ဘာကိုဆိုလိုတယ်ဆိုတာ သူမဆက်ပြီး မတွေးချင်။ ထိုစဉ် ရင်ထဲ အထူးသတိရမိတာက မောင့်ကိုလေ။





မောင်သာဆို သူမကို ဒီလိုတစ်ယောက်တည်းထားပြီး ထွက်သွားပါ့မလား။ သချာတယ် မောင်ကတော့ သူမကို ထားရစ်ခဲ့မှာ မဟုတ်တာပင်။

❋ ❋



www.burmeseclassic.com

www.burmeseclassic.com

"အလုပ်မှာအဆင်ပြေရဲ့လား မို"

မောင်နှင့်တွေ့ချိန်မှာ သူမမျက်နှာလေး သိပ်မကောင်းချင်ပေ။ ဒါကိုရိပ်မိသော မောင်က သူမမျက်နှာကို ဂရုတစိုက် ကြည့်ပြီး မေးလိုက်ခြင်းပါ။

မင်းလက်ျာနှင့် ဝတ်သက်ပြီး အတွေးလွန်နေသော သူမမှာ မောင်ကမေးတော့ ယောင်ရမ်းကာ ခေါင်းညိတ်ပြ၏။

"ဒါပေမယ့် မို့မျက်နှာမကောင်းဘူး၊ ဘာဖြစ်လို့လဲဟင်"

"အို"

မောင်က ပြောပြောဆိုဆို သူမနဖူးလေးကို ဖျတ်ခနဲ စမ်းလိုက်ခြင်းကြောင့် ရင်ထဲ သိမ့်ခနဲဖြစ်သွားရ၏။

"ဟင်…ကိုယ်လည်းမပူပါဘူး၊ ပြောစမ်း မို ဘာတွေများ စိတ်ညစ်စရာရှိလို့လဲ"





မောင်က သူမမျက်နှာလေးကို စူးစိုက်ကြည့်ပြီး မေး၏။ သူမက ချက်ချင်း အပြုံးဖန်တီး၍ ခေါင်းလေးခါယမ်းသည်။

"ဟင့်အင်း…မို့မှာ ဘာမှစိတ်ညစ်စရာမရှိပါဘူး မောင်"

"အင်း…သေချာစဉ်းစားကြည့်တော့လည်း ဟုတ်တာပဲ၊ မို့လို သူဌေးသမီးတစ်ယောက်မှာ ဘာစိတ်ညစ်စရာရှိမှာလဲ၊ ကိုယ် အစိုးရိမ်လွန်သွားတယ် မို၊ ဆောရီး"

ထိုအပြောကြောင့် သူမကိုယ်လေး ဆတ်ခနဲ ဖြစ်သွား၏။ မောင့်ကို ဝမ်းနည်းသော မျက်လုံးများဖြင့် ကြည့်မိသည်။

"ဘယ်လိုပြောလိုက်တာလဲ မောင်၊ မို့က သူဌေးသမီး ဟုတ်လား၊ ဒီမှာ မောင် မို့ဟာ အရက်သမားတစ်ယောက်ရဲ့သမီးဆိုတာ သိလျက်နဲ့ မောင် ဒီလိုပြောရက်တာ မို…မို ဝမ်းနည်းတယ်"

ပြောရင်း သူမ မျက်ရည်တွေဝဲလာ၏။ သူမ မျက်ရည်တွေမြင်တော့ မောင် တုန်လှုပ်သွား၏။

"ဆောရီး မို၊ ကိုယ်မှားသွားတယ်၊ တကယ်တော့ မို့ မျက်နှာလေး ပြုံးနေရင် ကိုယ့်ရင်ထဲ ကြည်နူးလန်းဆန်းနေတာ၊ ဒီနေ့ မို မျက်နှာမကောင်းတော့ ကိုယ် စိုးရိမ်လွန်သွားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မို့အတွက် စိုးရိမ်တယ်ဟုတ်လား မောင်၊ ပြောပါဦး မောင်၊ မောင်က မို့ကို ဘာကြောင့်စိုးရိမ်ရတာလဲဟင်"

တောက်ပတည်ငြိမ်သော မောင့်မျက်ဝန်းတွေကို ကြည့်ပြီး သူမမေးလိုက်၏။

မောင်က သူမမျက်ဝန်းတွေကို ရှောင်လွဲသည်။

"မို့က…ကိုယ့်ရဲ့ အခင်ဆုံးသူငယ်ချင်း၊ ပြီးတော့ ငယ်ငယ်လေးထဲက ညီမလေးတစ်ယောက်လို ရှိခဲ့တဲ့ မိန်းကလေး မဟုတ်လား"

သည်နေရာမှာ ဖျတ်ခနဲ မင်းလက်ျာကို ကိုယ်ချင်းစာမိကာ မြယွန်းမို့။ သူမအဖြေကို မင်းလက်ျာ ဘာကြောင့် သဘောမတွေ့လဲဆိုတာ သိသွား၏။

ထို့ကြောင့် စိတ်ထဲနာကျင်သလိုလို ခပ်မဲ့မဲ့လေးပြုံးမိသည်။

"ဒီမှာ မောင်၊ မို့အပေါ် ဒီလိုစိုးရိမ်ပေးလို့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မို့ကလေ မောင့်ရဲ့သူငယ်ချင်းလည်း မဖြစ်ချင်ဘူး၊ ညီမလေးအဖြစ်လည်း မလိုချင်ဘူး သိလား"

"မို့"

မောင်က သူမကို အံ့သြသလို ကြည့်သည်။ မို့သည်





မောင့်နားမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခဲ့၏။

"မို့…မို့ နေပါဦးကွာ"

ခြေလှမ်းကျဲများဖြင့် မောင်က မို့နားသို့ ခဏဖြင့် ရောက်လာ၏။

"မို့…မောင့်ကို အေးအေးဆေးဆေး စကားပြောရအောင်"

"ဟင့်အင်း"

မောင့်ကိုမကြည့်ဘဲ မို့ ခေါင်းလေးခါယမ်းသည်။ မောင် သက်ပြင်းချ၏။

"မောင် မို့ကို ပြောစရာရှိတယ်"

"မို့မှာ ပြောစရာမရှိဘူး မောင်"

ခပ်ပြတ်ပြတ်လေး မို့အပြောကြောင့် မောင့်မျက်နှာ ဖျတ်ခနဲ ပျက်သွားသည်။ သူမ ဒီလိုစိတ်ဆိုးလောက်အောင် သူ့စကားထဲ ဘာတွေလွန်ကျူးသွားမိပါလိမ့်။

"အေးပေါ့လေ…မောင်လို ဆင်းရဲသားတစ်ယောက်အတွက် မို့မှာ ပြောစရာစကား ဘယ်ရှိမလဲ"

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဆတ်ခနဲ သူ့ဘက်လှည့်ကာ အော်လေ၏။ မျက်နှာလေးမှာ နီရဲလာသည်။

"မောင်…ရှင့်မှာ ဒီစကားပဲ ပြောတတ်လားဟင်၊ တခြား ပြောစရာစကား မရှိတော့ဘူးလား၊ ဟုတ်တယ်…ဟုတ်တယ်၊ မှိဟာ သူဌေးသမီး သိပ်ကို ပြည့်စုံလို့ သိပ်ကိုဘဝင်မြင့်နေတဲ့ မိန်းကလေး၊ အဲဒီတော့ မောင့်လိုဆင်းရဲသားကို မခေါ်ချင်ဘူး၊ ကဲ…ကျေနပ်ပြီလား"

မောင့်ကို စူးစူးစိုက်စိုက်ကြည့်ပြီး သူမအရွဲ့တိုက်၍ အားပါးတရ ပြောချလိုက်၏။ ပြောရင်းမှပင် သူမ မျက်ဝန်းအိမ်ထဲ မျက်ရည်တွေ ဝိုင်းလာရသည်။

မျက်တောင်ကော့ကြီးများ ပုတ်ခတ်ကာ ထိန်းထားသည့်ကြားမှ သူမမျက်ရည်တို့ ဝေါခနဲ ကျဆင်းလာလေ၏။

"မှိ…မှိရယ်"

"အို…ဟင့်အင်း"

သူမ မျက်ရည်တွေကို မြင်ခိုက် သူ့ရင်ထဲ ထိတ်လန့်တုန်လှုပ်သွားလျက် ရင်ထဲ ဆစ်ဆစ်နေအောင် နာကျင်ကာ ဖြုန်းခနဲ သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်မိလေ၏။



"မှိမငိုနဲ့…မောင့်ကြောင့် မှိ မငိုပါနဲ့ကွယ်၊ တကယ်တော့ မောင်ကိုယ်တိုင်ကလည်း မှိကိုလေ သူငယ်ချင်းလည်း မတော်ချင်ဘူး၊ ညီမလေးလည်း မဖြစ်စေချင်ပါဘူး၊ မောင့်အတွက် တစ်သက်မှာ တစ်ယောက်တည်းချစ်ရတဲ့ မိန်းကလေးပဲ ဖြစ်စေချင်တာပါကွယ်"

"ဟင်"

ဖြူနုသော ပါးပြင်ပေါ်သို့ ညင်သာစွာ နမ်းရှိုက်ရင်း ပြောလာသည့် မောင့်စကားတို့က သူမ၏နှလုံးသားကို လျှင်မြန်စွာ ခုန်စေလေသည်။

မောင့်ရင်ခွင်မှ တွန်းဖယ်ကာ သူမရုန်းထွက်ဖို့ ကြိုးစားပေမယ့် နိုင်မြဲလှသော မောင့်လက်တွေက ပို၍တင်းကျပ်လာသလိုပါပဲ။

"အို…မှိကို လွှတ်…လွှတ်ပါ"

"မလွှတ်နိုင်ဘူး မှိ၊ မောင့်ကို မှိတစ်ခုခုပြောမှ"

ကြည့်…ဒီနေရာမှာ မောင်၏ တစွတ်ထိုးစိတ်ဓာတ်တွေ လူငယ်တစ်ယောက်လို ပြန်ပေါ်လာသည်။

"အို…မှိက မှိက ဘာပြောရမှာလဲလို့"

www.burmeseclassic.com

www.burmeseclassic.com



"မှီ...ဘာပြောရမလဲဆိုတာ တကယ်မသိဘူးလား ဟင်"

သူမနှင့် မျက်ဝန်းချင်းဆုံကာ မောင်မေး၏။ သူမ မျက်လွှာ လေးချကာ...

"ဟင့်အင်း"

ဟု ခေါင်းခါယမ်းမိသည်။

သူတစ်ချက်ပြုံးလိုက်ကာ...

"ဒါဆို သိရအောင်"

"အို"

မိန်းကလေးတစ်ယောက်၏ နှုတ်ခမ်းအစုံဟာ ဒီလောက် နူးညံ့ချိုမြိန်မှန်း မောင့်ဘဝမှာ ပထမဆုံး သိလိုက်ရတာပါပဲ။

အစက သူမ လန့်ရုံလောက်ဆိုပေမယ့် ပျားဝတ်ရည်ကဲ့သို့ ချိုမြိန်မှုတွေကြားမှာ သူကိုယ်တိုင် အချိန်အတော်ကြာ နစ်မျောသွားလေ၏။

"မှီ...မှီရယ် မင်းကို မောင် သိပ်...သိပ်ချစ်တယ်"

နှုတ်ခမ်းလေးမှ ကျော့ရှင်းသော လည်တိုင်လေးသို့ ရောက်ခိုက် သူမက ဖြန်းခနဲ သူ့ရင်ခွင်မှ ရုန်းဖယ်သည်။





"ကြည့်စမ်း...မောင်သိပ်ဆိုးတယ်"

ပျက်ပြယ်သွားသော နှုတ်ခမ်းဆေးဆိုးကို နှမြောသလို လက်ချောင်းလေးများဖြင့် တို့ကြည့်ရင်း သူမစိတ်ဆိုးသလို ပြော၏။

သူက သူမကိုစိုက်ကြည့်ကာ...

"မောင်ဆိုးတာကို မှီ ခုမှသိတာလားဟင်၊ မောင်က ငယ်ငယ်ကတည်းက ဆိုးခဲ့တာပဲ မှီ"

"အို"

သူမအပေါ် စောင့်ရှောက်ကြင်နာခဲ့သော အတိတ်က သူ၏ အပြုအမူများကို လွမ်းဆွတ်နွေးထွေးစွာ မြင်ယောင်လာသည်။

"အဲဒီလို လူဆိုးတစ်ယောက်ကို မှီလို မိန်းကလေးက ဘယ်ချစ်နိုင်မလဲနော်၊ ဆောရီး မှီ ကိုယ်မှားသွားတယ်၊ ကဲ ဂွတ်ဘိုင်"

သူက ဝမ်းနည်းစွာဖြင့် သူမနားမှ ဖျတ်ခနဲ လှည့်ထွက်ခဲ့လေ၏။ ရုတ်တရက် သူမ ဘာလုပ်ရမှန်းမသိ၊ သို့သော် တောင့်တင်း ထယ်ပြန့်သော သူ့နောက်ကျောပြင်ကိုကြည့်ပြီး ရင်ထဲက ဒေါသလေးဖြစ်လာရ၏။

"ရှင်...ကျွန်မကို မနှုတ်ဆက်နဲ့၊ ကျွန်မ ရှင့်ကို တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



မှ နှုတ်ဆက်ဖို့ စောင့်စားခဲ့ဘူး သိလား၊ လူဆိုး မောင်"

မျက်ဝန်းလေးမှိတ်ကာ သူမနှာကြည်းစွာ အော်ဟစ်ပြစ်လိုက်၏။ သူမ မျက်ဝန်းပြန်ဖွင့်ချိန်...

"ဟင်...ရှင်"

"မှီ...မှီရယ် မောင့်ကို မှီချစ်တယ် မဟုတ်လား"

ပြောပြောဆိုဆို သူက သူမကိုယ်လေးကို တင်းတင်းဖက်လိုက်၏။

"အို...မသိဘူး မသိဘူး ရှင့်ကို သိပ်မုန်းတယ်၊ သိလား မောင်"

"မှီရယ်"

သူ့ရင်ဘတ်ကြီးကို ထုရိုက်ရင်း သူမငိုတော့ သူ့မျက်နှာပျက်သွားသည်။

"တိတ်ပါ မှီရယ်၊ တိတ်ပါ၊ နောက်ဘယ်တော့မှ မှီငိုအောင် မောင်မလုပ်တော့ပါဘူး"

သူမ၏မျက်ရည်များကို သူ့မျက်နှာနှင့် ကြင်နာစွာ ပွတ်တိုက်ပြီး ကတိပေးလိုက်လေ၏။

❋ ❋



"မောင်နဲ့ခွဲခဲ့ရပေမယ့် မှီလေ၊ မောင့်ကို အမြဲသတိရခဲ့တယ်၊ ပြီးတော့ မောင့်အတွက် အမြဲလည်းစိတ်ပူမိခဲ့တယ်"

ပွင့်လင်းသော ချစ်သူဘဝရောက်တော့ သူမက ဟိုတုန်းက ခံစားခဲ့ရသည့် ရင်ထဲမှအကြောင်းများ မောင့်ကိုဖွင့်ပြော၏။

မောင်က သူမ၏ဆံနွယ်ရှည်လေးများကို တစ်ချက်နမ်းရှိုက်ရင်း ပြုံးသည်။

"ဘာလဲ မှီ၊ မှီစိုးရိမ်တာ မောင် လူဆိုးဖြစ်သွားမှာကို မဟုတ်လား"

"အို...အဲဒါ"

"မောင်သိပါတယ် မှီ၊ မောင်က တဖွတ်ထိုးသမား၊ ခေါင်းမာတယ်၊ ဒီတော့ မှီ စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပေါ့"

အင်း အမှန်ပြောရရင် ဦးဖေသာမရှိရင် မောင်ဟာ ဒီလို ပညာဘောင်ဘဝ ရောက်ချင်မှ ရောက်နိုင်မယ် မှီ၊ ဦးဖေ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မောင် ဒီလို လူကောင်းသူကောင်းဖြစ်တာ"

"ဦးဖေကတော့ မောင့်အတွက် မိဘအရင်းလိုပါပဲကွယ်။ အခုလို မောင့်ကို စောင့်ရှောက်ပေးတဲ့ ဦးဖေကို မှီကလည်း သိပ်ကျေးဇူးတင်ပါတယ်"

နှစ်ပေါင်းများစွာကြာမှ မောင်နှင့် ခုလိုပြန်ဆုံတာ ဦးဖေ၏ ကျေးဇူးလည်းပါသည် မဟုတ်လား။ ဦးဖေသာ စောင့်ရှောက်မှု မကောင်းလျှင် မောင်သည် လူဆိုးဘဝနှင့် ဘယ်သောင်ခြေဆိုက်နေမည်မသိ။

ထို့ကြောင့် ယောကျ်ားပီသစွာ ချောမောသည့် မောင့်ကို ကြည့်ပြီး သူမပြုံး၍ ပြောလိုက်၏။

"မောင်ကလည်း မှီကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပေးတဲ့ လက်ျာတို့မိသားစုကို ကျေးဇူးတင်ပါတယ် မှီ၊ တစ်နေ့ကြမှ လက်ျာကို ထမင်းကျွေးပြီး ကျေးဇူးတင်တဲ့အကြောင်း ပြောရဦးမယ်"

သူမကိုယ်လေးကို ရင်ခွင်ထဲသို့ ညင်သာစွာ ပွေ့ဖက်ရင်း သူပြော၏။ မင်းလက်ျာ နာမည်ပါလာတော့ သူမမျက်နှာလေး ပျက်ချင်ချင်။





"ကိုယ်တစ်ယောက်တည်းအတွက်ထားတဲ့ သီးသန့်စေတနာကိုပဲ လိုချင်တယ် မှီ"

ထိုသို့ပြောခဲ့သော မင်းလက်ျာနှင့် မောင့်ကို ဘယ်လိုရင်ဆိုင် ဆုံတွေ့ရပါ့မလဲ။

"ကိုမင်းလည်း နိုင်ငံခြားက ပြန်ရောက်ကတည်းက အလုပ်တွေသိပ်များနေတာပဲ မောင်၊ မှီလည်း ကိုမင်းကို အလုပ်ကူလုပ်ပေးနေရတယ်"

"ကောင်းတာပေါ့မှီ၊ မင်းလက်ျာကလည်း မှီကို ကူညီခဲ့တော့ ဒီတစ်ခါ မှီ ကူညီတဲ့အလှည့်ပေါ့"

မင်းလက်ျာနှင့် ပတ်သက်ပြီး သူမအတွက် မောင့်မှာ ခံတိုခြင်းမရှိတာပဲ ဝမ်းသာရသေး၏။

"ဟုတ်တယ် မောင်၊ မာမီတို့ကလည်း ကိုမင်းကို ကူညီမှီ သေသေချာချာ မှာတယ်လေ၊ မှီကြောင့် အဆင်ပြေတယ်ဆိုရင် မှီ ဝမ်းသာရတာပေါ့ မောင်"

"မောင်က မှီ့အတွက်ပဲ စိုးရိမ်ခဲ့တာဗျ"

"ဟင်...ဘာကိုလဲ"

လှပသောမျက်ဝန်းဝိုင်းလေးများဖြင့် သူ့ကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူဖြိုးလိုက်ရင်း…

"ဪ..မိုကို မင်းလက်ျာတို့မိသားစုက ကောင်းကောင်း မဆက်ဆံမှာကိုလေ၊ အထူးသဖြင့် ဦးမင်းညာဏ်"

"ဒက်ဒီလည်း ကောင်းပါတယ် မောင်၊ လမ်းဘေးက မိုကို ဒီလောက်ကျေးမွေးပြုစုပေးတာပဲ ကျေးဇူးတင်ရမယ်မဟုတ် လား"

ဦးမင်းညာဏ်တို့မိသားစုထဲသာ မဝင်ခဲ့လျှင် သူမသည် လည်း ဘယ်အခြေသို့ ဆိုက်ရောက်မည်မသိပေ။ ထို့ကြောင့် အမြဲ ကျေးဇူးတင်ခဲ့၏။

"မိုပြောတာလည်း ဟုတ်ပါတယ်လေ၊ ဒါနဲ့ နေပါဦး မိုက အရင်ကတည်းက မောင့်အတွက် စိုးရိမ်ခဲ့တယ်ဆိုတော့ ဘာလဲ ဟင် မောင့်ကို မို အဲဒီကတည်းက ချစ်ခဲ့တာပေါ့ ဟုတ်လား"

"အို…ကြည့်စမ်း၊ မောင် မကောင်းဘူးကွာ"

သူမမျက်နှာလေး နီရဲကာ သူ့ကို ရှက်ရှက်နှင့် ထုရိုက်လေ ၏။ ရှက်တဲ့မျက်နှာလေးကပဲ လှပနေလွန်းတာမို့ မောင်ရင်ချ မဆုံးပေ။

"ကောင်မလေး အမှန်တွေပေါ်သွားလို့ ရှက်နေပြီပော့"





"မောင်နော်"

ရှက်ပါတယ်ဆိုသည့်အထဲ မောင်ထပ်စတော့ သူမ ငိုချင် သွား၏။ တကယ်တော့ မောင့်ကို ငယ်ငယ်ကတည်းက ယောင်ရှိခဲ့တာမဟုတ်လား။

"မငိုလိုက်နဲ့နော်…မို မျက်ရည်တွေက ငန်တယ်ဗျ"

"ဘယ်လိုဖြစ်နေတာလဲ မောင်၊ မို တကယ်ငိုလိုက်မှာ နော်"

ပြောရင်း သူမမျက်ရည်လေးဝဲလာတော့ သူမှာပျာသလဲ ၏။

"ဟော့…ဟော့ အလကားစတာဗျ၊ တကယ်တော့ မောင် သာ မိုကို ငယ်ငယ်လေးထဲက တိတ်တိတ်လေး ကြိတ်ချစ်နေ တာကွ"

"ဟင်…ကြည့်စမ်း၊ အဲဒါ တကယ်လား မောင်"

ဝိုင်းစက်သော မျက်ဝန်းလေးများဖြင့် သူမမေးတော့ မောင် ကြီး ခေါင်းညိတ်၏။

"တကယ်ပေါ့ဗျာ၊ မိုကို စတွေ့ချိန်မှာပဲ မောင့်ရင်ထဲ ်အသေးစားလေး လှုပ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဖောက်ပြန်နေခဲ့တာပေါ့ လေ၊ မှီကတော့ မသိလို့ မောင့်ကို ရင်းရင်းနှီးနှီးနေခဲ့တာ၊ အဲဒီတို့ မှန်းသိ ကြောက်စရာ"

ဖျတ်ခနဲ ပခုံးလေးနှစ်ဖက်တွန့်ကာ သူမပြောမှာ မောင့် အတွက် အသည်းယားစရာ။ ထို့ကြောင့် သူမကိုယ်လေးတို့ တအားဖက်ကာ ဖြူနုသောပါးလေးကို နှင့်နေအောင် နမ်းရှိုက်ပစ် လိုက်၏။

"အို…ဒါဘာလုပ်တာလဲ"

"မှီကို မောင် အရင်တုန်းက ဒီလိုဖောက်ပြန်ဘူးလို့လား ဟင်"

"ဟင့်အင်း"

"ဒါဖြင့် မောင့်ကို ဘာလို့ကြောက်တယ်ပြောရတာလဲ မှီ၊ အဲဒီတုန်းက မှီကို မောင့်ဘာသာ ရင်ထဲကြိတ်ချစ်ချင်ချစ်ခဲ့ မှီကို အနှောင့်အယှက်ပေးဖို့ မောင်တစ်ခါမှ စိတ်မကူးခဲ့ဖူးဘူး"

သည်လိုဆိုတော့လည်း မောင်၏အချစ်က တန်ဖိုးရှိခဲ့ မှီ့ ကျေးဇူးတင်ရသည်။ ဟိုတုန်းက မောင်သာ ဖွတ်ချစ်ခဲ့ သူမကကော…။





"ဘာပဲဖြစ်ဖြစ် မောင့်ကို ကျေးဇူးတင်ပါတယ်"

"ဗျာ…ဘာအတွက်လဲ မှီ"

"သြော်…မှီကို ခုမှချစ်လို့လေ"

အပြုံးလေးဖြင့် သူမပြောသဖြင့် မောင်က ခေါင်းခါယမ်း ၏။

"မဟုတ်ဘူး၊ မှီကို ပြန်မတွေ့ခဲ့ရင်လည်း မောင်က ချစ်နေမှာပဲ၊ နောက်ထပ် မောင့်အတွက် ချစ်သူတစ်ယောက် ဘယ် တော့မှ ပေါ်လာမှာမဟုတ်ဘူးမှီ"

"မောင်ရယ်"

သူမအပေါ် တစ်သက်တာအတွက် ချစ်ခဲ့သော မောင့် အတွက်ကို လေးစားမိရ၏။ မောင်က သူမမျက်နှာလေးကို ညင်သာ စွာ နမ်းရှိုက်သည်။

"နေပါဦး မောင်၊ တကယ်လို့ မှီ အိမ်ထောင်ကျပြီးမှ ပြန်တွေ့ခဲ့ရင်ကော"

သူ့ရင်ခွင်မှ ခေါင်းလေးမော့ကာ သူမမေးသည်။

"အဲဒီအတွက် တစ်ခါမှ မစိုးရိမ်ခဲ့ဘူး မှီ၊ ဘာကြောင့်လဲ ဆိုတော့ မှီဟာ မောင့်ကိုမတွေ့ဘဲ ဘယ်တော့မှ အိမ်ထောင်မပြု



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာ သိနေတယ်”

“ကြည့်စမ်း…ကြည့်စမ်း မှီရင်ထဲက မောင်
ဒီလောက်ထိ ဖောက်ထွင်းမြင်နေပါလား”

တကယ်ပဲ သူမ စိတ်ရင်းမှန်ကို မောင်သိနေတာ
ရှက်ရှက်နှင့် မောင့်ရင်ခွင်ထဲ မျက်နှာဝှက်မိသည်။

မောင်က သူမကိုယ်လေးကို ကြင်နာစွာ ပွေ့ဖက်

“မောင်သိတာပေါ့ မှီ၊ ဘာကြောင့်လဲဆိုတော့ နောက်
ခွဲခွာတော့မယ့်အချိန်မှာ မှီ မျက်ဝန်းတွေက စကားပြောသွားတာ

“ဒါဆို မှီက ဘာတွေပြောခဲ့လဲ မောင်”

ရှက်ပြုံးလေးဖြင့် သူမမေးသည်။ မောင်က သူမမျက်
လေးကို ငုံ့ကြည့်ကာ နဖူးလေးကို ညင်သာစွာ နမ်း၏။

“မှီက ပြောသွားတယ်၊ ကျွန်မကို စောင့်နေပါလို့”

“ကြည့်စမ်း…မောင် လိုရာဆွဲပြောတာပဲ”

“ဒါဖြင့် မဟုတ်ဘူးလား၊ မောင့်ကိုမညာနဲ့နော်

သူမမျက်ဝန်းတွေကို အလွတ်မပေးဘဲ မောင်က
ကြည့်သည်။

မောင့်ကို သူမ အရှုံးပေးလိုက်ရပါပြီ။





“အဟင်း…ဟုတ်တယ်”

“မှီလေးရယ်”

ကျယ်ပြန့်နွေးထွေးသော သူ့ရင်ခွင်ထဲမှာ သူမတစ်သက်
စာ ခိုလှုံခွင့်ရလိမ့်မည်ဟု ထိုစဉ်က ထင်ခဲ့သည်လေ။

❋ ❋



www.burmeseclassic.com

www.burmeseclassic.com

"ပြီးခဲ့တဲ့တစ်ပတ်က အစည်းအဝေးမှာ သားကို ဒါရိုက်တာအဖွဲ့ဝင်ထူကြီးတွေ အတော်သဘောကျသွားတယ်၊ ဒါကြောင့် ရှေ့လအစည်းအဝေးမှာ သားကို ဥက္ကဋ္ဌရာထူးအတွက် စဉ်းစားကြလိမ့်မယ်"

ညနေ ထမင်းစားပြီးချိန်တွင် ဧည့်ခန်းမှာ အချိုပွဲတည်ရင်း ဦးမင်းညဏ်က သားဖြစ်သူ မင်းလကျ်ာကို ကြည့်၍ ပြောလိုက်လေ၏။

ဦးမင်းညဏ် မျက်လုံးထဲမှာ သားအပေါ် ကျေနပ်အားရစိတ်ဖြင့် လင်းလက်နေသည်။

မင်းလကျ်ာက ပန်းသီးတစ်စိတ်ကို ယူစားရင်းမှ မြယွန်းမှီဘက် လှမ်းကြည့်၏။

"ခုလို ကုမ္ပဏီမှာ ကျွန်တော်အဆင်ပြေတာ ယောဒီက





မှီ ကျေးဇူးတွေ[illegible]ည်း ပါပါတယ် ဒက်ဒီ"

ထိုစကားကြောင့် ဦးမင်းညဏ်မျက်နှာ ဖျတ်ခနဲ ပျက်သွားသည်။ ဒေါ်အေးမီက မြယွန်းမှီကို ပြုံး၍လှမ်းကြည့်၏။

မြယွန်းမှီက ရှက်သွေးမျက်နှာလေးဖြင့်…

"တကယ်တော့ မှီက ဒီလောက်မဟုတ်ပါဘူး၊ ကိုမင်းက တော်လို့ပါ၊ ကိုမင်းမှာ အရည်အချင်းတွေရှိတော့ လူကြီးတွေ သဘောကျတာပါ"

"မြယွန်းမှီ ပြောတာ မှန်တယ်သား၊ နိုင်ငံခြားမှာ သင်လာတဲ့ သားရဲ့ပညာအရည်အချင်းတွေက အသုံးတည့်သွားတာပဲ"

ဦးမင်းညဏ်က ချက်ချင်း မင်းလကျ်ာဘက်မှ ဝင်ပြော၏။ မြယွန်းမှီကို မင်းလကျ်ာ ချီးကျူးတာမျိုး ဦးမင်းညဏ် သဘောမကျနိုင်ပေ။

"အို…ကိုညဏ်ကလည်း သမီးလေးမှီက ကို့ရဲ့ကုမ္ပဏီအတွက် ဘယ်လောက်အားကိုးရလဲ၊ သား နိုင်ငံခြားမှာရှိနေတုန်းက မြယွန်းမှီလေးကိုပဲ ကို အားကိုးခဲ့ရတာမဟုတ်လား၊ အဲဒီတုန်းက ကိုတောင် မှီကို တော်တယ်လို့ ချီးမွမ်းခဲ့သေးတယ် မဟုတ်လား၊ ကျွန်မအမြင်မှာတော့ သားလည်း အရည်အချင်းရှိသလို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တစ်လမ်းက သမီးမို့ ရှိနေလို့သာ ဒီလောက်ထိ အဆင်ပြေလာတာလို့ပဲ''

မြယွန်းမှီဘက်က လိုက်ပြောပေးသည့် ဒေါ်အေမီကို ဦးမင်းညဏ် ဖျတ်ခနဲ မျက်မှောင်တွန့်ကြည့်၏။

''သူဌေး ဦးစိုးခိုင်က လာမယ့်အစည်းအဝေးမှာ အရေးကြီးဆုံးလူပဲ၊ သူ့သမီးလည်း နိုင်ငံခြားက ပြန်ရောက်နေပြီ၊ ဒေစီခိုင်ကို သားသိမှာပေါ့''

ဒေစီခိုင်ဆိုသော စကားကြောင့် မင်းလကျ်ာက ဖျတ်ခနဲ မြယွန်းမှီကို လှမ်းကြည့်၏။

မြယွန်းမှီက ဒေါ်အေမီကို အသာဆုပ်ကိုင် နှိပ်နယ်ပေးနေသည်။ မင်းလကျ်ာအကြည့်ကို မသိဟန်ပြု၏။

မင်းလကျ်ာအကြည့်တွေက ဦးမင်းညဏ်ထံ ပြန်ရောက်သွားသည်။

''သိပါတယ် ဒက်ဒီ၊ ဒါပေမယ့် ရင်းရင်းနှီးနှီးတော့ မဟုတ်ပါဘူး''

''သားက ဒီနေရာမှာ တော်တော်ညံ့တာပဲ၊ ဒေစီခိုင်လို မိန်းကလေးမျိုးနဲ့ ခင်မင်ရင်းနှီးအောင် လုပ်ထားရမှာ၊ ဒေစီခိုင်ဟာ





သူဌေးကြီး ဦးစိုးခိုင်ရဲ့ တစ်ဦးတည်းသောသမီးပဲကွ''

''အို…ကိုကလည်း ကျွန်မတို့သားကလည်း တစ်ဦးတည်းသောသားပါ''

ဒေါ်အေမီက ဖျတ်ခနဲ ဝင်ပြော၏။ မြယွန်းမှီက အလိုက်သိစွာဖြင့်…

''မှီ ပန်းကန်တွေ သွားသိမ်းလိုက်ဦးမယ်''

ဟုဆိုကာ နေရာမှထလျက် စားပွဲပေါ်မှ ပန်းကန်များ ယူသွားလေ၏။

''အေး…ကိုယ်ပြောတာကလည်း တို့သားက တစ်ဦးတည်းသောသားဆိုတော့ ဒေစီခိုင်လို တစ်ဦးတည်းသော သမီးနဲ့ နီးစပ်စေချင်တာပဲ အေမီ''

ဦးမင်းညဏ်က ပွင့်လင်းစွာပြောလိုက်တော့ မင်းလကျ်ာ မျက်နှာပျက်သွား၏။

''ဟာ…ဒက်ဒီကလည်း ကျွန်တော် ဒေစီခိုင်ကို စိတ်မဝင်စားပါဘူး''

''ဘာလဲ…မင်းမှာ ချစ်သူရှိနေပြီလား သား''

မင်းလကျ်ာမျက်နှာကို ကြည့်၍ ဒေါ်အေမီ မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးမင်းညွှာဏ်က မျက်နှာထားတည်တည်ဖြင့်…

"မင်းဘာတွေ မေးနေတာလဲ အေမီ၊ ငါ့သားကို ဒေစီနိုင်နဲ့ကလွဲပြီး ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး၊ သူတို့သားအဖကို ငါ ထမင်းစားဖိတ်မှာယ်"

"ဒီလိုမလုပ်ပါနဲ့ ဒက်ဒီ၊ ကျွန်တော့်မှာ ချစ်သူရှိတယ်"

တစ်ခုခုကို ဆုံးဖြတ်ပြီးလျှင် မပြင်တတ်သော ဦးမင်းညွှာဏ်အကျင့်ကို သိထားသည့် မင်းလက်ျာက အမြန်ဝင်ပြောရ၏။

ဦးမင်းညွှာဏ် မျက်နှာပျက်သွားကာ…

"မင်းမှာချစ်သူရှိတယ် ဟုတ်လား၊ ဘယ်သူလဲ၊ ယောကျ်ားလေးတစ်ယောက်အနေနဲ့ အရွယ်ရောက်လို့ ချစ်သူထားတာ မဆန်းဘူး သား၊ ဒါပေမယ့် အိမ်ထောင်ပြုဖို့ဆိုရင်တော့ မင်းလက်ထပ်ရမှာက ဒေစီနိုင်ပဲ"

"ဝမ်းနည်းပါတယ် ဒက်ဒီ၊ ကျွန်တော် ဒေစီနိုင်ကို လုံးဝ စိတ်မဝင်စားပါဘူး"

ထိုသို့ပြောပြီး မင်းလက်ျာ နေရာမှထခဲ့၏။ ဒေါ်အေမီက ဦးမင်းညွှာဏ်ကို အပြစ်တင်နေသည်။

"ရှင်ကလည်း သိပ်စိတ်လောတာကိုး၊ သားချစ်သူ ဘယ်သူလဲဆိုတာ နည်းနည်းပါးပါး စုံစမ်းပါဦးတော့လား"

"ဘာမှစုံစမ်းစရာ အကြောင်းမရှိဘူး အေမီ၊ ဘယ်မိန်းကလေးမှ ဒေစီနိုင်လောက်တော့ သာမှာမဟုတ်ဘူး"

ထိုစကားများကို ဒေါ်အေမီ ဆေးသောက်ဖို့ သတိလာပေးသော မြယွန်းမှီက အစအဆုံး ကြားလိုက်ရလေ၏။

လမ်းမှာ မင်းလက်ျာနှင့် တွေ့သည်။ မင်းလက်ျာက မြယွန်းမှီကို တစ်ချက်ကြည့်ပြီး အပေါ်ထပ်တက်သွား၏။

"မာမီ…ဆေးသောက်ရအောင်"

"သြော်…အေး သမီးသတိပေးမှပဲ"

ဒေါ်အေမီက ပြောရင်း မြယွန်းမှီယူလာသော ဆေးနှင့် ရေကို သောက်လိုက်၏။

မင်းလက်ျာက မကြာခင် အပေါ်ထပ်မှ ပြန်ဆင်းလာသည်။ ထို့နောက် ကားမောင်းပြီး ထွက်သွား၏။

"သားလေး စိတ်ဆိုးသွားပြီထင်တယ် ကိုမင်းညွှာဏ်"

"နေပါစေ လွှတ်ထားလိုက်"

ပြောပြီး ဦးမင်းညွှာဏ်က စာကြည့်ခန်းထဲ ဝင်ခဲ့၏။ ဒေါ်အေမီ သက်ပြင်းချကျန်ရစ်ခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com



"မာမီ အနားယူလိုက်ပါ"

"အေးကွယ်"

ဒေါ်အေမီလည်း အိပ်ခန်းထဲဝင်သွား၏။ မြယွန်းမှီ အခန်းထဲရောက်တော့ ဖုန်းသံမြည်လာ၏။

"ဟဲလို"

"ကိုယ်ပါ မှီ"

"သြော်...ကိုမင်း"

မင်းလကျာ ဖုန်းဆက်တာမို့ မြယွန်းမှီ အံ့သြသွား၏။

"မှီ..အခု အပြင်ခဏထွက်လာနိုင်မလား၊ လမ်းထိပ်မှာ ကိုယ်စောင့်နေမယ်"

"ဟင်...ဘာကိစ္စ"

"မှီလာရင် သိရမှာပေါ့၊ ဒါပဲနော်"

သူမ အဖြေမပေးခင် မင်းလကျာ ဖုန်းချသွား၏။ ဘာ့အတွက် သူမကိုခေါ်တာပါလိမ့်ဟု တွေးရင်း အပြင်သွားဖို့ ပြင်ဆင်လိုက်သည်။

"မာမီ...မှီ လမ်းထိပ်ကစာအုပ်ဆိုင် ခဏသွားလိုက်ဦးမယ်"





"အေး...အေး"

ဒေါ်အေမီကို ခွင့်ပန်ပြီး မှီ ထွက်ခဲ့၏။ တကယ်ပဲ လမ်းထိပ်မှာ မင်းလကျာ့ကားကို တွေ့ရသည်။

"ဟော...မှီ"

သူမကိုတွေ့တာနှင့် မင်းလကျာ့မျက်နှာ ဝင်းသွားလျက် ကားပေါ်မှ ဆင်းလာသည်။

"ဘာကိစ္စလဲ ကိုမင်း"

"မှီကို ပြောစရာရှိလို့ ကိုယ်တို့ ကန်တော်ကြီးဘက် လေညှင်းခံရင်း သွားရအောင်"

"အို...မှီက မာမီကို စာအုပ်ဆိုင်ခဏဆိုပြီး ထွက်လာတာ"

"ရပါတယ်ကွာ၊ ကိုယ်တို့လည်း ခဏပါပဲ၊ ကဲ တက်"

မင်းလကျာက ကားတံခါး ဖွင့်ပေးနေတာမို့ သူမ တက်လိုက်ရ၏။ မြယွန်းမှီ ကားပေါ်ရောက်တာနှင့် မင်းလကျာ ကားကို ဝေါခနဲ မောင်းထွက်လာသည်။

တစ်လမ်းလုံး မင်းလကျာက တိတ်ဆိတ်လာလေ၏။

❋ ၀ ❋



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ ကန်တော်ကြီးက ညနေခင်း မာကျူရီမီးရောင်များအောက်တွင် လှပနေသည်။ ကန်တော်ကြီးရေပြင်ကို ဖြတ်သန်း၍ တိုက်ခိုက်လာသော ဆည်းဆာလေနုအေးတို့က မြယွန်းမှီ၏ ဆံနွယ်စများကို ကလူကျီစယ်လျက်။

ကန်ရေပြင်ကို မျက်နှာမူလျက် တိတ်ဆိတ်စွာ ရပ်နေသူ နှစ်ဦး။ သူတို့က မင်းလက်ျာနှင့် မြယွန်းမှီ။

မင်းလက်ျာက ကန်ရေပြင်ကို တိုက်ခိုက်လာသော လေအေးတို့ကို တစ်ချက် အားပါးတရ ရှူလိုက်ပြီးမှ သူ့အနားတွင် ပုဆွန်ဆီရောင်ဖျော့ဖျော့ ဝတ်စုံဖြင့် လှပနွဲ့နှောင်းစွာ ရပ်နေသည့် မြယွန်းမှီကို တစ်ချက်ကြည့်၏။

"ကိုမင်း…မှီကို ဒီအထိခေါ်လာတာ ဘာအကြောင်းများ ရှိလို့လဲဟင်"





၄

တိတ်ဆိတ်နေရာမှ ကြည်လင်ချိုအေးသော အသံလေးဖြင့် မြယွန်းမှီက မင်းလက်ျာနှင့် မျက်ဝန်းချင်း ဆုံကာ မေးလိုက်၏။ ထိုအမေးကြောင့် မင်းလက်ျာက သူမကို ရွှန်းရွှန်းစားစားကြည့်လေသည်။

"သိပ်ပြီး အကြောင်းရှိတာပေါ့ မှီ၊ အိမ်မှာ ဒက်ဒီနဲ့ ကိုယ်ပြောခဲ့တဲ့စကားတွေကို မှီ ကြားခဲ့မှာပါ"

သည်တော့ သူမက ဘာမှမဖြေဘဲ နှုတ်ဆိတ်နေ၏။ သူမအားလုံးကြားတယ်ဆိုတာ မင်းလက်ျာ သိနေပြီလေ။

"ကိုယ်ဟာ ငယ်ငယ်လေးထဲက ဒက်ဒီရဲ့ တစ်မိန့်အောက်မှာပဲ နေခဲ့ရတယ်၊ ကိုယ့်စိတ်ဆန္ဒနဲ့ လုပ်ခွင့် ဘာမှမရခဲ့ဘူး၊ မှီကို ထားပြီး နိုင်ငံခြားသွားနေရတာဟာလည်း တကယ်တော့ ကိုယ့်စိတ်ဆန္ဒ တစ်ခုမှမရှိဘူး၊ ဒါပေမယ့် ကိုယ်ဟာ သူများနိုင်ငံမှာ အချိန်တို အလဟသမဖြစ်စေဘဲ ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် ကိုယ့်ရင်ထဲမှာတော့ မှီကို အမြဲတမ်းသတိရ တမ်းတနေခဲ့တယ် မှီ"

ဘာကြောင့် သူမကို ဒီလိုစကားတွေ ပြောနေပါလိမ့်ဟု တွေးစားမရဖြစ်နေတာက မြယွန်းမှီ။ ဦးမင်းညာထက် သားဖြစ်သူ ထို အမိန့်ဖြင့် အုပ်ချုပ်ခဲ့တာတော့ သူမသိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မှီကြောင့် ကိုမင်း နိုင်ငံခြားသွားနေခဲ့ရတာပါ၊ အဲ့ အတွက် ကိုမင်းအပေါ် မှီ အမြဲအားနာမိပါတယ်"

"ကိုယ်ပြောချင်တာ ဒါမဟုတ်ဘူး မှီ၊ ကိုယ်ဟာ ဒီ ရဲ့ အမိန့်ကို တစ်သက်လုံး နာခံခဲ့ပြီးပြီ၊ ဒီတစ်ခါ ကိုယ့်အ တစ်သက်တာအတွက် အရေးကြီးဆုံးဖြစ်တဲ့ အိမ်ထောင်ရေးကိုတေ ကိုယ့်စိတ်ဆန္ဒနဲ့ပဲ တည်ဆောက်ချင်တယ်"

"ကိုမင်းပြောတာ မှီ နားလည်ပါတယ်၊ တကယ်တော အိမ်ထောင်ပြုတယ်ဆိုတာ ကိုယ်မြတ်နိုးချစ်ခင်တဲ့လူနဲ့မှ လက်ထ လိုတာ နှလုံးသားရှိတဲ့လူတိုင်းပါ၊ ဒါကြောင့် ကိုမင်းဘက်က ကြည့်ရင် မှန်တယ်လို့ မှီထင်ပါတယ်"

ထိုစကားကြောင့် အားတက်သွားရတာ မင်းလကျ်ာဖြစ် ကြည့်စမ်း... မြယွန်းမှီဟာ သူထင်ထားတာထက် နားလည်မှု လားဟု တွေး၍ ဝမ်းသာသွားမိသည်။

"ခုလို မှီ ကိုယ့်ကို နားလည်ပေးတာ ကျေးဇူးတင် တယ်"

"မလိုပါဘူး ကိုမင်းရယ်၊ ဒက်ဒီကို ပြောလိုက် ကိုမင်း၊ ကိုမင်းချစ်သူနဲ့ပဲ လက်ထပ်ဖို့"





"အဲဒါပဲ... အဲဒါပဲ မှီ၊ အဲဒီလိုပြောဖို့အတွက် မှီဆန္ဒကို ကိုယ်သိချင်တာ"

"ရှင်"

ရုတ်တရက် မင်းလကျ်ာ၏စကားကို နားမလည်နိုင်အောင် ဖြစ်သွားတာက မြယွန်းမှီ။ မင်းလကျ်ာ၏ ချစ်သူကိစ္စက သူမနဲ့ ဘာဆိုင်ပါလိမ့်။

"ကိုယ်ပြောချင်တာက ဒီလိုပါ မှီ၊ တကယ်တော့ ကိုယ် ချစ်တဲ့သူဟာ မှီပဲ"

"အို"

"ဟုတ်တယ် မှီ၊ မှီကိုချစ်ခဲ့မိတာ ခုမှမဟုတ်ပါဘူး၊ ဟိုးအရင်ကတည်းကပါ၊ ဒါကြောင့် ပျော်ရွှင်စရာတွေပေါတဲ့ နိုင်ငံ ခြားလို နေရာမှာတောင် ကိုယ် ဘယ်မိန်းကလေးနဲ့မှ မတွဲခဲ့ဘူး"

မင်းလကျ်ာ၏ မထင်မှတ်သည့် စကားတွေကြောင့် သူမ ၏ ဖြူနုသော ပါးပြင်လေးနှစ်ဖက် နီရဲသွားသည်။

ကြည့်စမ်း... မင်းလကျ်ာဟာ သူမကို ချစ်နေလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ပါလား။

"ကိုယ် နိုင်ငံခြားမှာ ဆယ်နှစ်နေနိုင်ခဲ့တာဟာ တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



မိုနဲ့ ကိုယ် ပြန်ဆုံကြရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ၊ ဒါကြောင့် ကိုယ် ဟိုမှာ ကြိုးစားနိုင်ခဲ့တယ်၊ လေယာဉ်ပေါ်က ဆင်းတာနဲ့ မို မျက်နှာလေးကို မမြင်လိုက်ရတော့ ကိုယ့်ရင်ထဲ ဘယ်လောက် ဟာသွားသလဲဆိုတာ မို သိရဲ့လားဟင်''

ယခုမှ မင်းလကျ်ာ၏ မျက်ဝန်းတို့သည် ဘာကြောင့် တောက်ပနေသလဲဆိုတာ သူမ ရိပ်မိရသည်။

ထို့ကြောင့် ရုတ်တရက် သူမ ခေါင်းခါယမ်းလိုက်၏။

''မဖြစ်နိုင်ဘူး ကိုမင်း၊ လုံးဝမဖြစ်နိုင်ဘူး''

သူမ၏ ခါးသီးစွာ ငြင်းမှုကြောင့် မင်းလကျ်ာ မျက်နှာ ပျက်သွားသည်။

''ဘာကြောင့်လဲမို၊ ဘာလဲ ဒက်ဒီက ကိုယ့်ကို ဒေစီနိုင် ကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ သဘောမတူဘူးပြောလို့လားဟင်''

''အဲဒါလည်းတစ်ကြောင်းပေါ့ ကိုမင်း၊ ဒက်ဒီဟာ ကိုမင်း ကို သိပ်ချစ်တယ်၊ ပြီးတော့ ကိုမင်းလို နိုင်ငံခြားပြန်တစ်ယောက် အနေနဲ့ သူဌေးကြီး ဦးစိုးခိုင်ရဲ့သမီး နိုင်ငံခြားပြန် ဒေစီနိုင်နဲ့ အသင့် တော်ဆုံးပါ''

''အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့ မို၊ ဒေစီနိုင်ကို ကိုယ်





လုံးဝမချစ်ဘူး၊ စောစောကပဲ မိုပြောခဲ့တယ်မဟုတ်လား ကိုယ်ချစ်သူ နဲ့ပဲ လက်ထပ်သင့်တယ်ဆိုတာ''

''အို…အဲဒါက ဟို…ဟို''

''ခုမငြင်းဖို့ မကြိုးစားနဲ့မို၊ မိုပြောတာ အမှန်ပဲ၊ ဒါကြောင့် ကိုယ့်အချစ်ကို မို လက်ခံပေးပါ''

မင်းလကျ်ာက ဖျတ်ခနဲ သူမလက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ကာ တောင်းဆိုလေ၏။

သူမက သူ့လက်များကို အသာဖယ်ရှားလိုက်သည်။

''ဒီ…ဒီလိုမလုပ်ပါနဲ့ ကိုမင်း၊ ကိုမင်းနဲ့ မိုက မောင်နှမ တွေပါ''

''ဘာ…ဘာပြောတယ် မို၊ ကိုယ်နဲ့မိုဟာ မောင်နှမ ဟုတ်လား၊ အဟား…ဟုတ်တယ်လေ မိုနဲ့ကိုယ်ဟာ ဘဂ်လား မောင်နှမ''

''အို…ကိုမင်း ဘာတွေပြောနေတာလဲ''

သည်တော့ မင်းလကျ်ာက သူမကို ခပ်တည်တည် စိုက် ကြည့်၏။

''ကိုယ်မှန်တာပြောတယ် မို၊ ကိုယ်နဲ့မိုဟာ သူစိမ်းတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အားလုံးသိတယ်၊ ဒက်ဒီကိုလည်း ကိုယ်တို့ကိစ္စအတွက် ကိုယ်ပဲ ဖွင့်ပြောမယ်၊ မို ဘာမှကြောက်စရာမလိုဘူး''

မင်းလက်ျာက ပြတ်သားစွာပြောလာသည်။ သူမက သူ့ကို တောင်းပန်သလိုကြည့်လိုက်၏။

''ဒီလိုမလုပ်ပါနဲ့ ကိုမင်း၊ ကိုမင်းနဲ့ မိုကိစ္စ ဘယ်…ဘယ်လိုမှ မဖြစ်နိုင်ပါဘူးရှင်''

''ကိုယ်သိပါတယ် မို၊ ဒက်ဒီကြောင့် မို ကိုယ့်ကို ငြင်းနေတယ်ဆိုတာ၊ ဒီကိစ္စအတွက် မို ဘာမှမပူပါနဲ့၊ ကိုယ် သတ္တိရှိပါတယ်''

သူမကိုပြုံး၍ သူက ပြောလာ၏။ သူမ သက်ပြင်းလေးချကာ…

''ဒက်ဒီကြောင့်ဆိုတာထက် မို…မိုမှာ ချစ်သူရှိနေလို့ပါ ကိုမင်း''

''ဟင်…ဘာ…ဘာပြောတယ်၊ မင်း…မင်းမှာ ချစ်သူရှိတယ် ဟုတ်လား မို''

ဖျက်ယွင်းသော မျက်နှာနှင့် အံ့ဩတုန်လှုပ်စွာ မေးလာတာက မင်းလက်ျာ။ သူမက မျက်လွှာလေးချကာ ခေါင်းအသာ





ညိတ်မိ၏။

''ဟုတ်…ဟုတ်တယ် ကိုမင်း၊ မိုမှာ ချစ်သူရှိနေပါတယ်ရှင်''

''ဘယ်သူလဲ၊ ဘယ်သူလဲ မို''

သည်တော့ သူမက သူ့ကို ကော့ရှုန်းသော မျက်တောင်ကြီးများ အသာပင့်၍ ကြည့်၏။

''သူ့ကို ကိုမင်းသိပါတယ်၊ မောင်ပါ ကိုမင်း''

''ဟင်…ဘာ မောင်…မောင် ဟုတ်လား''

ရုတ်တရက် မင်းလက်ျာ ခေါင်းငိုက်စိုက် ကျသွား၏။ ခြယွန်းမို ငယ်စဉ်ကတည်းက ခင်တွယ်ခဲ့တာက မောင့်ကိုပဲဖြစ်သည်။

''မို တောင်းပန်ပါတယ် ကိုမင်းရယ်၊ တကယ်တော့ မိုဟာ ကိုမင်းအပေါ် ဘာကျေးဇူးမှ မဆပ်နိုင်ခဲ့ပါဘူး''

ငိုင်ကျသွားသည့် မင်းလက်ျာ၏ပုံကို မြင်တော့ သူမ စိတ်မကောင်းစွာ ပြောမိသည်။ မင်းလက်ျာ ခေါင်းဆတ်ခနဲ မော့လာကာ…

''တော်စမ်း မို၊ မင်းဆီက ကျေးဇူးဆပ်တာကို ကိုယ်ရှို



www.burmeseclassic.com

www.burmeseclassic.com



ချင်ခဲ့တာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် မောင်ဟာလည်း ကိုယ့်သူငယ်ချင်းရဲ့ မှိုရဲ့ မောင့်အတွက် ကိုယ်ဝမ်းသာပေးရမှာပေါ့၊ ကဲ ပြန်ကြစို့မို့"

အပြန်လမ်းမှာလည်း လာစဉ်တုန်းကလိုပင် မင်းလက်ျာသည် စကားတိတ်ဆိတ်နေလေ၏။

❋ ❋ ❋



"ကွန်ဂယက်ကျူးလေးရှင်းပဲ မောင်"

မင်းလက်ျာ ချိန်းဆိုရာသို့ မောင် ရောက်သွားချိန်မှာ မင်းလက်ျာက တစ်ယောက်တည်း ဘီယာမှာသောက်ထားနှင့်ပြီး မောင့်ကိုမြင်တော့ ရုတ်တရက် ထလာကာ လက်ဆွဲနှုတ်ဆက်၏။

မောင်က မင်းလက်ျာ၏ အပြုအမူကြောင့် အံ့ဩသွားပြီး...

"ဘာအတွက်လဲ လက်ျာ"

ဟု မေးတော့ မင်းလက်ျာ မရိုးသလိုပြုံးသည်။ ထို့နောက် ရင်ထဲကခံစားမှုများကို မျိုသိပ်ပြီး မောင့်ကိုပြုံး၍ ကြည့်သည်။

"မြပွန်းမှိုရဲ့ အချစ်ကို ရလိုက်တဲ့ မင်းအတွက် ငါက ဂုဏ်ပြုတာပါ မောင်"

"ဩော်...မှိုက မင်းကို တို့အကြောင်းတွေ ဖွင့်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီကိုး"

"နိုး…နိုး မိုက ဖွင့်ပြောတာမဟုတ်ပါဘူး၊ အကြောင်းတိုက်ဆိုင်သွားလို့ မိုက ဖွင့်ပြောတာပါ၊ မင်းဟာ မိုရဲ့အချစ်ကို ရတဲ့လူအဖြစ် ကံထူးသူပါ မောင်"

လက်ဆွဲနှုတ်ဆက်ရင်း မင်းလကျ်ာ ပြောသည်။ မောင်က ပြုံးကာ…

"မင်းကော…ဟိုမှာ မတွေ့ခဲ့ဘူးလား လကျ်ာ၊ အပျွန်းမင်းလိုလူနှား ဘိုမလေးတွေ ဝိုင်းနေမှာပေါ့ကွာ"

သည်တော့ မင်းလကျ်ာ ပခုံးဆတ်ခနဲ တွန့်၏။ မင်းလကျ်ာ မျက်ဝန်းထဲမှာ မြယွန်းမိုပုံစံကိုသာ ဖျတ်ခနဲ မြင်ယောင်လေ၏။

"ဘိုမတွေ ဘာလုပ်မှာလဲ မောင်၊ ငါက မြန်မာ၊ ဒီတော့ အိမ်ထောင်ပြုရင်တောင် မြန်မာမိန်းကလေးမဲ့ အိမ်ထောင်ပြုမယ် မောင်"

"အပျွန်း…ငါကစတာပါကွာ၊ မင်းကို စတာပါ၊ တကယ်တော့ ငါလည်း မင်းစိတ်ဆန္ဒလိုပါပဲ၊ ကဲ…ဒါနဲ့ ပြောပါဦး မင်းတို့စုံတွဲနဲ့ ငါ့တို့စုံတွဲ တစ်နေ့လောက်ချိန်းပြီး ညစာစားကြရအောင် လကျ်ာ"





မောင့်စကားကြောင့် မင်းလကျ်ာ ဖျတ်ခနဲ ငိုင်သွား၏။ မင်းလကျ်ာ ချစ်တာက မြယွန်းမိုကိုလေ။ ယခုတော့ သူမကို မောင်နှင့်တွဲပြီး တွေ့ရမည့်အဖြစ်။

"ဖြည်းဖြည်းပေါ့ကွာ မောင် ဒါနဲ့ မင်းတို့ ကုမ္ပဏီသူဌေးက မင်းကို အတော်အားကိုးတယ်နော် မောင်"

"ဟုတ်တယ် လကျ်ာ၊ သူ့မှာ သားသမီးမရှိဘူး၊ မုဆိုးဖိုကြီးတွ၊ ငါ့ကို သားတစ်ယောက်လိုပဲ အားကိုးတယ်"

"အင်း…ဒါဆို ကုမ္ပဏီကိစ္စ တော်တော်များများကို မင်းဆုံးဖြတ်ရမှာပေါ့ မောင်"

"နည်းနည်းပါးပါးတော့ လုပ်ခွင့်ပြုပါတယ်၊ သူဌေးက စည်းကမ်းကြီးတယ် လကျ်ာ၊ ငါကလည်း ပေးတဲ့အခွင့်အရေးတိုင်း မယူပါဘူး"

"အင်း…မင်းစိတ်ဓာတ်ကိုတော့ ငါ ငယ်ငယ်ထဲက သိပါတယ်၊ ဒါနဲ့ မောင် မင်းနဲ့မြယွန်းမို ဘယ်တုန်းက အဆင်ပြေသွားတာလဲ"

မောင့်ထက်စာလျှင် မင်းလကျ်ာက အစစအရာရာ သာသူဖြစ်၏။ ဒါနဲ့တောင် မြယွန်းမိုအချစ်ကို မင်းလကျ်ာမရတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သောက်ရှုက်စရာကောင်းလဲ။

မင်းလက်ျာမေးတော့ မောင် ပြုံးလိုက်၏။

"မကြာသေးဘူးကွ၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ လက်ျာ"

"ဟင်"

ကြည့်စမ်း...သူဟာ မောင့်ထက် တစ်ပတ်ပဲ နောက်ကျသွားတာပါလား။ တကယ်လို့ ထိုတစ်ပတ်သာ မင်းလက်ျာ စောခဲ့လျှင် မြပွန်းမို့အချစ်ကို မောင်ရမှာပေပတ်။

ဘာကြောင့်များ သူနောက်ကျသွားရတာပါလိမ့်ဟု မင်းလက်ျာ တွေးမိ၏။

"မင်း...မို့ကို တကယ်ချစ်တာလား မောင်"

"ဘယ်လိုမေးလိုက်တာလဲ လက်ျာ၊ တကယ်တော့ မို့ကို ငါ ငယ်ငယ်လေးထဲက သံယောဇဉ်ရှိခဲ့တာ မင်းအသိပဲ၊ မထင်မှတ်ဘဲ မို့နဲ့ ပြန်ဆုံရတဲ့အချိန်မှာ ငါ့ရင်ထဲ ဘယ်လောက်တောင် ဝမ်းသာကြည်နူးခဲ့ရတယ်မှတ်သလဲ လက်ျာ"

ပြောရင်းမှ မောင့်မျက်နှာ အနည်းငယ်နီမြန်းလာ၏။ မျက်ဝန်းတွေ တဖျပ်ဖျပ်စိုလက်လာပုံက မို့ကိုချစ်တဲ့ အရိပ်တို့





ပေါ်လွင်စေသည်။

"တကယ်တော့ မင်းအချစ်က ငါ့ထက်ပိုပါ့မလား မောင်၊ ငါလေ မို့ကိုချစ်လွန်းလို့ မို့အတွက် မိဘတွေနဲ့ဝေးတဲ့ နိုင်ငံခြားကို ဆယ်နှစ်ဆယ်မိုး သွားနေခဲ့ရတာပါ"

မောင့်မျက်နှာကိုကြည့်၍ စိတ်ထဲမှ ထိုစကားများ မင်းလက်ျာ ပြောနေမိ၏။

သို့သော်...အပြင်ပန်းမှာတော့...

"အေးကွာ...မင်းတို့အတွက် ငါဝမ်းသာပါတယ်၊ ကဲ မှာထားတာတွေလည်း ရောက်ပြီ၊ သောက်ကွာ"

ပူပူနွေးနွေး စားစရာတွေက အလျှံပယ်။ သူငယ်ချင်းနှစ်ယောက် ဆုံတဲ့ပွဲမှာ ရင်ထဲ ဝေဒနာမျိုးသိပ်ကာ ငယ်စဉ်က အကြောင်းများပြောရင်း အချိန်ကုန်စေ၏။

နှစ်ယောက်သား သောက်တာများလာချိန်မှာတော့...

"ဒီမှာလက်ျာ...မင်းလည်း ဒီလောက်အသက်ရနေပြီ၊ မင်းရင်ထဲမှာ ချစ်တဲ့သူရှိမှာပေါ့၊ ဘယ်သူလဲဆိုတာ ပြောစမ်းပါကွာ"

အိပ်မှုန်နေသော ကျွန်းကို မောင်က လာနှိုးသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းလကျာ ခပ်မဲ့မဲ့ပြုံး၏။

"အဟား…ရှိတာပေါ့ကွာ၊ ငါယိမ်ယိမ်ကတည်းက ချစ်ရတဲ့သူ မင်းလည်း သိလောက်ပါတယ် မောင်ရာ"

"ဘာ…ငါသိတယ် ပြောစမ်း ဘယ်သူ၊ ဟင်"

သတိကောင်းသော မောင်က မင်းလကျာကို ဖျတ်ခနဲ ကြည့်မိ၏။ ထို့နောက် အံ့ဩတုန်လှုပ်စွာဖြင့်…

"မင်း…မင်း မှီကိုချစ်နေခဲ့တာလား လကျာ"

သည်တော့လည်း မင်းလကျာက ရိုးရှင်းစွာ ဝန်ခံ၏။

"အေး…ဟုတ်တယ် မောင်၊ မှီကိုချစ်လွန်းလို့ ဒက်ဒီနဲ့ ငါ အပေးအယူလုပ်ခဲ့ရတယ်၊ ဒက်ဒီက မှီကို သူတို့မွေးစားရင် ငါ နိုင်ငံခြားမှာ ပညာသွားသင်ရမယ်လို့ ကတိတောင်းခဲ့တာလေ"

"ဒါ…ဒါဆို မင်း မင်း နိုင်ငံခြားသွားတာ မှီကြောင့်ပေါ့ ဟုတ်လား လကျာ"

မြယွန်းမှီကို မွေးစားလိုက်တဲ့အချိန်မှာ မင်းလကျာ နိုင်ငံခြားထွက်သွားသည်ကိုပဲ ထိုစဉ် မောင် တစ်မျိုးမြင်ခဲ့သည်။ ယခုတော့ ကြည့်စမ်း…မင်းလကျာဟာ မောင့်ထက်တောင် မြယွန်းမှီအပေါ် ချစ်ပါလား။





"ငါ နှောက်ဆုတ်ပေးရမလား လကျာ"

"ဘာ…ဘာလို့ မင်းက နှောက်ဆုတ်ပေးမယ်၊ ဟုတ်လား မောင်၊ အဟွန်း … မောင်ရာ မင်းနှောက်ဆုတ်ပေးလည်း မှီ့အချစ်က ငါ့ဆီရောက်လာမှာတဲ့လား၊ ဒီမှာ အချစ်ဆိုတာ ရင်ထဲကလာမှ ကောင်းတာကွ၊ မှီရင်ထဲမှာ ချစ်နေတာ မင်းကိုပါ မောင်၊ ဒီတော့ ငါ့ကြောင့် မင်းနှောက်ဆုတ်စရာမလိုပါဘူး မောင်"

မြယွန်းမှီကို ဘယ်လောက်ချစ်တယ်ဆိုပေမယ့် မောင့်ရင်ခွင်ထဲက လုမယူချင်ပါ။ သည်နေရာမှာ မင်းလကျာသူငယ်ချင်းကောင်း ပီသလို၏။

"မင်းကို ငါအားနာတယ် မင်းလကျာ၊ တကယ်တော့ ငါဟာ မှီ့အပေါ် မင်းလောက် အနစ်နာခံခဲ့တာမျိုး မရှိခဲ့ဘူး၊ မှီ့အပေါ် ချစ်တဲ့အချစ်က မင်းက ငါ့ထက်ပိုပါတယ် လကျာ"

"မဟုတ်တာကွာ၊ မင်းလည်း မှီကို သိပ်ချစ်ခဲ့တာ ငါသိပါတယ် မောင်၊ မင်းက ငါ့ထက်ပိုပြီး မှီ့အပေါ် အနစ်နာခံနိုင်ခဲ့တာပါ၊ မင်းရဲ့ အဲဒီစိတ်ဓာတ်တွေ ကြည့်ပြီးမှ ငါ အားကျအတုယူစိတ်တွေ ဝင်လာတာပါ မောင်၊ ဘာပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက်အတွက် ပျော်ဝမ်းသာပါတယ် မောင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ…ကျေးဇူးပါပဲ"

ထိုနေ့ အိမ်ပြန်တော့ မောင့်ကို မင်းလက်ျာ အိမ်ထိ လိုက်ပို့ပေးသည်။ ဦးဖေက မင်းလက်ျာကို မမှတ်မိပေ။

"ဦးဖေ…ဒါ ကျွန်တော့်သူငယ်ချင်း မင်းလက်ျာလေ၊ မိုကို မွေးစားလိုက်တဲ့ အန်ကယ်ဦးမင်းဉာဏ်ရဲ့သား"

"ဟာ…ဦးမင်းဉာဏ် သား၊ ဒါဆို မိုနဲ့ မောင်နှမပေါ့၊ အမယ်လေး…ငါတူကြီးက အရပ်ကြီးမြင့်ပြီး ချောလာလိုက်တာ၊ နိုင်ငံခြားမှာနေလို့လား မသိဘူး၊ နိုင်ငံခြားသားကြီးအတိုင်းပဲ ဟဲ…ဟဲ"

အသက်အနည်းငယ် ကြီးလာသည်မှလွဲ၍ အရင်လို သွက်လက်ပျော်ရွှင်ဆဲဖြစ်သော ဦးဖေကို တွေ့ရတော့ မင်းလက်ျာဝင်ယ်ဘာဝရောက်သွားသလိုလို။

"ဦးဖေကို ဒီလို ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် တွေ့ရတာ ကျွန်တော်ကလည်း ဝမ်းသာပါတယ်"

"ကျန်းမာရေးကတော့ ဂရုစိုက်ရတယ်ဟေ့၊ ဒီကောင်မိန်းမမယူမချင်း ငါမသေနိုင်သေးဘူးလေကွာ"

"ဦးဖေကတော့ လုပ်ပြီ"





မောင်နှင့် မြပွန်းမိုအကြောင်းကို သိနေသော ဦးဖေစကားကြောင့် မင်းလက်ျာ မျက်နှာပျက်ချင်ချင်။ မောင်ကတော့ မင်းလက်ျာတို့ အားနာနေသည်။

✵ ▯ ✵



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ မြယွန်းမို့နှင့်တွေ့တော့ မောင်က ခပ်စူးစူး ကြည့်၏။ သည်လိုတစ်ခါမှ အကြည့်မခံခဲ့ရဘူးသော သူမက မနေတတ်သလိုဖြစ်ကာ မျက်စောင်းလေးထိုး၍ ပြောလိုက်၏။

"ဘာကြည့်တာလဲ မောင်၊ လူကို မမြင်ဘူးတဲ့အတိုင်း ပဲ"

သည်တော့ မောင် ပြုံးလိုက်၏။ ထို့နောက် သူတိုးတိုး သည်။

"ဒီနေ့ သေချာကြည့်မှ မောင့်မို့က သိပ်ကိုလှနေတာပဲ။ ဒါကြောင့် မို့ကို မောင် စိတ်မချဘူး"

"အလို… ဒီနေ့မှ ထူးထူးခြားခြားပါလား မောင်၊ ဘာဖြစ်နေတာလဲ"

"ဟုတ်တယ် မို့၊ မို့ကို မောင် အရင်က စိတ်ချယုံကြည်





ထားခဲ့တယ်"

"ကြည့်စမ်း…မောင့်စကားက ဘာလဲ၊ ခုတော့ မို့က မောင့်ကို ဖောက်ပြန်နေလို့လားဟင်"

မျက်နှာလေး နီလျက် ဒေါသလေးဖြင့် သူမ မေးသည်။ သည်တော့ မောင် ချက်ချင်း ခေါင်းခါယမ်း၏။

"ဟာ…မို့ကို မောင် အဲဒီလိုပြောတာ မဟုတ်ဘူး၊ မို့ သစ္စာရှိတာ မောင်သိပါတယ်၊ မောင်စိတ်မချတာက တခြားလူတွေ ကို"

"ဘယ်သူတွေလဲ မောင်၊ မို့မှာ မောင်ကလွဲလို့ ဘယ် ယောကျ်ားမှ မရှိဘူး"

ဖြူစင်ကြည်လင်လှပသော သူမမျက်နှာလေးမှာ တကယ် ပဲ အပြစ်ကင်းစင်ပါ၏။ သို့သော် သူမကို ဘယ်သူစိတ်ဝင်စား တယ်သိသော မောင်က သက်ပြင်းချသည်။

"ရှိတာပေါ့ မို့ရယ်၊ မို့လို လှပချောမောတဲ့ မိန်းကလေး တစ်ယောက်ကို ယောကျ်ားတိုင်း စိတ်ဝင်စားနိုင်တာပဲ"

"အို…ဘယ်သူတွေ စိတ်ဝင်စားပါစေ မို့က ဘယ်သူ့ မှ စိတ်မဝင်စားဘူး မောင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြောကြောင့် မောင့်ရင်ထဲ ကြည်နူးချမ်းမြေ့သွား၏။ ဖြူနုသော သူမလက်လေးတွေကို ဖွဖွဆုပ်ကိုင်လိုက်သည်။

"တကယ်လား မှီရယ်၊ မှီဆီက ဒီလိုစကားကြားရတာ မောင်သိပ်ဝမ်းသာတာပဲ၊ မောင့်မှာ ညက တစ်ညလုံး အိပ်မပျော်ဘူး မှီ"

"ဟင်…ဘာကြောင့်လဲ မောင်၊ မောင် ဘယ်သူနဲ့တွေ့လို့လဲ"

မောင့်မျက်နှာကို စူးစမ်းသလိုကြည့်လျက် သူမ မေးလိုက်၏။ မောင် သက်ပြင်းချကာ…

"မနေ့က မောင် မင်းလကျာ်နဲ့ တွေ့ခဲ့တယ် မှီ"

"ဟင်"

မင်းလကျာ်နှင့် တွေ့ခဲ့တယ်ဆိုတာကြောင့် အခြေအနေတစ်ခုကို ရိပ်စားမိကာ သူမမျက်နှာလေး ဖျက်ချင်သွားရသည်။

"မောင့်…မောင့်ကို သူ သူ ဘာပြောလဲဟင်"

"မစိုးရိမ်ပါနဲ့ မှီ၊ မောင်နဲ့ မှီတို့အကြောင်း သူသိသွားလို့ ဝမ်းသာတဲ့စကားပြောတာပါ"

"အို…သူက"





"ဟုတ်တယ် မှီ၊ မင်းလကျာ်ဟာ မောင်တို့အတွက် သူငယ်ချင်းကောင်းတစ်ယောက်ပါ မှီ"

မောင်ပြောသမျှ နားထောင်ရင်း သူမ သက်ပြင်းလေး ကြိတ်ချ၏။ တော်သေးတာပေါ့။ မင်းလကျာ်က သူမကို ချစ်နေတယ်ဆိုတာ မောင်မသိလို့ဟု တွေးမိစဉ်…

"ဒါပေမယ့် မှီလို လှပတဲ့မိန်းကလေးတစ်ယောက်နဲ့ ဆိုတော့ မင်းလကျာ်လည်း ခံစားရမှာပဲလေ"

"မောင် ဘာကိုဆိုလိုတာလဲဟင်"

မောင်နှင့်မှီတို့ မျက်ဝန်းခြင်းဆုံ၏။

"မင်းလကျာ်က မှီကို စိတ်ဝင်စားနေတာ မောင်သိပါတယ် မှီ"

"အို"

ကြည့်စမ်း…ဒီကိစ္စ မောင်သိနေပါလားဟု မှီ တွေး၍ စိတ်မသက်မသာ ဖြစ်ရပြန်၏။

"တကယ်တော့ မှီ့အပေါ်မှာ လကျာ်က မောင့်ထက် ပိုအနစ်နာခံနိုင်သူပါ"

"ဘာတွေပြောနေတာလဲ မောင်၊ မင်းလကျာ်ဟာ မှီရဲ့ ကျေးဇူးရှင်တစ်ယောက်ဆိုတာ သိပါတယ်၊ ဒါပေမယ့် မှီနှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မောင်ရှိနေပြီးသားလေ"

ဘဝတစ်သက်မှာ မောင်တစ်ယောက်ကိုသာ သူမချစ်ခဲ့ရတာ မဟုတ်လား။ မောင်သာ မရှိလျှင်တော့ သူမအနေဖြင့် မင်းလက်ျာကို တစ်မျိုးစဉ်းစားကောင်း စဉ်းစားမည်။

"ဒီစကားအတွက် မှီကို မောင် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မှီ့ဘဝအတွက် စဉ်းစားရင် မောင်ဟာ မင်းလက်ျာကို ဘယ်လိုမှ မှီနိုင်မှာမဟုတ်ဘူး"

"တော်ပါ မောင်၊ မှီ ဂုဏ်ပကာသနတွေကို မမက်ပါဘူး၊ မှီချစ်တာ မောင့်ကိုပါ"

"မှီရယ်"

ရင်ထဲမှလာသော ကြည်နူးစိတ်ဖြင့် သူမကိုယ်လေးကို မောင် ပွေ့ဖက်လိုက်၏။ ထို့နောက် ဆံနွယ်လေးကို ဖွဖွရှိုက်နမ်းသည်။

"ဘာတစ်ခုမှ မပိုင်တဲ့ မောင့်ကို ချစ်ရတဲ့အတွက် မှီမှာ သိပ်များနစ်နာနေမလားကွယ်"

"ဒါတော့ မောင် အတွေးလွန်ပြီ၊ မောင့်မှာ ပိုင်ဆိုင်တာ ရှိပါတယ်ကွယ်"

သူ့ရင်ခွင်ထဲမှ မျက်နှာလေးမော့ကာ သူမပြောသည်။





သူ့ မျက်မှောင်တွန့်လျက်...

"ဘာလဲ မှီ၊ ကိုယ့်မှာတော့ ဂုဏ်ပကာသန ဘာမှမရှိဘူး ထင်တာပဲ"

"အဟင်း...အဲဒီဂုဏ်ပကာသနထက် ပိုတန်ဖိုးရှိတာက ဟောဒီက မှီ့အပေါ်ချစ်တတ်တဲ့ မောင့်ရဲ့ ဖြူစင်တဲ့နှလုံးသားလေ"

မောင့်ရင်ဘတ်ကို လက်ညှိုးလေးနှင့် ထိုးကာ သူမပြုံး၍ ပြောလိုက်၏။ မောင်ပြုံးကာ သူမလက်ညှိုးလေးကို ဆုပ်ကိုင်သည်။

"နောက်တော့မှ အဲဒီနှလုံးသားကို မှီ အပြစ်မတင်ရဘူးနော်"

"ဟင့်အင်း...ဘယ်တော့မှ အပြစ်မတင်ဘူး၊ မောင်ကသာ မှီကို အမြဲချစ်နေရမယ်"

"စိတ်ချပါဗျာ၊ ဒီတောင်တစ်သက် မှီကလွဲပြီး ဘယ်သူ့မှ မချစ်ပါဘူး"

သူမကိုယ်လေးကို ရင်ခွင်မှာ တင်းတင်းပွေ့ဖက်ရင်း မောင်ပြော၏။ ထို့နောက် ပါးပြင်မို့မို့လေးကို ရှိုက်နမ်းလိုက်သည်။

"သိပ်ချစ်တာပဲ မှီရယ်၊ မောင်တို့ နှစ်တွေအများကြီး ကြွက်ခဲ့ရတာ ခုလိုပြန်တွေ့ချိန်မှာ ထပ်ပြီး မခွဲချင်တော့ဘူး၊ အတူနေကြပါစို့လား မှီ"



www.burmeseclassic.com

www.burmeseclassic.com



"အို…မောင်ကလည်း မပြန်လွန်းဘူးလားဟင်"

"မပြန်ဘူး မို၊ ပြီးတော့ မိုကို မောင် စိတ်မချဘူး မင်းလက်ျာက မိုကို စိတ်ဝင်စားနေတာဆိုတော့ တစ်အိမ်တည်း အတူနေရတာ ကြာရင်"

"တော်ပါတော့ မောင်ရယ်၊ မိုလည်း အဲဒီအတွက် စဉ်းစားပါတယ်၊ သူလည်း အနေမခက်ရအောင် မို အခေါင်သွား နေမလားလို့ မောင်"

သူမဘက်က ဘာမှပြန်မပေးနိုင်တော့တာမို့ တစ်အိမ်တည်း [illegible] နေရတဲ့ မင်းလက်ျာကို အားနာမိ၏။ ထို့ကြောင့် အခေါင်ပြောင်း[illegible] ဖို့ သူမ ကြိုးစားခြင်းပင်။

"ဘာ…မိုက တစ်ယောက်တည်း အခေါင်သွားနေမ[illegible] ဟုတ်လား မို၊ မရဘူး မို၊ မောင် လုံးဝခွင့်မပြုနိုင်ဘူး၊ အခေါင်[illegible] မယ့်အစား မောင်နဲ့မို လက်ထပ်လိုက်တာ အကောင်းဆုံးပဲ"

"အို…လက်ထပ်ဖို့ဆိုတာက"

မိန်းကလေးပီပီ တစ်အိုးတစ်အိမ် ထူထောင်လျှင် လို[illegible] တာတွေ များမည်မဟုတ်လား။ ဒါကို မောင်လည်းသိပါ၏။

"မို ဘာစိတ်ပူနေတယ်ဆိုတာ မောင်သိပါတယ်၊ အဲ[illegible] အတွက် ဘာမှမပူပါနဲ့ မို၊ မောင့်မှာ မိုနဲ့ မတွေ့ခင်ကတည်း[illegible]





စုဆောင်းထားတာတွေ ရှိပါတယ်"

"ကြည့်ရမ်း…မိန်းမယူဖို့ စုဆောင်းထားတာပေါ့လေ"

မျက်စောင်းလေးထိုးကာ မောင်မေးတော့ မောင် ပခုံးတွန့်၏။

"အဟွန်း…ဟုတ်တယ်လေ၊ မောင်က လူပျိုပဲ၊ တစ်နေ့ လက်ထပ်ရမှာမဟုတ်လား"

"ဪ…မိုကိုမတွေ့ရင်လည်း မောင်က လက်ထပ်မှာ ပဲ မဟုတ်လား"

"ဟော့…အဲဒီလိုမပြောနဲ့ဗျ၊ တစ်နေ့ မိုနဲ့ ပြန်တွေ့မယ်ဆို တာ မောင်က ယုံကြည်တယ်၊ ဒါကြောင့် လက်ထပ်ဖို့ ကြိုတင် စုဆောင်းထားတာ"

"ဟင်…အပြောကောင်းတယ်နော်"

ချစ်သူက သူမအတွက် ရည်စူးတယ်ဟု သိရတော့ မိန်းကလေးပီသစွာ ကျေနပ်ကြည်နူးရပါ၏။ ထို့ကြောင့် မောင့်ရင်ခွင် မှာ ခေါင်းလေးတိုးဝင်မိလေသည်။

✵ ။ ✵



www.burmeseclassic.com

www.burmeseclassic.com

"ဒက်ဒီ…ကျွန်မကိုခေါ်တယ်ဆိုလို့"

ဦးမင်းညာဏ်ရှေ့တွင် အသာရပ်လိုက်ရင်း မြယွန်းမို ပြောသည်။ ဦးမင်းညာဏ်က ဆုံလည်ထိုင်ခုံပေါ်မှ တည်ကြည်သော မျက်နှာဖြင့် ခေါင်းညိတ်၏။

"အင်း…ဟုတ်တယ်၊ မင်းကို ပြောစရာရှိလို့ပဲ မြယွန်းမို ထိုင်"

"ဟုတ်ကဲ့"

ဦးမင်းညာဏ်၏ စားပွဲရှေ့ ထိုင်ခုံတွင် သူမ ဝင်ထိုင်လိုက်သည်။ မျက်လွှာကို အသာချထား၏။

"တစ်နေ့က ငါတို့သားအဖ ပြောတဲ့စကားကို မင်းလည်း ကြားမှာပေါ့ မြယွန်းမို"

"ရှင်"





"အေး…ငါ့သား မင်းလကျ်ာက စိတ်ဖျော့တယ်၊ သူ ဘယ်လိုမိန်းကလေးကို စိတ်ဝင်စားနေတယ်ဆိုတာလည်း ငါရိပ်မိ တယ်"

ထိုစကားကြောင့် သူမ ဖျတ်ခနဲ ဦးမင်းညာဏ်ကို ကြည့်မိ၏။ ဦးမင်းညာဏ် မျက်လုံးတွေက သူမအပေါ် စိုက်ရောက်နေ သည်။

"မင်းလကျ်ာ စိတ်ဝင်စားနေတာ ဘယ်သူလဲဆိုတာ မင်းသိမှာပါ မြယွန်းမို"

"ကျွန်မ"

"မင်းကို ငါ့သားက စိတ်ဝင်စားနေတာပဲ"

"အို"

အင်မတန် လူကဲခတ်ပါးနပ်သော ဦးမင်းညာဏ်ပါလား။ သူမ ချက်ချင်းဖြေရှင်းဖို့ ကြိုးစားပေမယ့်…

"မင်းကိုခေါ်တာ အဲဒီအတွက်ပဲ မြယွန်းမို၊ မင်းတို့ ခွေးစားတတည်းက ငါ့သားနဲ့ဝေးအောင် တမင် နိုင်ငံခြားပို့လိုက်တာပဲ၊ သူကလည်း သူ့ကတိနဲ့သူ သွားရတယ်လေ"

"ရှင်…ကတိ ဟုတ်လား ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းညဏ်နှင့် မင်းလက်ျာကြားမှာ ဘာကတိတွေ ပေးခဲ့တာပါလိမ့်ဟု သူမစိတ်ဝင်စားသွား၏။

"အေး...ဟုတ်တယ်၊ မင်းကို မွေးစားရင် သူ နိုင်ငံခြားကို ထွက်သွားပါ့မယ်လို့ ကတိပေးခဲ့တယ် မြယွန်းမှီ"

"အို...ကိုမင်း...ကိုမင်းက ဒီကတိနဲ့ နိုင်ငံခြားထွက်သွားခဲ့ရတာပေါ့နော်"

သူမ အံ့ဩတုန်လှုပ်စွာမေးရင်း မင်းလက်ျာ၏ အနစ်နာခံလိုသောစိတ်ကို နင့်နေအောင် ခံစားမိရသည်။

"အေး...ဟုတ်တယ်၊ အဲဒီကတိကို ငါ ဘာကြောင့်တောင်းခဲ့တယ်ဆိုတာ မင်းရိပ်မိမှာပါ၊ မင်းနဲ့ ငါ့သားကို မနီးစပ်စေချင်လို့ပဲ မြယွန်းမှီ၊ မင်းကို ငါ သမီးတစ်ယောက် တော်နိုင်ပေမယ့် ချွေးမတစ်ယောက်အဖြစ်တော့ လက်မခံနိုင်ဘူး မြယွန်းမှီ"

"အို...ဒက်ဒီရယ်"

အစကတည်းက ဦးမင်းညဏ်၏ စိတ်ဓာတ်ကို သူမ ရိပ်မိပေမယ့် ခုလိုပြောတော့ ရင်မှာခံစားရပါသည်။

"ဒီလိုပြောတဲ့အတွက် မင်း ငါ့ကို စိတ်ဆိုးနိုင်ပါတယ် မြယွန်းမှီ"





"အို...ဟင့်အင်း ကျွန်...ကျွန်မ ဒက်ဒီကို စိတ်မဆိုးပါဘူး ဒက်ဒီ၊ တကယ်တော့ ဒက်ဒီပြောတာ မှန်ပါတယ်၊ ကျွန်မဟာ ဘဝမှာ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်ပါ၊ ကိုမင်းလို လူတစ်ယောက်နဲ့ မတန်ပါဘူး ဒက်ဒီ၊ ပြီးတော့ ကိုမင်းအပေါ် ကျွန်မ အစ်ကိုတစ်ယောက်ထက်ပိုတဲ့ ခေတနာမျိုး မရှိပါဘူး၊ ဒါကြောင့် ဒက်ဒီ စိတ်ချနေပါ"

သူမစကားကြောင့် ဦးမင်းညဏ်မျက်နှာ ပြုံးသွား၏။ မြယွန်းမှီ တော်တာ၊ လိမ္မာတာ သိပေမယ့် ချွေးမတော်ဖို့အထိ ဦးမင်းညဏ် စိတ်မကူး။ ဦးမင်းညဏ်ရဲ့ ချွေးမဟာ သူဌေးကြီးရဲ့ တစ်ဦးတည်းသောသမီး ဖြစ်သင့်သည်မဟုတ်လား။

"မင်းဟာ လိမ္မာပါးနပ်ပါတယ် မြယွန်းမှီ၊ တကယ်တော့ မင်းရဲ့ လုပ်ကိုင်မှုတွေကိုလည်း ချီးကျူးပါတယ်၊ တစ်နေ့ မင်းလည်း လူကောင်းသူကောင်းနဲ့ တွေ့မှာပါကွယ်"

"ကျေးဇူးတင်ပါတယ် ဒက်ဒီ၊ မီကို ခွင့်ပြုပါဦး"

"အေး...ကောင်းပြီ"

မြယွန်းမှီ နေရာမှ ထွက်ခဲ့၏။ အခန်းထဲရောက်တော့ သူမဘဝကိုတွေးကာ ဝမ်းနည်းသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ်...

မောင်ပြောသလိုပါပဲ။ မောင်နဲ့ မှီဟာ ဘဝတူပါကွယ်။ ဒါကြောင့် မှီလေ မောင့်ဆီပဲလာပါ့မယ်။

ထိုတစ်ညလုံး သူမ ဆုံးဖြတ်ချက်ချလိုက်သည်။ မနက်ဖြန် မောင်နဲ့တွေ့ကာ အကြောင်းစုံပြော၍ တိုင်ပင်ကြမည်လေ။

အိပ်မပျော်၍ ခြံထဲသို့ သူမ ဆင်းထိုင်မိသည်။ ဖျော့တော့သော လရောင်အောက်မှာ အုန်းပင်မှ အုန်းလက်တွေက ယိမ်းနွဲ့လို့ ကြည့်ရင်း မောင့်ကို သတိရလာ၏။

ထိုစဉ်...

"မှီ"

"သြော်...ကိုမင်း"

မမျှော်လင့်ဘဲ မင်းလကျ်ာ ရောက်လာတာကြောင့် သူမ အတွေးလွန်နေရာမှ သတိဝင်လာသည်။

"ဘာတွေတွေးနေတာလဲ မှီ၊ သေချာတာကတော့ မှီ အတွေးထဲမှာ ကိုယ်ပါမယ်မထင်ဘူး"

"အဟင်း...ကိုမင်းကလဲနော် ခုပဲ ကိုမင်းအကြောင်း တွေးနေတာ"





"ဘာတွေများလဲဗျာ"

သူ့အကြောင်းများ တွေးနေတာကြောင့် မင်းလကျ်ာ စိတ်ဝင်စားသွားသည်။

"သြော်...ကိုမင်းလည်း မှီ့အတွက်နဲ့များ အနစ်နာခံပြီး နိုင်ငံခြားကို ဆယ်နှစ်ဆယ်မိုး ထွက်သွားရတယ်နော်"

"ကြည့်...မှီက ဒါပဲတွေးနေတာကိုး၊ ကိုယ်ထွက်သွားတာ မှီ့အတွက်တစ်ခုတည်းနဲ့ မဟုတ်ပါဘူး၊ ကိုယ့်အတွက်လည်း ပါပါတယ်၊ ကိုယ့်ပညာရေးကြောင့် ထွက်သွားတာလည်း ပါပါတယ် မှီ"

လရောင်အောက်မှာ ကိုမင်းမျက်နှာအား သူမ အသာငဲ့စောင်းကြည့်မိ၏။ ချောမောသော ကိုမင်း၏ မျက်နှာက စိတ်စေတနာကောင်းကြောင့် လင်းလက်နေသလိုပါပဲ။

"ကျေးဇူးတင်ပါတယ် ကိုမင်းရယ်"

"ကြည့်စမ်း...လာပြန်ပြီ ဒီစကား"

"မှီလေ...ကိုမင်းအတွက် ဘာမှမပေးဆပ်နိုင်ခဲ့ဘူးနော်"

"ဒက်ဒီအလုပ်တွေကို မှီ ကူလုပ်ပေးတာ ကျေးဇူးဆပ်တာပဲပေါ့မှီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...အဲဒါ မိုကို ကျွေးမွေးခဲ့တဲ့ ဒက်ဒီတို့အတွက် ပဲ ကိုမင်း၊ ကိုမင်းအပေါ် မို ဘာမှ သီးသန့်မလုပ်ရသေးပါဘူး"

သို့သော် မင်းလကျ်ာ တောင်းဆိုတာကိုတော့ သူမ ဘယ်လိုမှ မပေးနိုင်ခဲ့တာလည်း အပြစ်တစ်ခုပမာပါပဲ။

"ဒါတွေ ပြောမနေပါနဲ့ မို၊ ကိုယ်လိုချင်တာ မို မပေးနိုင်ပေမယ့် ကိုယ် အပြစ်မဆိုပါဘူး၊ ဒါနဲ့ စောစောက ဒက်ဒီ့အခန်းက မိုထွက်လာတာတွေ့တယ်၊ မိုကိုခေါ်ပြီး ဒက်ဒီ ဘာတွေပြောတာလဲ ဟင်"

သူမကိုကြည့်ကာ မင်းလကျ်ာ မေးလာ၏။ သူမ မျက်နှာလေးပျက်သွားပေမယ့် ချက်ချင်းပြင်သည်။

"ဟင့်အင်း...ဒက်ဒီက မိုကို အလုပ်ကိစ္စအကြောင်း ခေါ်ပြောတာပါ ကိုမင်း"

"မညာပါနဲ့ မို၊ မို မျက်နှာမကောင်းတာ ကိုယ်သိပါတယ်၊ ဘာလဲ ကိုယ့်အကြောင်း ဒက်ဒီပြောတာ မဟုတ်လား မို"

"အို"

ကြည့်စမ်း လိုက်လည်းလိုက်တဲ့ သားအဖ။ သူတို့ချင်း





တော့ သိနေလိုက်တာပါလား။

မညာတတ်သော သူမမှာ ကြာကြာဟန်မဆောင်နိုင်ပါ။

"ကိုယ်နဲ့ပတ်သက်ပြီး ဒက်ဒီက မိုကို ဘာပြောပြော စိတ်မဆိုးပါနဲ့၊ မိုမေတ္တာကို မရပေမယ့် ခုလို မိုနဲ့တစ်အိမ်တည်း အတူနေရတာကိုပဲ ဝမ်းသာကျေနပ်ပါပြီ၊ ဒါကြောင့် မို ဘယ်ကိုမှ ထွက်မသွားပါနဲ့ကွယ်"

"အို...ကိုမင်းရယ်"

သူမအကြံတွေကိုများ ကိုမင်း ကြိုသိနေသလားဟု တွေးမိရပါ၏။

"မိုကို...ထောင့်ငါးရာမေတ္တာနဲ့မှ မဟုတ်ပါဘူး၊ ညီမလေးတစ်ယောက်လိုလည်း ကိုယ်ချစ်နိုင်ပါတယ် မို"

"ကျေးဇူးတင်ပါတယ် ကိုမင်းရယ်"

သည်လောက်ပဲ သူမ ပြောနိုင်ပါ၏။ ရင်ထဲမှာတော့ တစ်နေ့ အခွင့်ကြုံလာလျှင် မင်းလကျ်ာအား ကျေးဇူးဆပ်နိုင်ဖို့ ဆုံးဖြတ်ထားလိုက်၏။

✵ ▯ ✵



www.burmeseclassic.com

www.burmeseclassic.com

“ဒီလိုဆိုရင် မို့အနေနဲ့ သူတို့အိမ်မှာဆက်နေဖို့ မသင့်တော်တော့ဘူးလို့ ကိုယ်ထင်တယ်”

မောင်နှင့်တွေ့ကြတော့ သူမက ဦးမင်းညာဏ်တို့အကြောင်း ပြောပြ၏။ သူမ သက်ပြင်းလေးချကာ ခေါင်းညိတ်သည်။

“ဟုတ်တယ် မောင်၊ ဒါကြောင့် မို့လည်း စဉ်းစားထားတယ်၊ အဆောင်မှာသွားနေဖို့”

“ဘာကြောင့် အဆောင်သွားနေရမှာလဲ မို့၊ မောင့်ဆီလာနေ”

“ဟင်”

“ဟုတ်တယ် မို့၊ မောင်နဲ့မို့ လက်ထပ်ကြစို့”

သူမလက်လေးကို ဆုပ်ကိုင်၍ မောင်ပြော၏။ မောင့်မျက်လုံးတွေက လေးနက်လွန်းလှသည်။





“တကယ်ပြောတာလား မောင်”

“တကယ်ပြောတာပေါ့ မို့၊ မောင်တို့မှာ ဘာကိုစောင့်နေစရာလိုလဲ၊ မောင့်မှာ နေဖို့အိမ်လည်းရှိတယ်၊ စားဖို့လည်း မပူရဘူး”

သူမက အတန်ကြာ ငြိမ်သက်စွာ စဉ်းစားနေပြီးမှ ခေါင်းညိတ်လိုက်၏။

“ကောင်းပြီလေ၊ မောင်ပြောသလို မို့တို့ လက်ထပ်ကြတာပေါ့”

“ဟာ…မို့ တကယ် တကယ်နော်”

မောင်က သူမပခုံးလေးကို ဖျတ်ခနဲ ဆုပ်ကိုင်ကာ ဝမ်းသာအားရ မေးလေ၏။ သူမပြုံး၍ ခေါင်းညိတ်လိုက်သည်။

“တကယ်ပေါ့ မောင်၊ မို့လည်း မောင်နဲ့ မခွဲနိုင်ပါဘူး”

“မို့ရယ်…မောင်ဝမ်းသာလိုက်တာကွယ်”

သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲဖက်၍ မောင် ကြည်နူးစွာပြော၏။

သူမလည်း မောင့်ရင်ခွင်ထဲမှာ ပြုံးလိုက်သည်။ ထို့နောက် မောင့်ကို ချစ်မြတ်နိုးစွာ မော့ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုလည်း ဝမ်းသာပါတယ် မောင်၊ မောင်နဲ့အတူ နေခွင့်ရမှာမို့လေ"

"မိုရယ်"

မြတ်နိုးစွာ နမ်းရှိုက်လာသော သူ့အနမ်းများက လှိုက်လှဲညင်သာလေ၏။ ငယ်စဉ်က သံယောဇဉ်များကြောင့် ယခုချိန်မှာ ပို၍ခိုင်မာကာ တစ်သက်တာမခွဲရတော့မည်လေ။

"မောင်တော့...မောင်နဲ့မို လက်ထပ်ပွဲကို နှစ်ယောက်တည်း ကျင်းပချင်တယ်"

"မောင့်သဘောပါ၊ မိုကလည်း အခမ်းအနားကို မမက်ပါဘူးကွယ်"

စိတ်တူကိုယ်တူ ချစ်သူနှစ်ဦးမို့ အထူးကြည်နူးရလေ၏။ အထူးသဖြင့် မိန်းမသားဖြစ်သော သူမက ဂုဏ်ပကာသန မမက်တာကိုပဲ ကျေးဇူးတင်ရမည့်အဖြစ်။

"မောင်တို့လက်ထပ်ပွဲကို ပင်လယ်ကမ်းစပ်ဘေးမှာ တိတ်တဆိတ် ကျင်းပမယ်၊ မောင်တို့ရဲ့ အချစ်တွေကို အေးချမ်းတဲ့ ပင်လယ်ပြာကြီး သက်သေပြုမယ် မို"

"သိပ်ကောင်းတာပေါ့ မောင်၊ မောင်က ဘယ်ကမ်းခြေ





သွားချင်တာလဲဟင်"

"ငပလီ"

"အို...သိပ်ကိုသာယာလှပတဲ့ နေရာပေါ့ မောင်ရယ်"

မိုးကောင်းကင်ပြာပြာအောက်မှာ လှိုင်းလုံးကြီးတွေ ဖွေးဖွေးရိုက်ခတ်လျက် ကျယ်ပြန့်သော ပင်လယ်ပြင်ကြီးကို သူမမျက်စိထဲမြင်ယောင်ကာ အေးချမ်းသွားသလိုပါပဲ။

မောင်က သူမကို ရင်ခွင်ထဲထားကာ အစီအစဉ်တွေပြောပြနေ၏။ သူမက မျက်ဝန်းလေးတွေ မေးမှိတ်ကာ နားထောင်လျက်။ စိတ်ကူးထဲမှာတင် ပျော်ရွှင်ကြည်နူးစရာ ကောင်းလှပါလား။

ယခုတော့ မောင်ပြောသည့်အတိုင်း သူမတစ်ယောက် ငပလီကမ်းခြေမှာ သတို့သမီးဝတ်စုံနှင့် ရောက်နေပြီ။ သို့သော် သူမကစောင့်နေပေမယ့် မောင် ရောက်မလာခဲ့ပေ။

မောင်...မောင် ဘာကြောင့် ရောက်မလာတာလဲ။ ရောက်စေက်ပါပေ့ မောင်ရယ်။ တွေးရင်း သူမ မျက်ရည်တို့ လိမ့်ဆင်းလာ၏။

အချိန်တွေသာ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။ နေလုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးက အနောက်ဖက်ဝင်လေပြီ။

သူမကမ်းခြေဖျားတွင် ဒူးထောက်ထိုင်ချလိုက်လေ၏။ သည်လိုပဲ သူမဘဝဟာလည်း မောင်၏ရက်စက်မှုကြောင့် နေဝင်သွားပြီလား။

"မို"

"ဟင်…ကိုမင်း"

ရုတ်တရက် မမျှော်လင့်ဘဲ မင်းလကျ်ာကို တွေ့လိုက်ရတော့ သူမ အံ့ဩသွား၏။ မင်းလကျ်ာက အဖြူရောင်သတို့သမီးဝတ်စုံနှင့် သူမကို စိတ်မကောင်းစွာကြည့်သည်။

"ကို…ကိုမင်း၊ ဒီ…ဒီကို ဘယ်လိုလုပ်"

သည်နေရာဟာ မောင်နဲ့သူမတို့ နှစ်ယောက်သာသိသောလျှို့ဝှက်ချက်လေ။ ဘာကြောင့် ဒီလျှို့ဝှက်ချက်ကို မင်းလကျ်ာ သိသွားတာလဲ။

"မိုရဲ့ ဒိုင်ယာရီလေး ကျန်ခဲ့တယ်လေ"

"အို"

"ဟုတ်တယ် မို၊ မနေ့က မိုပျောက်သွားလို့ ကိုယ်စိတ်ပူပြီး မိုအခန်းထဲမှာရှာတော့ အဲဒီမှတ်တမ်းလေးကို တွေ့ရတာ





ပဲ၊ ဒါကြောင့် ဒီနေ့ မိုဆီ ကိုယ်လိုက်လာတာပဲ၊ မောင့်ကို စောင့်မနေပါနဲ့တော့ မို"

"ဟင်"

မင်းလကျ်ာ နှုတ်ဖျားမှ စကားကြောင့် သူမမျက်နှာပျက်သွား၏။

"ကိုယ် စိတ်မကောင်းပါဘူး မို"

"ဘာ…ဘာအတွက်လဲ ကိုမင်း"

မင်းလကျ်ာမျက်နှာက မကောင်း။ တစ်စုံတစ်ရာအတွက် စိတ်ထိခိုက်နေသလိုလို။

"မောင်တစ်ယောက် မိုဆီလာနိုင်တော့မှာ မဟုတ်ဘူး"

"ရှင်…ကို…ကိုမင်း ဘာပြောလိုက်တာလဲဟင်"

မောင်နဲ့ပတ်သက်ပြီး မင်းလကျ်ာ တစ်ခုခု သိနေပြီလားဟု သူမတွေးလိုက်မိ၏။ မင်းလကျ်ာ သက်ပြင်းချသည်။

"ကိုယ် ဘယ်လိုပြောရမလဲ မိုရယ်၊ ဒီနေ့ပဲ မောင်တစ်ယောက် ကားအက်စီးဒင့်"

"အို"

မင်းလကျ်ာစကားမှ မခုံးသေးပေ မြယွန်းမှိုမျက်နှာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံး သွေးမရှိတော့သလို ဖြူဖျော့သွားလျက် ကိုယ်လေး ယိမ်းခနဲ ယိုင်သွား၏။

"မို သတိထားလေ"

အချိန်မီသတိပေးရင်း မင်းလက်ျာက သူမကိုယ်လေးကို ထိန်းပွေ့လိုက်သည်။

"မောင်...မောင်က"

တုန်လှုပ်ခြင်းဖြင့် မင်းလက်ျာမျက်နှာကိုကြည့်ကာ သူမ မေး၏။ မင်းလက်ျာ အံ့ကြိတ်လိုက်သည်။ အမှန်တရားကို သူမ သိဖို့ ပြောရမည်လေ။

"ဟုတ်တယ် မို၊ မောင်...မောင် ဒီလောကမှာ မရှိတော့ဘူး"

"ရှင်"

သူမ ထိတစ်ချက်သာ အော်နိုင်လျက် နေရာမှာ လဲကျသွားသည်။ သို့သော် မင်းလက်ျာ ရင်ခွင်ထဲမှာလေ။

"မို...မို သတိထားပါကွယ်၊ ဒီမှာ မိုတစ်ယောက်တည်း စောင့်နေမှာစိုးလို့ နောက်ဆုံးလေယာဉ်နဲ့ ကိုယ်လိုက်လာတာပဲ"

"ဟင့်အင်း...ဟင့်အင်း မို...မို မယုံဘူး၊ မောင် မောင်





မို့ဆီကို တမင်မလာချင်လို့၊ အဟင့်...ဟင့်"

ပြောရင်း သူမ ဝမ်းနည်းစွာ ငိုရှိုက်လိုက်သည်။ မင်းလက်ျာ စိတ်မကောင်းဖြစ်လျက် သူမကိုယ်လေးကို ရင်ခွင်ထဲ တင်းတင်းပွေ့ထားမိ၏။

"မောင်မရှိတော့ဘူးဆိုတာ အမှန်တရားပါ မို၊ ဒါကို မို လက်ခံပေးနိုင်ရမယ်၊ တကယ်တော့ ကိုယ်လည်း မောင့်အတွက် စိတ်မကောင်းပါဘူး"

သို့သော် သူမစိတ်တွေက မင်းလက်ျာစကားတွေကို မကြား။ မောင့်ဆီ ပျံဝဲနေ၏။

မောင်ရယ်...

တကယ်ပဲ ကျွန်မကို ထားခဲ့ပြီလားကွယ်။

❋ ▯ ❋



www.burmeseclassic.com

www.burmeseclassic.com

## တစ်နှစ်ခန့်ကြာသောအခါ



အပြင်ဘက်မှာ မြူနှင်းတို့ ခပ်စဲစဲကျရောက်နေ၏။ ပြတင်းပေါက်မှတစ်ဆင့် တဖွဲဖွဲကျနေသည့် ဖြူလွလွနှင်းမှုန်စက်လေးများကိုကြည့်ရင်း ဘာလိုလိုနဲ့ တစ်နှစ်ဆိုသော အချိန်တစ်ခုထနှင့် ကုန်သွားတာပါလားဟု သူမ တွေးမိလိုက်သည်။

မောင်း...

ယခုဆို မောင်တစ်ယောက် သူမနှင့် ခွဲခွာသွားတာ တစ်နှစ်ရှိပါကောလားကွယ်။ မောင်သည်လည်း ဒီအေးမြသော နှင်းမှုန်တို့လိုပဲ ကောင်းမွန်အေးချမ်းသည့် ဘဝကို ရောက်နေမှာပါလေ။

မောင်ရယ်...မောင်ကတော့ အေးချမ်းတဲ့ကမ္ဘာ ရောက်နေပေမယ့် မိုမှာ နွေကန္တာရထဲ အထီးကျန်ကမ္ဘာမှာ တစ်ယောက်တည်းပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်…

"မှီ"

နောက်မှ သူမနာမည်ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ မင်းလကျ်ာကို တွေ့ရ၏။

"ကိုမင်း"

မင်းလကျ်ာက လှပသော သူမမျက်နှာလေးကို အပြုံးဖြင့်ကြည့်၍ အနားသို့လျှောက်လာသည်။

"တစ်ယောက်တည်း ဘာတွေများတွေးနေတာလဲ မှီ"

"ဩော်…ဘာလိုလိုနဲ့ ဆောင်းတစ်ခါ ပြန်ရောက်လာတာကို ဟိုမှာကျနေတဲ့ မြူနှင်းလေးတွေကြည့်ပြီး တွေးမိတာပါ ကိုမင်း"

သူမစကားကြောင့် သူက အပြင်ဘက်သို့ လှမ်းကြည့်၏။ နှင်းမှိုးစက်လေးတွေ မြင်ရတော့ သူ့ရင်ထဲ အေးချမ်းသွားသလိုပဲ။

"ဟုတ်တယ်နော် မှီ၊ နှင်းတွေကျနေတာ ကိုယ်တောင် သတိမပြုမိဘူး၊ နှင်းပြောမှပဲ"

"ကိုမင်းက အလုပ်သိပ်များတာကိုး"

တစ်နှစ်ဆိုသော အချိန်မှာ မင်းလကျ်ာကြောင့် ကုမ္ပဏီ





သည် သိသာစွာတိုးတက်ခဲ့၏။

မောင်မရှိတဲ့နောက် သူမသည်လည်း အလုပ်ထဲမှာသာ စိတ်အာရုံကို နှစ်ကာ ကြိုးစားခဲ့၏။ ယခုတော့ မောင်နှင့်ပတ်သက်၍ သူမစိတ်တွေ တည်ငြိမ်စပြုပါပြီ။

"ကိုယ် ဒီလိုကြိုးစားတာ မှီအတွက်လေ"

"အို"

"ဟုတ်တယ် မှီ၊ ဒက်ဒီနဲ့မာမီကတော့ ကိုယ်တို့အကြောင်း ရိပ်မိနေပြီ၊ ကိုယ့်ကို မှီဘက်က အဖြေပေးဖို့ပဲ လိုတော့တယ်"

မင်းလကျ်ာက ပြောရင်း သူမ၏ လှပသောမျက်နှာလေးကို ရှုန်းရှုန်းစားစားကြည့်သည်။

သူမ မျက်လွှာလေးချလိုက်၏။ မောင့်အတွက် သူမခံစားခဲ့စဉ်က မင်းလကျ်ာသည် အကောင်းဆုံး အားပေးဖော်သူငယ်ချင်း ဖြစ်ခဲ့၏။

"မောင့်ကြောင့် မှီရင်ထဲ ဘယ်လောက် ကြေကွဲထိခိုက်နေမယ်ဆိုတာ သိပါတယ်၊ ဒါကြောင့် မှီတစ်ယောက်တည်း မခံစားပါနဲ့၊ ကိုယ့်ကို ရင်ဖွင့်ပြီး ပြောပြပါ၊ ကိုယ်တို့ အတူခံစားကြတာပေါ့ မှီ"

တစ်ယောက်တည်း ခံစားနေမည်ဆိုလျှင် ပို၍ရင်နာရမှာ



www.burmeseclassic.com

www.burmeseclassic.com



မို့ သူမအတွက် မင်းလကျ်ာက တံခါးဖွင့်ပေးခဲ့၏။

ထို့ကြောင့် မောင့်အကြောင်းတွေထဲမှ အမှတ်တရ အဖြစ်အပျက်တွေကို သူမက မင်းလကျ်ာအား ဖွင့်ပြောရင်းမှ မျက်ရည်ကြားမှ ပြုံးနိုင်ခဲ့သည်။

မင်းလကျ်ာက သူမအပေါ် အစ်ကိုရင်းတစ်ယောက်လို အားပေးနှစ်သိမ့်ခဲ့၏။ ထိုအချိန်တွေ အတော်ကြာခဲ့သည်။

ယခုတော့ မင်းလကျ်ာမှ သူမကို လက်ထပ်ခွင့်တောင်းထားလေပြီ။ မိဘတွေကိုယ်တိုင်က မင်းလကျ်ာချစ်တာ ဘယ်သူ့ကိုလည်းဟု သိရပြီးနောက် ဒေစီနိုင်နဲ့ စကားမပြောတော့ပေ။

"ကျွန်တော် အလုပ်အပေါ်မှာလည်း အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်၊ ဒါကြောင့်မို့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ကျွန်တော်ချစ်တဲ့သူကိုသာ လက်ထပ်ခွင့်ပေးပါ ဒက်ဒီ"

ဦးမင်းညဏ်ရှေ့မှာပဲ မင်းလကျ်ာက ပွင့်လင်းစွာ ခွင့်တောင်းခဲ့၏။ သည်တော့ မိဘစကား တစ်လျှောက်လုံးနားထောင်လာသော မင်းလကျ်ာအတွက် ဦးမင်းညဏ် စဉ်းစားရပြီ။

ဒေါ်အေးမီကလည်း သားဖြစ်သူဘက်မှ။

"ဟုတ်တယ် ဒက်ဒီကြီး၊ သားဟာ ဒက်ဒီကြီးဆန္ဒကို တစ်လျှောက်လုံး နားထောင်ခဲ့တယ်၊ ဒီတစ်ခါတော့ သူ့ဆန္ဒအတိုင်း





ခွင့်ပေးလိုက်ပါ"

"အင်းလေ...မင်းတို့သားအမိက တစ်ဖက်ဖြစ်နေမှတော့ ကျုပ် ခွင့်ပြုရမှာပေါ့၊ ကဲ...ငါ့သားချစ်သူကိုသာခေါ်ခဲ့"

"ဗျာ...တကယ်လား ဒက်ဒီ"

မယုံသလို မင်းလကျ်ာမေးတော့ ဦးမင်းညဏ် ပြုံးပြုံးကြီး ခေါင်းညိတ်၏။

"ဒက်ဒီက ဆုံးဖြတ်ပြီးတဲ့စကားကို ဘယ်တုန်းက ပြန်ပြင်ဖူးလို့လဲ သား"

"ဒါဆို ကျွန်တော်ဝမ်းသာသွားပြီ ဒက်ဒီ၊ ကျွန်တော့်ချစ်သူကို ဝေးဝေးသွားခေါ်နေစရာ မလိုပါဘူး ဒက်ဒီ၊ ကျွန်တော်ချစ်တဲ့သူက မီဝါပဲ"

"ဟင်"

"အို"

သူမကိုရှေ့ထားပြီး မင်းလကျ်ာပြောတော့ မျက်နှာလေး ရဲခနဲဖြစ်သွား၏။ အစကတည်းက ရိပ်မိနေသော ဒေါ်အေးမီကတော့ အံ့ဩဟန်မပြပါ။

ဦးမင်းညဏ်မှာသာ အနည်းငယ် အံ့ဩသွားရသည်။ အချိန်တွေ ဘယ်လောက်ကြာပေမယ့် မင်းလကျ်ာ စိတ်ဓာတ် မိုင်မြဲ



www.burmeseclassic.com

www.burmeseclassic.com



ကာ ချိုးကျူးစရာပါလား။

"ကျွန်တော်နဲ့ မိုကို လက်ထပ်ခွင့်ပေးပါ ဒက်ဒီနဲ့မာမီ"

သူမလက်လေးကိုဆွဲ၍ ဆုပ်ကိုင်ကာ မင်းလကျာ ခွင့်တောင်းသည်။ ဒေါ်အေမီကတော့ မြပွန်းမိုကို အစကတည်းက သမီးလေးလိုချစ်တာမို့ အထူးပြောစရာမလို။

"မာမီကတော့ မိုလေးကို ချစ်ပြီးသားပဲ၊ သားနဲ့ပတ်သက်ပြီး သမီးအဖြစ် တစ်သက်လုံး မခွဲဘဲနေရမယ်ဆိုတော့ အင်မတန်ဝမ်းသာစရာဖြစ်နေပြီ"

ဒေါ်အေမီစကားကြောင့် မင်းလကျာ ပြုံးသွား၏။ ထို့နောက် ဦးမင်းညဏ်ဘက် ကြည့်လိုက်သည်။

"အင်း…ငါ့သားက ဒီလောက်ဆန္ဒရှိနေမှတော့ မြပွန်းမိုနဲ့ သဘောတူရမှာပေါ့လေ၊ ခုချိန်ကစပြီး မြပွန်းမိုဟာ ဒက်ဒီ့သမီးဖြစ်ပါပြီကွယ်"

"ဟာ…ဝမ်းသာလိုက်တာ ဒက်ဒီရယ်၊ မို…မို ကြားတယ်နော်၊ ဒက်ဒီနဲ့ မာမီက ကိုယ်တို့ကို သဘောတူတယ်တဲ့"

"အို"

အမှန်ပြောရလျှင် ဒီကိစ္စဟာ ဝမ်းသာကျေနပ်စရာကောင်းပေမယ့် ယနေ့ထက်တိုင် မောင့်ကို မမေ့ပျောက်နိုင်သေးသော





သူမမှာ မင်းလကျာအတွက် ရင်ထဲနေရာမရှိသလိုပါပဲ။

"ကဲ…သမီးနဲ့သားကို မာမီတို့ အကောင်းဆုံး၊ အစည်ကားဆုံး မင်္ဂလာပွဲလုပ်ပေးမယ် ဟုတ်လား"

မြပွန်းမိုမျက်နှာကို ပြုံး၍ကြည့်ကာ ဒေါ်အေမီ ပြော၏။ သူမခေါင်းလေး ဆတ်ခနဲ မတ်သွားလျက်…

"ဟို…မာမီ မို…မိုနဲ့ကိုမင်း အေးအေးဆေးဆေး တိုင်ပင်ပါရစေဦးနော်"

"အေး…ဒါတော့ဟုတ်ရာယ်၊ သူတို့လူငယ်ချင်း စိတ်ကြိုက်တိုင်ပင်ကြပါစေဦး မအေမီ"

ဦးမင်းညဏ်ဝင်ပြောမှ သူမ သက်ပြင်းချနိုင်ခဲ့၏။ မင်းလကျာနှင့် နှစ်ယောက်တည်း တွေ့ကြသည်။

"တကယ်ဆို ဒီလိုကိစ္စမျိုးကို ကိုမင်းအနေနဲ့ မိုဆီ အရင်ခွင့်တောင်းသင့်တာမဟုတ်လား"

"မိုရင်ထဲမှာ ဘယ်သူရှိနေတယ်ဆိုတာ ကိုယ်သိနေတာပဲ၊ ဒီတော့ ကိုယ့်ဘက်က ချစ်ဖို့လိုတယ် မို၊ ဒါကြောင့် မိုငြင်းလို့မရအောင် ဒက်ဒီတို့ရှေ့မှာ ခွင့်တောင်းလိုက်တာပဲ"

မင်းလကျာဘက်မှ တွေးကြည့်လျှင် ကွက်လပ်မရှိသော သူမရင်ထဲ ဝင်ရောက်ဖို့ဆိုတာ မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ကိုယ်ချစ်တဲ့သူကို ရင်ခွင်ထဲ တွေးပွေ့နိုင်ဖို့သာ အဓိကဖြစ်၏။

"မိုက မောင်နဲ့ပတ်သက်ပြီး သိပ်ခံစားခဲ့ရတာ ကိုမင်း သိတယ်နော်၊ အဲဒီခံစားချက်ဟာ တစ်သက်လုံးအတွက် ဖြစ်ရင်လည်း ဖြစ်သွားနိုင်တယ်၊ ကိုမင်း ခွင့်လွှတ်နိုင်ပါ့မလားဟင်"

ထိုအမေးကြောင့် မင်းလကျာ ပြုံး၏။ သည်နောက် သူမ ပခုံးလေးကို ဖျတ်ခနဲ ဆုပ်ကိုင်၏။

"ဒီမှာ မို၊ လောကမှာ မရှိတော့တဲ့ လူတစ်ယောက်အပေါ် မို ခံစားတာပဲ၊ ကိုယ် ဒီလောက် သဘောထားမသေးသိမ်ပါဘူး ကွယ်၊ အဓိက မိုသာ မောင့်အနား တစ်သက်လုံးရှိနေဖို့ပါပဲ"

"အိုကွယ်"

သေချာတွေးကြည့်လျှင် သူမအပေါ်ထားသော မင်းလကျာ၏ မေတ္တာစေတနာ အားကလည်း ကြီးလွန်းတာမို့ ခေါင်းခါဖို့ဆိုတာ ခဲယဉ်းလှသည် မဟုတ်လား။

✵ ✵



မကြာခင် မြေပြင်ပေါ်သို့ လေယာဉ်ဆိုက်ရောက်လာတာနှင့် ခရီးသည်များ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။ ထိုအထဲမှာတော့ ဆူးခြားစွာ ငြိမ်သက်နေသူတစ်ဦး ရှိသည်။

ထိုလူကတော့ စိုပြည်သောအသားအရေနှင့် ယောကျ်ားပီသစွာ ချောမောသည့် လူတစ်ယောက်။ အနောက်တိုင်းဝတ်စုံပြည့်ဖြင့် နေကာမျက်မှန် အနက်ကို တပ်ဆင်ထား၏။

"ဆရာ...ရောက်ပါပြီ"

အနားတွင် အဖော်အဖြစ် လိုက်ပါလာသော အသက်လေးဆယ်ဝန်းကျင် အရွယ်ရှိလူက ခရီးသည်များကြားမှာ ငြိမ်သက်စွာထိုင်နေသည့်သူကို သတိပေးလေ၏။

သည်တော့မှ ငြိမ်သက်စွာထိုင်နေသော ထိုလူက ဖြည်းညှင်းစွာ ထရပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဩော်…ဘာလိုလိုနဲ့ သူ မြန်မာပြည်ကို ခွဲခွာခဲ့တာ တစ်နှစ်ခန့်ရှိပါပြီကောလား။ မျက်မှန်ထဲမှတစ်ဆင့် ပထမဆုံး မြင်ရသော မြန်မာပြည်၏ ရှုခင်းကို လှမ်းကြည့်မိသည်။

ထိုအခိုက် သူ့ရင်ထဲ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရလျက် နင့်ခနဲ ဖြစ်သွား၏။

မှီရယ်…

သည်အချိန်လောက်ဆို မင်းတစ်ယောက် ကိုယ့်ကို စိတ်ဘယ်လောက်နာနေမလဲကွယ်။

သူ သက်ပြင်းတစ်ချက်ချကာ ခရီးသည်များ နောက်ဆုံးမှ ဆင်းခဲ့လေ၏။ လေဆိပ်ထဲရောက်တာနှင့် သူ့ကို အသင့်စောင့်ကြိုနေသော လူနှစ်ဦး။

"သူဌေးလေးကို ဆရာကြီးက အကြိုခိုင်းလိုက်ပါတယ် ခင်ဗျာ"

ထို့နောက် လေဆိပ်အပြင်ဘက် ရောက်တာနှင့် အသင့်ရပ်ထားသော နောက်ဆုံးပေါ် မာစီးဒီးကားနက်ကြီး၏ တံခါးကို သူ့အတွက် အဆင်သင့်ဖွင့်ပေးလေသည်။

"သူဌေးကြီးရဲ့ အခြေအနေက ဘယ်လိုလဲ"





ပထမဆုံး သူ့ထံမှ ထွက်ပေါ်လာသောအသံ။ လာကြိုသောလူက ရိုသေစွာ ပြောလေ၏။

"သူဌေးလေးကို စောင့်နေပါတယ် ခင်ဗျာ"

"ဩော်"

သူ့အသံက ခပ်လေးလေး။ မျက်ဝန်းထဲမှာ လွန်ခဲ့သော တစ်နှစ်က သူဌေးဦးသူရ၏ အသက်ကို ကယ်လိုက်ပုံများ မြင်ယောင်မိသည်။

ငပလီရှိ မှီဆီသွားခါနီးမှာ ဦးသူရ ရုတ်တရက် မူးလဲပုံ၊ သူ အချိန်မီ ဆေးရုံသို့ ကားဖြင့်ပို့ပေးရင်း လမ်းမှာ အက်ဆီးဒင့် ဖြစ်ခဲ့၏။

နောက်ခန်းထဲမှာရှိသော ဦးသူရမှာ ကံကောင်း၍ ဘာမှ မဖြစ်ပေမယ့် သူကတော့ ဒဏ်ရာပြင်းထန်စွာ ရခဲ့လေ၏။

ထိုဒဏ်ရာများကို ကုသရန်အတွက် သူ့ကို ဦးသူရက နိုင်ငံခြားပို့၍ ဆေးကုစေသည်။

"မင်းဟာ ငါ့အသက်ကို ကယ်ရင်း ဒီလိုဖြစ်တာမို့ ငါ့မှာ လုံးဝတာဝန်ရှိတယ် မောင်၊ ပြီးတော့ မင်းက ငါ့ရဲ့အသက်သခင် တွေးစရာမလို့ ဒါကြောင့်မို့ မင်းအတွက် ဘယ်လောက်ပဲ ကုန်ကျပါ



www.burmeseclassic.com

www.burmeseclassic.com



စေ ငါပေးဆပ်မယ်''

တာဝန်ရှိသူများက ဦးသူရကို ဆက်လက်ပြီး ဆေးရုံအရောက် ပို့ပေးနိုင်ခဲ့သည်။ သူကတော့ လုံးဝသတိလစ်လျက်။

တစ်ပတ်လောက်ကြာ၍ ဆေးရုံမှ သူသတိရစဉ် ဦးသူရထိုသို့ပြောလာပြီး နိုင်ငံခြားသို့ ပို့ပေးခြင်းဖြစ်၏။

အထူးသဖြင့် သူ့မျက်နှာ။

သူ့မျက်နှာမှာ ဒဏ်ရာများစွာရလိုက်တာမို့ ပလတ်စတစ်ဆာဂျရီ ပြုလုပ်ရလေသည်။ တခြားဒဏ်ရာများကိုလည်း ဆေးကုရင်း ဆေးရုံမှာပဲ အချိန်အတော်များများ ကုန်ဆုံးခဲ့လေ၏။

''ငါ့မှာ သားသမီးရင်းဆိုတာ မရှိဘူး မောင်၊ ငါ့ရဲ့အသက်ကို ကယ်လိုက်တဲ့မင်းဟာ ငါ့သားပဲ၊ ဒါကြောင့် နိုင်ငံခြားမှာရှိတဲ့ ကုမ္ပဏီခွဲကို မင်းတာဝန်ယူပါ''

''ကျွန်တော် နိုင်ငံခြားမှာ မနေနိုင်ဘူး၊ မိုဆီ အချိန်ရှိသွားရမယ်''

ဟု ဆိုရလောက်အောင်လည်း အချိန်များစွာ နောက်ကျခဲ့ပြီ။ အလွန်အရေးကြီးသော မိန်းမသားတစ်ယောက်၏ အခါအချိန်မှာ သူ့ဘက်မှ ခွင့်လွှတ်လို့ မရအောင် ဖျက်ကွက်ခဲ့တာမဟုတ်





လား။

''ကျွန်တော့်ကို ကျေးဇူးရှင်တစ်ယောက်လို အနေခက်အောင် မသတ်မှတ်ပါနဲ့ သူဌေး၊ ဒါပေမယ့် သူဌေးအတွက် လိုအပ်နေတယ်ဆိုရင်တော့ ကျွန်တော် တာဝန်ယူပါ့မယ်''

''မင်းရဲ့ အဲဒီစိတ်ဓာတ်တွေကို ငါသဘောကျတာပဲမောင်၊ ဟုတ်တယ်၊ ငါ့အတွက် မင်းလိုအပ်တယ် မောင်''

ဦးသူရကလည်း ထိုသို့ပွင့်လင်းစွာ ပြောခဲ့၏။ သည့်အတွက် သူ နိုင်ငံခြားမှာ နေခဲ့၏။ သို့သော် ရင်ထဲမှာ အချိန်နှင့်အမျှ သတိရနေတာက မိုကိုလေ။

မိုရယ်…

မောင့်ဘဝ အသက်ရှိနေသ၍ အမြဲတမ်း သတိရတာမ်းတနေမယ့် မိန်းကလေးဟာ မင်းပါကွယ်။

ယခုတော့ သူမရှိရာ မြန်မာပြည်သို့ သူ ပြန်ရောက်ခဲ့ပြီ။ မြန်မာပြည်သို့ ရောက်တာနှင့် သူ့ရင်ထဲမှာ အရင်ဆုံး တွေ့ချင်မိသူကာမိုကိုလေ။

သို့သော်…

''အိမ်ကိုရောက်ပါပြီ သူဌေးလေးခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



သူ မည်မျှ အတွေးလွန်နေတယ်မသိ ကား ငြိမ့်ခနဲထိုးရပ်သွားမှ ပတ်ဝန်းကျင်ကို သတိပြုမိတော့ တကယ်ပဲ ခန့်ညားထည်ဝါသော သူဌေးကြီး ဦးသူရ၏ တိုက်ကြီးရှေ့ ရောက်နေပြီ။

ဖွင့်ပေးသော ကားတံခါးမှတစ်ဆင့် သူဆင်းလိုက်သည်။ ထို့နောက် အသင့်စောင့်ကြိုနေသော လူနှင့်အတူ အိမ်ထဲသို့ ဝင်ခဲ့သည်။

"သူဌေးကြီးရဲ့ အခန်းက အပေါ်ထပ်မှာပါခင်ဗျာ"

သူ တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသော ဦးသူရ၏ တိုက်ကြီး အင်မတန် ကြီးကျယ်ခမ်းနားလှပါလား။ သို့သော် ဒီလောက်ကောင်းမွန်တဲ့ တိုက်ကြီးမှာ ဦးသူရသည် တစ်ယောက်တည်း နှစ်ပေါင်းများစွာ အထီးကျန်နေခဲ့ရ၏။

တကယ်တော့ လူ့လောကရဲ့ စိမ်ခံပစ္စည်း အသုံးအဆောင်တွေဟာ ဦးသူရကို စစ်မှန်တဲ့ ပျော်ရွှင်မှုများ မပေးနိုင်ခဲ့ပါ။

"ဒီအခန်းပါပဲ ခင်ဗျာ၊ သူဌေးကြီး စောင့်နေပါတယ်"

သူ့ကိုလိုက်ပို့သော လူက အခန်းပြင်ဘက်မှာ ကျန်ခဲ့သည်။ သူ တံခါးကို ညင်သာစွာတွန်းဖွင့်၍ ဝင်လိုက်၏။

ကြည့်စမ်း…အီတလီဖြစ် ကော်ဇောအကောင်းစားကြီးများ





လှပစွာခင်းထားသည့် အခန်းကျယ်ကြီးထဲမှာ အကောင်းစားခုတင်၊ အကောင်းစား မွေ့ယာနှင့် ဖြူလွနုညက်သော အိပ်ရာထက်ဝယ် လှဲခဲ့သည့် တစ်နှစ်ကနဲ့မတူအောင် အိုစာကျသွားတဲ့ ဦးသူရ။

"သူဌေး ကျွန်တော်ရောက်ပါပြီခင်ဗျာ"

မျက်ဝန်းအစုံ မှိတ်ထားသော ဦးသူရမှာ သူ၏ညင်သာတိုးဖျော့သည့် အသံကို ကြားသွားတဲ့အလား ဖြည်းညှင်းစွာ မျက်လုံးကို ဖွင့်လာ၏။

"မောင်"

"သူဌေး"

သူက အရိုးဖြိုင်ဖြိုင်ဖြစ်နေသော ဦးသူရ၏လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"ဘယ်လိုဖြစ်သွားရတာလဲ သူဌေးရယ်၊ ဒီလောက်တောင်ပဲ"

သူ စိတ်မကောင်းစွာ ဆိုတော့ ဦးသူရ ဖျော့တော့တော့ ပြုံးသည်။

"ရောဂါနှိပ်စက်လာတော့ ဒီလိုပေါ့ကွယ်၊ မင်းကို ဒီလို ကျန်းကျန်းမာမာ ကောင်းကောင်းမွန်မွန် တွေ့ရတာ ငါ…ငါ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ဝမ်းသာတယ်၊ မောင်”

“သူဌေးရယ်…ကျွန်…ကျွန်တော်လည်း သူဌေးကိုတွေ့ရတာ”

‘ဝမ်းသာပါတယ်’ဟု သူဘယ်လိုဆက်ပြောနိုင်မှာလဲ။ အရိုးပေါ်အရေတင်နေသည့် လူမမာတစ်ယောက် မဟုတ်လား။

“မင်းဘယ်လိုခံစားရမယ်ဆိုတာ ငါသိပါတယ် မောင်၊ ဒါ…ဒါပေမယ့် အချိန်မရှိဘူး၊ မင်း…မင်းကို ငါ့သားအဖြစ်မွေးစားခဲ့ပြီ၊ ဒါ…ဒါကြောင့် မင်းအတွက် ငါ့ပစ္စည်းတွေအားလုံး ပေး…ပေးခဲ့”

“ဟင်…သူဌေး”

စကားမဆုံးခင်မှာ ဦးသူရတစ်ယောက် အသက်ပျောက်ခဲ့လေပြီ။ ခရီးမှရောက်မဆိုက် စိတ်ထိခိုက်စွာ ခံစားရတာက မောင်း

သူဌေးရယ်။

ကျွန်တော့်အပေါ် ဒီလောက်ကောင်းခဲ့ပါလျက်နဲ့ ကျွန်တော်ဘက်က သူဌေးကို ဘာမှမတုံ့ပြန်လိုက်ရပါလားဗျာ။

ထာဝရငြိမ်သက်သွားသော ဦးသူရမျက်နှာကို ကြေကွဲစွာ စိုက်ကြည့်ရင်း သူ စိတ်ထိခိုက်စွာ ရှေ့ရွတ်မိတော့၏။





“တကယ်တော့ ဆရာကြီးဟာ သူဌေးလေးအလာကို အားတင်းပြီး စောင့်နေခဲ့တာပါ ခင်ဗျာ”

ဦးသူရ၏ ဈာပနကို အကောင်းဆုံးဖြစ်အောင် သူ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထိုကိစ္စပြီးသည့်နောက် ဦးသူရ၏ မိသားစုရှေ့နေကြီးက သူ့ကို စာချုပ်စာတမ်းများနှင့်တကွ ပစ္စည်းစာရင်း အပ်လေ၏။

“ကျွန်တော် ဒါတွေမမက်ပါဘူးဗျာ”

စိတ်ထိခိုက်စွာ သူပြောမိသည်။ ရိုးသားဖြောင့်မတ်သော ရှေ့နေကြီးက သူ့ကိုနှစ်သိမ့်သည်။

“ဦးသူရရဲ့ဆန္ဒ ပြည့်ဝစေချင်ပါတယ် မောင်”

ထိုစကားတစ်ခွန်းနဲ့ပင်၊ သူဘာမှမပြောသာလေတော့။ ဦးသူရက သူ့အတွက် တကယ့်ဖခင်ရင်းတစ်ယောက်လိုပါပဲလား။

❋ ▯ ❋



www.burmeseclassic.com

www.burmeseclassic.com

သူသည် ပြတင်းပေါက်မှာ ကျောခိုင်းရပ်လျက် ခြံထဲမှ လှပသော ရောင်စုံပန်းပွင့်များ၊ ဂျပန်မြက်ခင်းစိမ်းစိမ်းတို့အလယ်မှာ ရေသူမကျောက်ရုပ်ရေပန်းဖွာတို့က လှပစွာရှိလျက်။ ဩော်.. ယခုတော့လည်း ဘဝဟာ အိပ်မက်ပမာ ဖြစ်သွားပါလား။

သူဌေးကြီး ဦးသူရ၏ အမွေအားလုံးကို တစ်ယောက်တည်း ဆက်ခံလိုက်ရသော မောင် ဖြစ်ခဲ့လေပြီ။

သည်လို ပြည့်စုံကြွယ်ဝတဲ့အချိန်မှာ သူအတမ်းတရဆုံးလူက ဘဝတစ်သက်တာတွင် ဘယ်လိုမှ မေ့၍မရသည့် မိုကိုလေ။

မိုရယ်...

ကိုယ့်ရဲ့ဘဝမှာ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲ ပြည့်စုံစွာရှိပါစေ မင်းမရှိရင် အားလုံးဟာ အဓိပ္ပါယ်မရှိပါဘူးကွယ်။

ထိုစဉ် ညင်သာသော တံခါးဖွင့်သံနှင့်အတူ လူ





တစ်ယောက်ဝင်လာသည်။

"ကျွန်တော်ရောက်ပါပြီ သူဌေး"

နောက်ပါးမှအသံကြောင့် သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ သူ၏လူယုံတော် ဦးမြ။

"ကျွန်တော်စုံစမ်းခိုင်းတာ သိလာပြီလား ဦးမြ"

သူ အလောတကြီး မေးလာသည်။ ဦးမြက သူ့ကို စိတ်မကောင်းစွာ တစ်ချက်ကြည့်ပြီး ခေါင်းညိတ်၏။

"ဟုတ်ကဲ့ သိလာပါပြီ သူဌေး"

"ဒါဆို...သူ...သူ ခုဘယ်မှာလဲ ဦးမြ"

မြယွန်းမိုနှင့် ပတ်သက်ပြီး သိဝ်စိတ်လှုပ်ရှားနေဟန်။ ထို့ကြောင့် ဦးမြ သက်ပြင်းချသည်။

"ကျွန်တော် စိတ်မကောင်းပါဘူး သူဌေး၊ ဒီနေ့ပဲ သူဌေး စုံစမ်းခိုင်းထားတဲ့ မမလေးမြယွန်းမိုဟာ ကုမ္ပဏီပိုင်ရှင်သူဌေးလေး မင်းလက်ျာနဲ့ လက်ထပ်လိုက်ပါပြီ"

"ဗျာ...ဘာ...ဘာပြောတယ် ဦးမြ၊ မို...မိုက မင်းလက်ျာနဲ့ လက်ထပ်လိုက်ပြီ ဟုတ်လား"

သူ ချောက်ချားစွာ မေးရင်း ဦးမြရှေ့သို့ တစ်လှမ်းတိုး



www.burmeseclassic.com

www.burmeseclassic.com



သွားမိသည်။

"ဟုတ်…ဟုတ်ပါတယ် သူဌေး၊ ခုချိန်ဆို မင်္ဂလာပွဲ ကျင်းပနေပါပြီ"

"ဗျာ"

ရုတ်ခနဲ သူ့ကိုယ်ကြီး ယိုင်ခနဲဖြစ်သွား၏။

"သူဌေး သတိထားပါ"

ဦးမြ သတိပေးမှ သူ့စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားသည်။

"ခင်…ခင်ဗျား စုံစမ်းလာတဲ့သတင်းဟာ မှား…မှားများနေလား ဦးမြ၊ သေ…သေချာအောင် စုံစမ်းပါဦး"

မင်းလက်ဝှနှင့် မြပွင့်နှိုးမိုတို့ လက်ထပ်လိုက်တာကို သူ့စိတ်ထဲ မယုံကြည်ပေးချင်တာမို့ ထိုစကား ပြောလိုက်ခြင်းပါ။

ဦးမြက ခေါင်းခါယမ်းသည်။

"ကျွန်တော်ယူလာတဲ့သတင်းဟာ မမှားပါဘူးသူဌေး၊ သူတို့ ဘယ်မှာ မင်္ဂလာပွဲကျင်းပနေတာလဲဆိုတာကို ကျွန်တော် သိပါတယ် သူဌေး"

တကယ့်ကို သေချာနေပါလားဟု သူတွေးမိချိန် ရင်ထဲ





နာကျင်သွားရ၏။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးအနေနှင့် သူမမျက်နှာလေးကို သူတစ်ခေါက်လောက် မြင်ချင်သေးသည်။ ထို့ကြောင့်…

"ကျွန်တော့်ကို အဲဒီမင်္ဂလာပွဲ လိုက်ပို့ပေးပါ ဦးမြ"

ထိုစကားကြောင့် ဦးမြက သူ့ကို အံ့ဩသလို ကြည့်၏။

"ဖြစ်…ဖြစ်ပါ့မလား သူဌေး"

"ဖြစ်ပါတယ် ဦးမြ၊ ကျွန်တော် နောက်ဆုံးအနေနဲ့ မှိုမျက်နှာကို ကြည့်ရုံလေးပါ၊ တကယ်တော့ ကျွန်တော် ဒီကိုပြန်လာတာ မှို…မှို့ကို တွေ့ချင်လွန်းလို့ပါ"

ဒါဟာ သူ၏မှန်သောစကား ဖြစ်သည်။ ရောဂါဝေဒနာအားလုံး ပျောက်သွားပေမယ့် နှလုံးသားထဲက သူမကို သတိရတမ်းတစိတ်က ပိုနိုင်မြဲလာသည်။

"ကောင်းပါပြီ သူဌေး၊ ကျွန်တော် လိုက်ပို့ပါ့မယ်"

"ကျေးဇူးပဲ ဦးမြ"

ထို့နောက် ကားကို ဦးမြမောင်းနှင်လျက် မင်းလက်ဝှနှင့် မြပွင့်နှိုးမိုတို့၏ မင်္ဂလာပွဲကို သူတို့ထွက်ခဲ့ကြသည်။

ထရိုက်ဒါးဟိုတယ်တွင် ဖြစ်သည်။ မင်းလက်ဝှနှင့် မြပွင့်နှိုးမိုတို့၏ မင်္ဂလာပွဲမှာ လူကုံတံအသိုင်းအဝိုင်းဖြင့် အထူးစည်ကား



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။

သည့်ပွဲမှာ အပျော်ဆုံးကတော့ သတို့သားဖြစ်တဲ့ မင်းလက်ျာ။ နှစ်ပေါင်းများစွာ ကြိတ်ချစ်ခဲ့ရသော မိန်းမချောလေး မြယွန်းမှီကို ဘဝတစ်သက်တာအတွက် ပိုင်ပိုင်လက်တွဲခွင့် ရပြီ မဟုတ်လား။

"သတို့သမီးက လှလိုက်တာနော်"

"အို…သတို့သားကလည်း ချောပါတယ်"

"ဟုတ်တယ်…နှစ်ယောက်လုံး လိုက်ဖက်ညီတဲ့ စုံတွဲပဲ"

ပရိသတ်တချို့၏ တီးတိုးဝေဖန်သံများက မင်္ဂလာပွဲမှာ ထွက်ပေါ်နေသည်။ မင်းလက်ျာက အဖြူရောင်သတို့သမီးဝတ်စုံနှင့် မြယွန်းမှီကို ပြုံး၍ မကြာခဏ လှည့်ကြည့်၏။

"သတို့သားကြည့်ရတာ သတို့သမီးလေးကို တော်တော် ချစ်တဲ့ပုံပဲနော်"

ထိုစကားကို မင်္ဂလာပွဲသို့ နောက်ဆုံးမှဝင်လာသည့် မောင်က ကြားလိုက်ရပါ၏။ တကယ်ပဲ ညှို့ခံပွဲတစ်လျှောက် မင်းလက်ျာက မြယွန်းမှီကို ဂရုစိုက်ကြင်နာနေလိုက်တာ။

မှီရယ်…ဒီဝတ်စုံလေးနဲ့ မင်း သိပ်ကိုလှပါလားကွယ်။





အဖြူရောင် သတို့သမီးဝတ်စုံလေးနှင့် မှီကို စူးစူးစိုက်စိုက်ကြီး မောင် ငေးကြည့်ရင်း နှမြောတမ်းတသလို ရင်ထဲမှ မောင် ရေရွတ်မိ၏။

သူ့အကြည့်ကြောင့်လားမသိ ရုတ်တရက် မြယွန်းမှီ၏ မျက်လုံးများက သူ့ထံရောက်လာ၏။

"ဟင်"

"အို"

ပရိသတ်ကြားထဲမှာ မောင့်ကိုတွေ့လိုက်ရတာမို့ မြယွန်းမှီ မျက်စိတို့ မယုံချင်ပေ။

သည်နေ့ မင်းလက်ျာနှင့် လက်ထပ်နေပေမယ့် သူမစိတ်ထဲ အပြင်းအထန် သတိရနေတာက မောင့်ကိုလေ။

သူမ ဒီလိုသတိရနေ၍ မောင်တစ်ယောက် ကိုယ်ယောင်လာပြတာလား။

သို့သော် တကယ်ပဲ မောင်နှင့် သူမတို့ မျက်ဝန်းချင်း အတန်ကြာဆုံမိကြသည်။ မောင်က သူမကို ကြေကွဲစွာစိုက်ကြည့်နေ၏။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှ တိုးတိတ်စွာ ခေါ်ရင်း မင်းလက်ျာလက်ထဲက သူမလက်လေးကို ဖျတ်ခနဲ ဆွဲထုတ်ယူလိုက်၏။

"ဘာဖြစ်တာလဲ မှီ၊ ဘာဖြစ်လို့လဲဟင်"

မင်းလက်ျာက သူမ၏ ထူးခြားသောပုံလေးကို သတိထားကြည့်မိကာ မေး၏။ မြယွန်းမှီမှာ နှုတ်ဖြင့် မဖြေနိုင်ဘဲ မောင်ရှိရာ လက်ညှိုးလေးညွှန်လျက်...

"ဟို...ဟိုမှာ"

"ဘာလဲ မှီ၊ ဘယ်သူလဲ"

သူမ လက်ညှိုးညွှန်ရာသို့ မင်းလက်ျာ လိုက်ကြည့်လေသို့သော် မြယွန်းမှီပြသည့်နေရာမှာ မောင် မရှိတော့ပေ။

"ဘာကိုပြတာလဲ မှီ"

"အို...ဟင်...ဟင့်အင်း ဘာ...ဘာမှမဟုတ်ပါဘူး ကိုမင်းရယ်"

ရင်ထဲမှာ နာကျင်စွာဖြင့် သူမခေါင်းလေး ခါယမ်းလိုက်သည်။ မောင် တကယ်ပဲ သူမမြင်ကွင်းထဲက ပျောက်သွားလေပြီ။

ဒါဆို စောစောက မြင်လိုက်တာ သူမမျက်စိထဲ ယောင်များ၍လား။ အို...ဒါပေမယ့် တကယ်ပဲ သူမ မောင့်ကိုတွေ့လိုက်





ရတာပဲ။

မောင်ရယ်...

မင်းလက်ျာကို သူမရဲ့ ကျေးစူးရှင်တစ်ယောက်အနေနဲ့ လက်ထပ်လိုက်ပေမယ့် တကယ်တမ်း သူမရဲ့ နှလုံးသားဟာ မောင့်ဆီမှာ ကျန်ခဲ့ပြီလေ။

ကားထဲမှာ တိတ်ဆိတ်စွာ လိုက်ပါလာသော သူ့ကို ဦးမြ က မသိမသာ အကဲခတ်ကြည့်၏။ မျက်နှာကြီးနီလျက် မေးကြောကြီးများ ထောင်နေအောင် အံကြိတ်ထားသော သူ့ပုံစံက ယောက်ျား မို့ မငိုမိအောင် မနည်းကြိုးစားထားရဟန်။

မှီရယ်...

မင်းဘဝထဲမှာ မောင်ဟာ ကွယ်ပျောက်ခဲ့ပါပြီ။ မောင့်ကြောင့် မင်းရဲ့နှလုံးသားတွေ နောက်ထပ် မနာကျင်စေချင်တော့ဘူး။

ဒါကြောင့်...

မင်းမြင်လိုက်တဲ့ မောင်ဟာ တစ်ခဏ ကိုယ်ယောင်လာပြသလိုအဖြစ်နဲ့ ချက်ချင်းပြန်ခဲ့တာပါကွယ်။

မောင့်ကိုခွင့်လွှတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆုအဥ္စလီ

မှီရဲ့ဘဝတစ်လျှောက်လုံး မင်းလက်ျာနဲ့အတူ ထာဝရ အေးချမ်းပျော်ရွှင်နိုင်ပါစေလို့။ ထိုဆုတောင်းနှင့်အတူ ငယ်စဉ်က သူ ပထမဆုံးတွေ့ခဲ့ရသော ကောင်မလေးတစ်ယောက်ပုံစံအား ကြေကွဲစွာ မြင်ယောင်မိတော့သည်။

**နှလုံးမိတ်ဆွေ ငြိမ်းချမ်းပါစေ**

**ဆုအဥ္စလီ**



BURMESE CLASSIC

www.burmeseclassic.com